www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## မြစ်တစ်စင်း ချစ်ခြင်းဖြင့် ခန်းခြောက်စေ




အချစ်
လုံးချင်းဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ ဇန်နဝါရီလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး – ၁၆၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅ • ၈၃

မိုးစက်ပွင့်
မြစ်တစ်စင်း ချစ်ခြင်းဖြင့် ခန်းခြောက်စေ/ မိုးစက်ပွင့် –
ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၂၈၀ – စာ ၊ ၁၂ • ၃ × ၁၈ စင်တီ။
(၁) မြစ်တစ်စင်း ချစ်ခြင်းဖြင့် ခန်းခြောက်စေ

# မိုးစက်ပွင့်

# မြစ်တစ်စင်း ချစ်ခြင်းဖြင့် ခန်းခြောက်စေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"အမေ"

"အမေရေ . . . အမေ"

စတီးရောင်ပြောင်လက်နေသည့် ခြံတံခါးကိုလှုပ်ကာ "အမေ" လို့ တကြော်ကြော်ခေါ်နေသော ကလေးသုံးယောက်။ ဆင့်ကဲ ဆင့်ကဲ အရွယ်တွေမို့ အကြီးဆုံးကတော့ ဆယ့်ငါးနှစ်လောက်ရှိမည်။ အငယ်ဆုံးလေး၏ ငိုသံက အကြီးတွေထက် ပိုကျယ်မည်ထင်၏။

"အမေရေ . . . သားကို လာခေါ်ပါ"

"အမေ"

"အီး ဟီး . . . အမေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးက အငြိုးသန်သန်နှင့် မှန်းမောန်ဖွဲ့ရွာသွန်းနေလိုက်တာ တဝေါဝေါ။ လူမမယ်ကလေးတွေကို ညှာတာရကောင်းမှန်းမသိတဲ့ မိုး။ ကလေးတွေရဲ့ တစ်ကိုယ်လုံးစီမှာ ကြွက်စုတ်ကလေးတွေလို ဖြစ်လျက် မျက်ဝန်းမှာ မျက်ရည်မှန်းမသိ မိုးစက်မှန်းမသိ။

ဘာကြောင့် မိုးရေထဲမှာရပ်ပြီး အော်ခေါ်နေကြသလဲဆိုရင်—

ဒီမှာ ဒီအိမ်မှာ သူတို့အမေရှိနေသည်လေ။ သူတို့အဖေက ဦးသိန်းထိုက်အိမ်က အရိုင်ဘာဖြစ်ပြီး ယာဉ်တိုက်မှုဖြင့် ထောင်ကျသွားခဲ့ပြီ။ သူတို့အမေကို ဦးသိန်းထိုက်က လာခေါ်သွားခဲ့ပြီး ဒေါ်စကားဝါ ပြန်မလာသဖြင့် သားကြီးဖြစ်သူ သီဟက ဦးဆောင်ပြီး ဦးသိန်းထိုက် အိမ်သို့ လာခဲ့ကြခြင်းပါ။ ဒီကိုရောက်တော့ ခြံတံခါးက ပိတ်ထားၿပီ။

ဒါ ဘာသဘောလဲ။ သီဟ ယောက်ျားတန်မဲ့ မျက်ရည်ကျရတာသည် ညီလေးနဲ့ညီမလေးအတွက်။ ပြီးတော့ အမေ ဘာကြောင့် ပြန်မလာတာလဲဆိုတာ ဉာဏ်မီသလောက်တွေးကြည့်ပြီး ရင်ပူနေရသည်လေ။ အမေမရှိတော့ ကလေးတွေက တကျိကျိ။

ဘာလုပ်ရမလဲဆိုတာထက် အမေရှိနေမည့်နေရာကို ပြေးလာခဲ့တာ ခြံတံခါးက ပိတ်လျက်။ အော်ခေါ်နေရတာလည်း အာခေါင်တွေ ခြောက်ပြီး လည်ချောင်းတွေနာလာသည်အထိ။ အမေက ဘယ်မှာလဲ။ အမေ ဘယ်မှာလဲ အမေ။

"အမေ"





"အမေရေ . . . အမေ ဒီအိမ်မှာရှိလား။ ထွက်လာခဲ့ပါ အမေရယ်။ ညီမလေးနဲ့ညီလေးက ငိုနေတယ် အမေရဲ့။ အမေမရှိရင် သားတို့ ဘယ်သူ့ကို အားကိုးရမှာလဲ။ အမေ"

"အမေ သမီးတို့ကို မထားခဲ့ပါနဲ့။ အမေပြန်လာခဲ့ပါ အမေ"

"အမေ . . . အီး ဟီး ဟီး"

"ဟော့ . . . ကလေးတွေ ဆူညံ ဆူညံနဲ့ ဘာလို့ အော်ငိုနေကြတာလဲ။ ဒါ . . . မသာအိမ်မဟုတ်ဘူး။ ထွက်သွားကြစမ်း"

"ဦးလေး . . . ဒီအိမ်က ဦးသိန်းထိုက် အမေ့ကို လာခေါ်သွားတာ။ အမေ့ကို ခေါ်ပေးပါဗျာ။ အမေ ကျွန်တော်တို့ဆီကို ပြန်မလာလို့ လိုက်လာတာ။ ခေါ်ပေးပါ ဦးလေးရယ်နော်"

"မင်းတို့အမေ ဒီအိမ်မှာ မရှိဘူး။ ထွက်သွားကြ"

"ရှိပါတယ်၊ အမေ ဒီမှာရှိတာ ကျွန်တော် သိတယ်။ ကျွန်တော်တို့ကို တံခါးဖွင့်ပေးပါ"

"မဖွင့်ဘူး။ မရှိဘူးလို့ပြောနေတာ မကြားဘူးလား"

"ကျွန်တော်တို့ကိုသနားပါ ဦးလေးရယ်။ အမေ့ကိုခေါ်ပေးပါ။ အမေမရှိရင် ကျွန်တော်တို့ ဘယ်လိုနေရမှာလဲ။ ညီလေးနဲ့ ညီမလေးတလည်း အမေမရှိလို့ ငိုနေကြတာ ဦးလေးရဲ့"

"ငိုရင် ပါးစပ်ကို အဝတ်နဲ့ဆို့ထားလိုက်။ သွား သွား ဖော်ဆော်ရှုပ်တဲ့ကလေးတွေကွာ . . . တောက်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ခါးကိုငွင်ပြီး သူတို့ကိုတွန်းလွှတ်နေသော်လည်း အငယ်လေးဂီတာက ငိုတိုးပြီး မြဲထဲသို့ အတင်းဝင်သွားလေလျှင် –

"ဟဲ့ ... ကလေး ... တွာ ဖောက်"

"လုပ်ရရင် သေတော့မှာပဲ"

လူကြီးတစ်ယောက်က ဂီတကို အတင်းလိုက်ဖမ်းနေစဉ် ကျန်တစ်ယောက်က သီဟာနဲ့သီချင်းကို အပြင်ရောက်အောင် တွန်းထုတ်နေ၏။

"အမေရေ ... အီး ဟီး"

ဂီတက ကလေးပီပီ သူ့ကိုချုပ်ထားသော လက်ကို ကိုက်ဆွဲလေလျှင် –

"အား"

"အမေ"

"ဒီကလေး ... ကဲကွာ"

"ဖြန်း"

"အား ... အမေရေ"

"ဖြန်း"

"အား"

"ညီလေး"

လူကြီးရဲ့လက်ထဲမှာ ဂီတ အရိုက်ခံနေရသဖြင့် သီဟာ





ရှန်းပေမယ့်မရ။ သူတို့ကို ချုပ်ထားတဲ့ လူကြီးလက်ထဲမှာ သူနဲ့သီချင်းလည်း ယက်ကန်ယက်ကန် ဖြစ်နေရသည်။

"ကိုကြီး"

"ညီလေး"

"ဟော့ ... ရင်မောင်နဲ့ အောင်ထွန်း"

"ဗျာ ... ဆရာ"

"အဲဒီကလေးတွေကို ဆွဲထုတ်သွားစမ်း"

"ဟုတ်ကဲ့"

"လာကြစမ်း"

"မလိုက်ဘူး၊ မလိုက်ဘူး အမေရေ"

"ဟာ ... ဒီကလေးတွေ၊ ကဲကွာ"

လူကြီးနှစ်ယောက်က သူတို့မောင်နှမသုံးယောက်ကို ရိုက်နေတာ မညှာမတာ။ ကြွင်နာခြင်းကင်းမဲ့၍ သားသမီးချင်း၊ ကိုယ်ချင်းစာတတ်သူတွေမှာ နှလုံးသားမှရှိကြရဲ့လား။ လူတွေရော ဟုတ်ကြရဲ့လား။ ဂီတကိုဆွဲထားတဲ့ လူက ဂီတကိုယ်လေးကို လွှဲပစ်လိုက်လေလျှင် –

"အား"

ဂီတကိုယ်လုံး မြဲပြင်ကိုရောက်လာပုံမှာ ပုစွန်ထုပ်ကလေးလို အကွေးလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"သာ။ သစီး"

"ဟင် . . . အမေ"

"တော့ . . . မသွားနဲ့"

"ဖယ် . . . လူယုတ်မာကြီး လွှတ်"

"လာစမ်း"

"ကျွန်မကလေးတွေကို ဘာမှမလုပ်နဲ့နော်၊ ဖယ်ကြ"

"အမေ"

"ကျိုင်း"

"အား"

အမေ့ကိုမြင်တာနှင့် ခြံထဲ ပြေးဝင်ဖို့လုပ်တဲ့ ဂီတ။ ကျိုင်းခနဲ တံခါးပိတ်တာနှင့် ဆောင့်မိပြီး နဖူးမှသွေးတွေ ရဲခနဲ ဖြစ်သွားသည်။ သီဟနဲ့သီချင်း ကြောင်သွားပြီးမှ –

"ဂီတ"

"ဟော့ . . . ဝါဝါကို လာဆွဲခေါ်ကြစမ်း"

"မလိုက်ဘူး"

သီဟတို့မောင်နှမက ဂီတကို ပြေးပွေ့လိုက်ကြသလို ဒေါ်စကားဝါကို အတင်းအဓမ္မ ဆွဲခေါ်သွားကြ၏။ ဦးသိန်းထိုက်ဆိုတဲ့ လူဟာ ဘယ်လိုလူလဲ။ တကယ်တမ်း ယာဉ်တိုက်မှုဖြစ်တုန်းက ကားမောင်းတာ သူ။ အဖေက ကျေးဇူးရှင်ဆိုပြီး ဓားခုတ်ရာ လက်ထိုးခံ





ခဲ့တာ။ အဖေထောင်ကျတုန်းကတော့ သူတို့မိသားစုကို အစစအရာရာ ဦးသိန်းထိုက်က တာဝန်ယူမယ်တဲ့။

အခုကျတော့ ဦးသိန်းထိုက်က သူတို့မိသားစုဘဝကို ဖျက်ဆီးပစ်သူ။ အဖေ့ကို ထောင်ကျစေခဲ့ပြီး အမေ့ကိုသိမ်းပိုက်တာ။ သီဟ တရားအပြုခံရတာလို့ တွေးမိပြီး နှုတ်ခမ်းကိုပေါက်ထွက်လုမတတ် ဖိကိုက်ထားမိ၏။

"ကိုကြီး . . . မောင်လေးမှာ သွေးတွေ၊ လုပ်ပါဦး ကိုကြီးရဲ့"

"အီး ဟီး"

"ညီလေး မငိုနဲ့၊ ကိုကြီး လုပ်ပေးမယ်နော်"

"နာတယ် . . . ဟီး"

သီဟ သူ့ပုဆိုးအောက်နားစကို ပါးစပ်နှင့်ငုံကိုက်ကာ ဖြဲလိုက်ပြီး ဂီတရဲ့နဖူးပေါ်က သွေးစများကို သုတ်ပြီး ပုဆိုးပြဲစနှင့် စည်းပေးလိုက်ကာ –

"ညီလေး"

"ကိုကြီး"

"လာ . . . ကိုကြီးကျောကုန်းပေါ်ကိုတက်"

ညီကို ကျောပိုးကာ ညီမကို လက်ဆွဲပြန်ခဲ့ရတဲ့ သီဟရဲ့ အိမ်အပြန်လမ်းသည် တစ်ကိုယ်လုံး စိုရွှဲနေသည့်အပြင် မျက်ရည်စတို့ မြေမှာခကျန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အမေမေရော ဘယ်လိုကျန်ခဲ့ရသလဲ။

ရှမ်းကုန်းရိုး အော်တစ်ချက်ကျန်ခဲ့ရတဲ့ အမေ့ကိုရော သူတို့ ဘာတော်လှုပ်ကြဦးမှာလဲ။ ဘာပဲဖြစ်ဖြစ် သားတို့ဆီကိုရောက်အောင် ပြန်လာခဲ့ပါ အမေ။

□□□



## အခန်း (၂)

"အမေ အမေ ... အင်း ဟင်း ဟင်း"

"ညီလေး ဂီတ"

ဂီတခမျာ မိုးမိတာရယ် အနာရှိန်ရယ်ကြောင့် ဖျားလေပြီး မြူနေတဲ့ မျက်နှာလေးကိုကြည့်ပြီး သီဟ မျက်ရည်တွေ ဝဲတက်လာ၏။ အမေက မရှိတော့ သူမှာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။ သူ ကျောင်းတောင်မတက်နိုင်ဘဲ ပျက်ရက်တွေများနေပါပြီ။ ညီလေးနဲ့ ညီမလေးမှာလည်း ဒီအတိုင်းပါပဲ။

ကယောင်ကတမ်းတွေ အော်နေတဲ့ ဂီတကိုယ်လေးကို မွေ့ ပိုက်ရင်း အိပ်ပျော်နေတဲ့ ချင်းချင်းကိုလည်း မနိုးရက်။ သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည့်ကျတော့လည်း မျက်စိသူငယ် နားသူငယ်ဖြစ်နေတာမို့ မဖြစ်သာ၍ ချင်းချင်းကို ပုတ်နှိုးတာတောင် မထိတတိ။ နိုးမှာလည်းစိုး မနိုးလို့လည်း မဖြစ်နဲ့။ ချိတုံချတုံ ဖွဖွပုတ်နှိုးခြင်းမှာ ချင်းချင်း ဖျတ်ခနဲ ထထိုင်ပြီး –

"ဘာလဲဟင် ကိုကြီး"

"ဂီတတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေတယ်"

"အဲဒါဆို ရေချိုးပေးလိုက်ပါလား ကိုကြီးရဲ့"

"ရမ်းလုပ်လို့ ဘယ်ဖြစ်မှာလဲ ညီမလေးရဲ့။ ဂီတကို ဆေးခန်းပြမှ ဖြစ်မယ်ထင်တယ်။ အင်း ဒါလည်း မဖြစ်သေးပါဘူး။ ဆေးခန်းတွေပိတ်ရောပေါ့။ ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားပါဦးညီမလေးရဲ့"

"ဟိုဘက်အိမ်က ဘွားကျော့်ကို ပြောပြမယ်လေ"

"အေး … ကောင်းသားပဲ"

"ဒါဆို ချင်းချင်းသွားခေါ်လိုက်မယ်"

"အေး အေး"

ချင်းချင်းက ဂါဝန်စလေးမပြီး အိမ်ပေါ်ကနေ ဆင်းပြေးသွားသည်။

သီဟက ဂီတနဖူးလေးကို စမ်းလိုက်၊ ခြေဖျားလေးတွေကို စမ်းလိုက်နှင့် စိုးရိမ်စိတ်တို့သည် မျက်ရည်တွေပဲ ဖြစ်လာ၏။

"ကိုကြီး … ဟင်း ဟင်း ကိုကြီး"





"ညီလေး ဂီတ … ကိုကြီး ရှိတယ်လေ။ ညီလေး ဘယ်လို နေလို့လဲ"

"အမေ … အမေပြန်လာပါ အမေ"

"ညီလေး … ညီလေး"

"အင်း … ဟင်း ဟင်း"

"ခုက္ခပါပဲ"

ဂီတကိုယ်လေးကို အိပ်ရာထဲသို့ ဖြည်းဖြည်းပြန်ချပေးခဲ့ပြီး သီဟ ဇလုံတစ်လုံးကို ယူ၍ ရေထည့်လိုက်သည်။ သူကြားဖူးတာတော့ ဖျားပြီးပူလာတဲ့လူကို နဖူးပေါ် ရေစိုဝတ်ကလေးအုပ်ပေးထားရသည်တဲ့။

ညီမလေးဖျားတုန်းက အမေလုပ်ပေးတာကိုလည်း မြင်ဖူး၏။

ထို့ကြောင့် …

သူ့အကျႌပါးလေးတစ်ထည်ကို ဆွဲယူပြီး ရေထဲမှာ နှစ်လိုက် ညှစ်လိုက်လုပ်ပြီး ဂီတနဖူးပြင်လေးပေါ်မှာ ကပ်ထားပေးလိုက်၏။ ဂီတ ဘာမှမဖြစ်ပါစေနဲ့။ အမေ မြန်မြန်ပြန်လာပါစေ။

"သီဟ"

"ဟော … ဘွားကျော့်လာပြီ"

"ဂီတလေး ဘာဖြစ်တာလဲ သီဟ"

"ကိုယ်တွေ ခြစ်ခြစ်တောက်ပူပြီး ကယောင်ကတမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောနေတာ ဘွားကျော်။ ကျွန်တော် ရေပတ်တော့ ကပ်ပေးထားတယ်"

"ဒီလိုထိုင်ကြည့်နေလို့တော့ မဖြစ်ဘူး သီဟရဲ့"

"ဒါဆို ကျွန်တော် ဘာလုပ်ရမလဲ ဘွားကျော်။ ကျွန်တော် ဘာလုပ်ရမလဲ ပြောပါဦးဘွားကျော်ရယ်"

"ဟိုဘက်လမ်းမှာ ဘွားကျော်ရဲ့အသိဆရာဝန်မတစ်ယောက်ရှိတယ်။ ဒီအချိန်က အိမ်ပင့်လို့တော့မကောင်းဘူး။ ဂီတကိုချီပြီး အဲဒီအိမ်ကို တို့သွားမှဖြစ်မယ်"

"ဟုတ်ကဲ့ ဘွားကျော်။ ဒါဆို ခုပဲသွားရအောင်"

ပြောပြောဆိုဆိုပဲ သီဟက ဂီတကိုယ်လေးကို ပွေ့ချီကာ ထရပ်လေလျှင် –

"ကိုကြီး"

"ဟင်"

"ချင်းချင်းလည်း လိုက်မယ်"

"လိုက်ခဲ့"

ညီကိုထမ်း ညီမကိုလက်ဆွဲကာ ဘွားကျော်နောက်က လိုက်လာခဲ့ရာ ရောက်လိုဇောကြီးနေသဖြင့် ခရီးက မိုင်ထောင်ချီ၍ ဝေးနေသလိုပင်။ ပြေးနေရတာကိုလည်း မောရကောင်းမှန်းမသိ။

လမ်းက လင်းတဲ့နေရာလင်း၊ မှောင်တဲ့နေရာက မှောင်။





လမ်းမီးတိုင်နှင့် ဝေးသွားသည့်နေရာတွေက မှောင်လုလုပေမယ့် ရသမျှ အလင်းရောင်လေးကို အားကိုးပြီး လဲမကျအောင် ပြေးနေရ၏။

"ဟဲ့ . . . သီဟ"

"ဗျာ . . . ဘွားဇော်ကျော်"

"ဒီအိမ်ပဲဟဲ့ . . . လာလာ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ပြေးရလို့ ချွေးတွေနဲ့ ရွဲနစ်နေပေမယ့် ညီလေး ဆရာဝန်ဆီ ရောက်ဖို့က အရေးကြီးဆုံးမို့ သီဟမှာ မမောနိုင် မပမ်းနိုင်။

"ဆရာမရေ . . . ဆရာမ"

"ဒုန်း ဒုန်း"

"ဆရာမ ဆရာမ . . . အိပ်နေပြီလား"

"ဆရာမ"

ဘွားကျော်နှင့် သီဟ တကြော်ကြော် ခေါ်လွန်းလေသဖြင့်–

"ဟော့ . . . ဘယ်သူတွေလဲ"

"ဒေါ်ကြီးတို့ ဆရာမနဲ့ တွေ့ချင်လို့ပါ မောင်ရင်ရယ်။ လူနာ အရမ်းအရေးကြီးနေလို့ပါ။ ဆရာမကိုခေါ်ပေးပါနော်"

"အချိန်မရှိမှဗျာ၊ ဆရာမ အိပ်နေပြီဗျ"

"ဒေါ်ကြီး တောင်းပန်ပါတယ်ကွယ်။ ကလေးက အရမ်းနိုးမဲ့ ရတဲ့အခြေအနေမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ"

"ဟင်"

"ဒီ လူတွေအိပ်ချိန်မှ ခင်များ လူလိုနားမလည်ဘူးလား"

"ဟဲ့ ... စံရွှေ"

"ဗျာ ... မမလေး"

"ဘယ်သူတွေလဲ"

"ဆရာမ ဘွားကျော်ပါကွယ်။ ဒီမှာ ကလေးက စိုးရိမ်ရတဲ့ အခြေအနေမို့လို့ ဆရာမဆီကို လာခဲ့တာပါ။ ကလေးကိုကယ်ပါ ဆရာမရယ်နော်။ ဘွားကျော်တောင်းပန်ပါတယ်။ ဒီကလေးအသက်ကို ကယ်ပါ"

"စံရွှေ"

"ဗျာ"

ဒေါက်တာသီသီဟန် တံခါးနားအထိပြေးလာပြီး ကလေးတွေကို မြင်သွားသည်နှင့် –

"ကဲ ... တံခါးမြန်မြန်ဖွင့်"

"မမလေး"

"လျှာမရှည်နဲ့ ခိုင်းတဲ့အတိုင်းလုပ်"

"ဟုတ် ... ဟုတ်ကဲ့"

စံရွှေဆိုတဲ့လူ တံခါးကို ခပ်သုတ်သုတ်ဖွင့်ပေးပြီးနောက်မှာ





ဆရာမက ဦးဆောင်၍ အိမ်ထဲသို့ခေါ်သွားလေသည်။ စံရွှေက သူ့အလုပ်ရှင်၏အိပ်စက်ခြင်းကို မဖျက်ဆီးချင်လို့ ဟောက်လွှတ်တာပေမယ့် ဆရာဝန်ဆိုတာ လူနာအတွက် အချိန်မရွေး အသင့်ရှိနေရမည်လေ။

လူအမျိုးမျိုး စိတ်အထွေထွေဆိုတော့ သူနဲ့သင့်တော်ရာနေရာစီမှာ အတွေးအခေါ်က တစ်ယောက်တစ်မျိုးစီကိုး။ ဆရာမက ဂီတကို ဆေးထိုးပေးပြီးနောက် –

"ကလေးရဲ့မိဘတွေက ဘယ်သွားကြလို့လဲ ဘွားကျော်"

"ကလေးအဖေက ယာဉ်တိုက်မှုနဲ့ထောင်ကျနေတယ်ဆရာမရဲ့။ အမေကတော့"

ဘွားကျော် သူသိသလောက်ရှင်းပြလေတော့ သီဟ ခေါင်းငုံ့ထားလိုက်သည်။ သူတို့ ဘဝစာမျက်နှာတွင် ဒီအဖြစ်ဆိုးက ခေါင်းစဉ်တစ်ခုအဖြစ် ရပ်တည်သွားတော့မည်လားမသိ။ အမေ ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုရင်လို့ တွေးမိတော့ မျက်ရည်က ဝေ့လာပြန်၏။

ဆရာမက ဂီတမျက်နှာလေးကိုစိုက်ကြည့်ပြီး –

"ကလေးက တော်တော်ချစ်စရာကောင်းတယ်နော်"

"အဲဒါကတော့ ကလေးတွေ ဟိုဘဝက ဆုတောင်းကောင်းခဲ့ကြတာ ထင်ပါတယ်။ သုံးယောက်စလုံး ရုပ်ချောကြပြီး ဘဝကမှ မလှမပဖြစ်တော့မယ်လား မပြောတတ်ပါဘူး ဆရာမရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘွားကျော်က ပြောပြီး သက်ပြင်းချလေ၏။ ဆရာမက သီတာရဲ့ရှုပ်ချက်ကိုပါကြည့်၍ ပြုံးပြလေသည်။ သီဟာပြန်ပြီးပြုံးပြဖို့ ထက် ဆေးဖိုးဝါးပေးစရာမရှိတာကြောင့် လည်နင်နေရသည့်အဖြစ်။

"ဆရာမ"

"တင်"

သီဟာ ဆရာမရှေ့မှာ ဒူးထောက်ချလိုက်တော့ –

"အို ... ကလေး"

"ညီလေးအတွက် ဆေးဖိုးဝါးခ ကျွန်တော့်မှာပေးစရာမရှိလို့ပါ ဆရာမ။ အဲဒီအတွက် ဆရာမ ကျွန်တော့်ကို ခိုင်းချင်တာခိုင်းပါနော်"

"မဟုတ်တာ ... ထပါ ထ"

ဆရာမက သူ့ပခုံးကိုကိုင်ပြီး ဆွဲထူမေမယ့် သီဟာက မထပေ။

"ကျွန်တော့်ကို ကြိုက်တာခိုင်း။ အကုန်လုပ်ပေးပါ့မယ် ဆရာမရယ်။ ညီလေးကိုတော့ ပြန်ကောင်းလာသည်အထိ ကုပေးပါနော်"

"ကုပေးမှာပါ သားရယ်။ မင်းညီလေးရဲ့ရောဂါဝေဒနာ အရှင်းပျောက်သည်အထိ ဆရာမကုပေးမှာ။ ဘာပိုက်ဆံမှ ပေးစရာ မလိုပါဘူးကွယ် နော်။ ကဲ ထပါ"

"ဆရာမ တကယ်ပြောတာနော်"

"တကယ်ပေါ့ သားရဲ့"





"ဝမ်းသာလိုက်တာ ဆရာမရယ်။ ဆရာမကျေးဇူးကို သား ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ တကယ်ပါ"

ဘွားကျော်က ကလေးတွေကိုကြည့်ပြီး တရှုံ့ရှုံ့ငိုလေသည်။ ဆရာမခမျာလည်း သီဟာတို့ မောင်နှမတွေကို သနားစိတ်ကြောင့် မျက်ရည်က ထိန်းလို့မရ။ ဒီအရွယ်ဆိုတာ မိဘရင်ခွင်နဲ့ ရင်အုပ်မကွာသေး အပူအပင်ကင်းနေရမည့် အရွယ်တွေ။

ခုတော့ –

အရွယ်နဲ့မလိုက်အောင် လောကဓံရဲ့ ထုထောင်းရိုက်နှက်မှုတွေကို ခံနေကြရတာသနားစရာ။ ဘွားကျော် ပြောပုံအရဆို ကလေးတွေရဲ့အမေရော ဘယ်လိုဒုက္ခရောက်နေမလဲ။ ရှေ့ဆက်မတွေးရဲစရာ။

"သားနာမည် ဘယ်လိုခေါ်လဲ"

"သီဟာသူပါ ဆရာမ"

"ညီလေးနာမည်ကရော"

"ဂီတသံပါ။ ညီမလေးနာမည်က တေးသီချင်းပါ ဆရာမ"

"ဪ"

ဒေါက်တာ သီသီဟာန်၏ ဪသံက အဖျားခတ်ကာ တုန်ခါသွားလေ၏။ နာမည်လေးတွေက သူ့အဓိပ္ပာယ်နဲ့သူ စွန်းကွန်းကျွန်းလွန်း ညီလှပါလား။

"ဘွားကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ဆရာမ"

"အချိန်လည်းမရှိတော့ဘူး။ ဒီညတော့ ဒီမှာပဲ အိပ်လိုက်ကြပေါ့နော်။ စံရွှေ"

"ရှာ . . . မမလေး"

"ဘွားကျော်တို့အတွက် မမလေးအခန်းဘေးကအခန်းမှာ အိပ်ရာစီစဉ်ပေးလိုက်ပါ"

"ဟုတ်ကဲ့"

"အားနာစရာတွေတော့ ဖြစ်ကုန်ပြီ ဆရာမရယ်"

"အားမနာပါနဲ့ ဘွားကျော်။ ကျွန်မက မထည့်ဝါတတ်ပါဘူး"

"ကျေးဇူးတင်ပါတယ် ဆရာမရယ်"

"ဆရာမ"

"ပြောလေ သီဟ"

"သားရဲ့ညီလေး ပြန်ကောင်းမှာပါနော်"

"ကောင်းမှာပါ သားရယ်။ ဆရာမတစ်ယောက်လုံး ရှိနေတာပဲဥစ္စာ။ ဘာမှစိတ်မပူပါနဲ့"

"ဝါး"

ချင်းချင်းက ငုတ်တုတ်ကလေးထိုင်နေရာမှ ဝါးခနဲ သမ်းလေလျှင် –

"ဟော . . . တေးသီချင်းက အိပ်ချင်နေပြီထင်တယ်"





"ရ ရပါတယ် ဆရာမ"

"ပြီးရင် စံရွှေလာခေါ်လိမ့်မယ်နော်။ ကလေးတစ်ခုခုဆို ဆရာမကို လာနှိုး။ အားမနာပါနဲ့။ ဘာမှတော့ ဖြစ်စရာမရှိပါဘူး။ ဆေးထိုးထားတော့ ကိုယ်ပူကျသွားမှာပါ"

"ဟုတ်ကဲ့"

ခုမှပဲ သီဟ ရင်ထဲကအပူလုံးကြီး ဝုန်းခနဲ ပြိုကျသွားသည်။ အဖေရယ်၊ အမေရယ် သူတို့မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် ရှိခဲ့ကြတာ ဆင်းရဲတာတစ်ခုကလွဲရင် သောကဆိုတာ ဘာမှန်းမသိ။ သိပြီဆိုတော့ ခုတွေ ပြာနောက်နောက်နဲ့ သောကသန်းခေါင်ရောက်နေခဲ့ပြီ။

"သီဟ"

"ရှာ ဘွားကျော်"

"မင်း လူကြီးစိတ်မွေးမှ ရတော့မယ်ထင်တယ်"

"သား နားမလည်ဘူး။ ဘွားကျော် ဘာကိုပြောတာလဲဟင်"

ဘွားကျော်က သူတို့မောင်နှမသုံးယောက်၏မျက်နှာကို တစ်လှည့်စီလိုက်ကြည့်ပြီး သက်ပြင်းချကာ –

"အစ်ကိုကြီး အဖအရာဆိုတဲ့စကားကို လူလေးနားလည်တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ကျွန်တော် နားလည်ပါတယ်"

"မင်းမိဘတွေမရှိတဲ့အချိန်မှာ မင်းက အစ်ကိုကြီးပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



အဖအရာကနေ တာဝန်ယူတတ်ဖို့ကို ပြောတာပါ"

သီဟ တွေခနဲဖြစ်သွားတော့။ ဒါဆို အမေက ပြန်မလာတော့ဘူးလား။ အမေ ပြန်မလာတော့ဘူးဆိုရင် ဟုတ်တာပေါ့။ ဘွားကျော် ပြောသလို သူ တာဝန်တစ်ရပ်ကို ထမ်းဆောင်ရတော့မှာပေါ့။ ရှစ်တန်း ကျောင်းသားဆိုတော့ ကလေးတွေထက်စာရင် သူက အသိပညာ ပြည့်ဝသူ။ ကျောင်းထွက်ပြီး ပရိယာယ်ဝမ်းစာအတွက် အလုပ်တစ်ခု တော့ ရှာလုပ်ရမှာပေါ့။

"သား နားလည်ပါပြီ ဘွားကျော်ရယ်။ သား အစ်ကိုကြီး တာဝန်ကျေစေရပါမယ်"

❑❑❑



## အခန်း (၃)

ချင်းချင်းက ဘွားကျော်ပြောပြတဲ့အတိုင်း မှတ်၍ ဂီတ အတွက် ဆန့်ပြုတ်အိုးလေးတည်နေချိန်မှာ သီဟက ဂီတလေးအနား ကမခွာ။ သူကလေးကို စိတ်မချဖြစ်နေတာလေ။ စိတ်မချတာက ထားခဲ့ဖို့ဖြစ်ပြီး အိမ်မှာက ဆန်လည်းမရှိ ပိုက်ဆံလည်းမရှိတော့။

ဒါကြောင့် –

သူ ပိုက်ဆံရဖို့ အလုပ်တစ်ခုထွက်ရှာမှဖြစ်မည်။ ဒါ ဂီတ အတွက် ဆေးဖိုးဝါးခမကုန်လို့ တော်သေးတာပေါ့။ စားဖို့အတွက် ကတော့ အလုပ်ထွက်ရှာမှကိုဖြစ်မှာ။

"ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"တင်"

"ဆန်ပြုတ်ချို ကိုကြီး"

"ကြော် . . . အေး"

ချင်းချင်းလက်ထဲက ဆန်ပြုတ်ပန်းကန်ကို ယူပြီး စားပွဲပေါ် ခထားတင်လိုက်ကာ –

"ဂီတာ"

"ကိုကြီး . . . အမေ ပြန်မလာသေးဘူးလားဟင်"

"ပြန်လာမှာပေါ့ ညီလေးရဲ့။ ညီလေး နေကောင်းသွားအောင် ဆန်ပြုတ်လေးသောက်လိုက်ဦးနော်"

"အမေ့ကိုခေါ်ပေး"

"ပြန်လာမှာလေ၊ ဂီတာက လိမ္မာတယ်။ ဆန်ပြုတ်သောက် နော်။ ကိုကြီးစကားကို နားထောင်မှ အမေက ပြန်လာမှာ ညီလေးရဲ့"

"ကိုကြီး တကယ်ပြောတာနော်"

"တကယ်ပေါ့"

"ဒါဆို သောက်မယ်"

သီဟ ဆန်ပြုတ်ပန်းကန်လေးကိုယူပြီး ဂီတာကို တိုက်လိုက် စဉ် –

"ကိုကြီး"

ကျုံ့ကျုံ့လေးထိုင်လျက်ကနေ ချင်းချင်း မျက်နှာလေးက





ရှေ့တိုးလာပြီးခေါ်လေလျှင် –

"ဘာလဲ ချင်းချင်း"

"ဆန်အိုးထဲမှာ ဆန်မရှိတော့ဘူး"

"ဟုတ်လား"

"ဟုတ်"

တွေခနဲဖြစ်သွားတဲ့သီဟအချိန်ကိုပါ သတိရသွားမိ၏။ ဘာ သိုလို့နဲ့ နေ့လယ်စာထမင်းစားဖို့ အချိန်ကို ရောက်တော့မှာလေ။ သူ ဘာလုပ်ရတော့မလဲ။

"ချင်းချင်း"

"ဟင်"

"နင် ဂီတာနဲ့နေခဲ့"

"ကိုကြီးက ဘယ်သွားမလို့လဲ"

"ထမင်းစားဖို့အတွက် ဆန်ရှာရမှာပေါ့ ညီမလေးရဲ့"

"ကိုကြီး မြန်မြန်ပြန်ခဲ့နော်"

"အေးပါ"

လှည့်ထွက်မလို့လုပ်ပြီးမှ –

"ကြော် . . . ညီမလေး"

"ရှင် ကိုကြီး"

"ဂီတာကိုတိုက်ဖို့ ဆန်ပြုတ်ကျန်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့"

"ကိုကြီးပြန်မလာခင် ညီမလေးဗိုက်ဆာရင် ဆန်ပြုတ်သောက်ထားနှင့်နော်"

"ဟုတ်"

ချင်းချင်းကိုမှာပြီး အိမ်မှာရှိတဲ့ သံတိုသံစတွေကို သိမ်းကျုံးယူလာခဲ့၏။ အဖေက ကားအရိုင်ဘာဆိုတော့ အစုတ်အပြတ်နဲ့ သံတိုသံစတွေ ကောက်လာပြီး စုထားတတ်သူ။ လောလောဆယ် အလုပ်တစ်ခုရဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်တော့။ လောလောဆယ် စားဖို့အတွက် ဒါတွေကိုပဲ ဒသမချိုင်ရမှာ။

ထို့ကြောင့် –

သံတိုသံစတွေကိုသာ ရောင်းဖို့ သယ်လာခဲ့တော့၏။ ကျန်ခဲ့တဲ့ ချင်းချင်းနဲ့ ဂီတမှာတော့ –

"မမ"

"ဟင် ... ဘာလဲ ဂီတ"

"အမေပြန်မလာရင် ဦးသိန်းထိုက်အိမ်ကို ဂီတတို့ ထပ်သွားကြမယ်"

"ထပ်သွားရင် ထပ်အရိုက်ခံရမှာပေါ့ ဂီတရဲ့"

ဂီတလက်က နဖူးပေါ်က ဒဏ်ရာကိုစမ်းမိပြီး –

"အဲဒီလူကြီးကို ဂီတ သတ်ချင်တယ်"





"ဂီတ မပြောကောင်းဘူးလေ"

ဒဏ်ရာကိုပွတ်ပွတ်ရင်း ဂီတ မျက်ဝန်းမှ မျက်ရည်တွေကျလာခြင်းနှင့်အတူ နှုတ်ခမ်းကိုတင်းတင်းစေ့ထား၏။

"မငိုနဲ့လေ ဂီတရဲ့၊ ဘာလို့ငိုတာလဲ"

"အခု အဲဒီလူကြီး အမေ့ကိုလာခေါ်သွားလို့ ဂီတတို့ ကျောင်းမတက်ရတော့ဘူး"

"တက်ရမှာပေါ့ ဂီတရယ်။ အမေမရှိပေမယ့် ကိုကြီးနဲ့မမရှိနေသေးတာပဲ။ ဂီတ နေကောင်းရင် ကျောင်းပြန်တက်ပေါ့"

နဖူးကဒဏ်ရာသည် ပျောက်သွားရင် အမာရွတ်ကျန်ခဲ့မှာ ကျိန်းသေ။ အဲဒီအမာရွတ်ရဲ့သမိုင်းက ရှေ့ဆက် ဘာတွေဖြစ်ဦးမလဲ။

အသက်ငယ်သေးလို့ ခန့်မှန်းရခက်သည့် ဂီတစိတ်သည် အကယ်တော့ နာစရာရှိရင် နာတတ်ပြီး အငြိုးကြီးတတ်သည်ဆိုတာ ဘယ်သူက သိမှာလဲ။

ကျောင်းမှာဆို သူများက ဂီတကို တစ်ချက်ရိုက်ရင် ဂီတက နှစ်ချက်ပြန်ရိုက်ရမှ ကျေနပ်သူ။ မရိုက်ရရင် နောက်နေ့ အဲဒီလူကို အလွတ်မပေးဘဲရအောင် တုံ့ပြန်တတ်တာ ဂီတရဲ့အကျင့်။

"ဦး"

"အဲ"



www.burmeseclassic.com

www.burmeseclassic.com



ချင်းချင်း မိုက်ထဲကဆန္ဒပြလေပြီ။ မိုက်ကို လက်ဖြင့်ဖိလိုက်ချိန်မှာ –

"မေ"

"ဘာလဲဂီတ၊ မမ ဘာလုပ်ပေးရမလဲ"

"မမ မိုက်ဆာနေပြီလား"

"မဆာပါဘူး"

"မမ မိုက်ထဲကအော်နေတာ ဂီတကြားသားပဲ၊ ဂီတက ဆန်ပြုတ်မကြိုက်ဘူး မမရဲ့။ ကျန်တဲ့ဆန်ပြုတ်တွေ မမသောက်လိုက်ပါ"

"ဟင့်အင်း၊ မမလည်းမကြိုက်ဘူး"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ဆို"

ဂီတက ချင်းချင်းမိုက်ဆာမှာစိုးလို့ ညာလိုက်သလို ချင်းချင်းကလည်း ကိုကြီးပြန်လာရင် မိုက်ဆာမှာစိုးတာရယ်၊ ဂီတမိုက်ဆာမှာစိုးတာရယ်ကြောင့် လိမ်လိုက်ခြင်းပါ။ ကလေးတွေဆိုပေမယ့် သူတို့ ညာဏ်မီသလောက် သိတတ်နေကြသည့်အရွယ်တွေ။

သီဟမှာလည်း

ကိုယ့်ဝမ်းရေးထက် ညီနဲ့ညီမ တော်မှာစိုးလို့ သံတိုသံစ ရောင်းလို့ရသည့်ပိုက်ဆံလေးကို ကျစ်နေအောင်ဆုပ်ပြီး ပြန်လာခဲ့စဉ် –





"သီဟ . . . သီဟ"

"ဟင် . . . ဘွားကျော်"

"ရှာလိုက်ရတာ သီဟရယ်"

"ဘာဖြစ်လို့လဲ ဘွားကျော်၊ ဂီတ ဘာဖြစ်လို့လဲဟင်"

"ဂီတက ဘာမှမဖြစ်ဘူး။ ဖြစ်တာက နင့်အမေဟဲ့"

"ဗျာ"

"နင့်အမေ အိမ်ကိုပြန်အလာ လမ်းမှာ ကားတိုက်ခံရလို့ ဆုံးပြီတဲ့"

"အမေ"

ကြက်သေသေပြီး ကြောင်ကြည့်နေရာမှ မျက်ရည်တွေက သာ သောကကို လှုပ်နိုးလျက်။ တစ်ပုပေါ်နစ်ပုဆင့်လို့ သီဟရင်ထဲမှာ မီးလောင်နေပြီ။ ဒါ လောကဓံတရားရဲ့ ရက်စက်ခြင်းလား။ လက်သီးဆုပ်ခြင်းက ပို၍ တင်းကျပ်သွားလေတော့ ပိုက်ဆံလေးများ ငိုတတ်ရင် အရည်ညှစ်လို့ရမည့် အခြေအနေထိအောင် တွန့်ကြေသွားလေ၏။

အရင်ကမှ –

အမေ ဘယ်ချိန်ပြန်လာမလဲ မျှော်လို့ရသေးသည်။ အခုတော့ မျှော်လင့်ခွင့်ကိုပါ ပြည်ဖုံးကားချပြီး မပြန်တဲ့လမ်းကို အမေက လျှောက်သွားပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သီဟာတို့မောင်နှမတွေဘဝမှာ ဒုက္ခမြစ်တစ်စင်း စီးဆင်းခဲ့ပြီလား။

"အမေ အမေ . . . သေပြီ"

"ဟုတ်တယ် . . . သီဟာ"

"ဒါဆို အမေက အမေ အခုဘယ်မှာလဲ ဘွားကျော်"

"အတိုက်ခံရတာတော့ (---) လမ်းမှာတဲ့"

"အမေ . . . အမေရေ"

"ဟဲ့ . . . သီဟာ"

သီဟာ ဇွေတွေကြီးရပ်နေရာကနေ ပြေးလေလျှင် –

"သီဟာ . . . ဟဲ့ မပြေးနဲ့လေ"

ရှေ့ကိုဇောစိုက်နေသဖြင့် နောက်ကခေါ်သံကို သီဟာ မကြားတော့ပေ။ ကြားရင်လည်း ပြန်လှည့်လာမှာ မဟုတ်တာ သေချာ၏။ ကံဆိုးမိုးမှောင်ကျလိုက်ပုံက ဒီထက် ရင်နာစရာတွေရှိသေးရင်တောင် ဒီလောက်ရင်နာစရာကောင်းမှာမဟုတ်။

"သီဟာရေ . . . သီဟာ၊ ပြော် . . . ဒုက္ခပါပဲဟယ်"

ဘွားကျော်နောက်ကနေ တကြော်ကြော်ခေါ်ပြီး လိုက်ပေမယ့် မီပါ့မလားလေ။ သီဟာမျက်ဝန်းမှာ မျက်ရည်တွေပြည့်နေတာကြောင့် မြင်ရသမျှတို့က မှုန်ဝါးဝါးရယ်။ အမေ အိမ်ကိုပြန်လာရင်း ကားတိုက်ခံရတာတဲ့။





ကြည်ကြည်ဖြူဖြူနဲ့ ဦးသိန်းထိုက် ပြန်လွှတ်လိုက်တာမှ တုတ်ရဲ့လား။

အမေ ကံဆိုးလိုက်တာ အမေရယ်။

"သူက အလျှင်စလို လမ်းကိုပြေးပြီး ဖြတ်ကူးလို့ ကားသမားအလည်း ရှောင်ချိန်မရဘူးဆိုတော့ တိုက်တာပေါ့မှာ"

"မြင်တဲ့လူတွေပြောတာတော့ သူ့နောက်မှာ ယောက်ျားနှင်ယောက်လိုက်နေလို့ ပြေးတာတဲ့"

"ဒါဆို သူနဲ့ ရှုပ်ခဲ့ဖူးတဲ့သူတွေလားမှမသိတာ"

မဟုတ်ဘူး။ အမေက အဲဒီလိုမိန်းမ မဟုတ်ဘူး။ မပြောကြနဲ့၊ အမေ့ကို သွားပုပ်လေလွင့် မပြောကြပါနဲ့လို့ စိတ်ထဲက ပြောရင်း မြို့သောက်တွေက ပြေးနေဆဲပါ။

ဟော . . . တွေ့ပြီ။

အမေ့အလောင်းကို သယ်သွားကြပြီ။

"အမေ"

သီဟာ ပြေးလိုက်သွားပြီး –

"အမေ နေကြပါဦးဗျာ။ အမေ"

သူ့ကို လှည့်ကြည့်သော မျက်ဝန်းတွေရှိပေမယ့် ဘယ်သူကမှ သံရောက်တားဆီးပေးခြင်း မရှိလေသဖြင့် အမေ့အလောင်းကို တင်လို့ ထားသော စတင်ထွက်ခွာလေလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"အမေ . . . အမေ"

"ဟဲ့ . . . ကလေး မလိုက်နဲ့လေ"

"အမေ"

ဒူးထောက်ကျသွားတဲ့ သီဟ အမေလို့ အော်ခေါ်ခြင်းကာ ကုန်ခေါ်မိပြီး ပျော့ခွေကျသွားသည့်နောက်။

ဘာဆို ဘာမှ မသိတော့ပေ။

❑❑❑



## အခန်း (၄)

အဖေလည်းမရှိ၊ အမေလည်းမရှိ ဘဝမှာ သီဟသာ အုပ်ထိန်းသူဖြစ်ပြီး တာဝန်အားလုံးက သီဟ ပခုံးပေါ်မှာ။ စာတော်လို့ ဆရာမက ကျောင်းမထွက်စေချင်ပေမယ့် ကံကြမ္မာက ဒီဘဝ ဒီမျှလို့ ဆုံးဖြတ်လိုက်တာ ဘာတတ်နိုင်မှာလဲ။ ညီနဲ့ညီမကိုတော့ သူ တတ်နိုင်သလောက် ကျောင်းဆက်ထားဖို့ ဆုံးဖြတ်ချက်နှင့်။ သမားအာဇီဝကျကျနဲ့ ပိုက်ဆံရမည်ဆိုလျှင် –

ဘယ်သူက ဘာပဲခိုင်းခိုင်း သီဟ အကုန်လုပ်သည်။ ပိုက်ဆံရမှ ထမင်းစားရမှာမဟုတ်လား။ ပြီးတော့ ညီလေးနဲ့ညီမလေးရဲ့ ပညာရေးအတွက်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး"

"ကိုကြီး"

"ဟော … ကျောင်းက ပြန်လာကြပြီ"

"ဟုတ်ကဲ့"

"ဟင်"

ချင်းချင်းက ကိုကြီး ထမင်းအိုးငွဲနေတာကို သတိထားမိပြီး–

"ကိုကြီး ထမင်းအိုးတည်ထားတာပဲ"

"ဟုတ်တယ် ချင်းချင်းရဲ့။ ညီမလေးပြန်လာမှ ချက်ရင် ပင်ပန်းမှာစိုးလို့ ကိုကြီးချက်ထားတာ။ ဟင်းကတော့ ကိုကြီးပြန်လာမှ တစ်ခုခု ဝယ်လာခဲ့မယ်လေ"

"ကိုကြီးက ဘယ်သွားဦးမှာလဲ"

"ကိုကြီး ဈေးသွားရောင်းဦးမယ် ညီမလေးရဲ့။ ဂီတကို လျှောက်မသွားစေနဲ့နော်။ ရေချိုးပြီး အိမ်မှာပဲ စောင့်နေကြ"

"ဟုတ်ကဲ့ ကိုကြီး"

"ကိုကြီး"

"ဟေ"

သူ့လက်ကိုဆွဲပြီး ဂီတက ခေါ်လေသည်။

"ဂီတ ကိုကြီးနဲ့လိုက်ခဲ့မယ်"

သီဟ ဂီတရှေ့မှာ ထိုင်ချလိုက်ပြီး ခေါင်းလေးကိုပွတ်ကာ–





"ဂီတလိုက်လို့ ဘယ်ဖြစ်မှာလဲ"

"ဘာလို့မဖြစ်ရမှာလဲ"

"ဂီတလိုက်ရင် ဂီတကို စိတ်မချတာနဲ့ ကိုကြီးအလုပ်လုပ်ရတာ ကြာတာပေါ့ ညီလေးရဲ့"

"ဟုတ်သားပဲ ဂီတရဲ့။ ကိုကြီးနဲ့ မလိုက်သွားနဲ့၊ မမနဲ့ကျန်ခဲ့နော်"

နှုတ်ခမ်းလေးစူကာ ဂီတပုံစံက မျက်ရည်ကိုပဲ မကျကျအောင် ညှစ်ရှုတော့မည့်ပုံ။ အဲဒီပုံလေးကပဲ တစ်မျိုးချစ်စရာကောင်းနေသည်မို့ သီဟ ပါးပြင်လေးကို ရွှတ်ခနဲနမ်းပြီး ရယ်လိုက်သည်။ သူတို့မောင်နှမ သုံးမှာ ကံကောင်းတာတစ်ခုတော့ ရှိ၏။

အဲဒါ ဘာလဲဆိုရင် အဖေကချော အမေကချောလို့ နှစ်ယောက်ပေါင်းပြီး မွေးလာတဲ့သူတို့တွေ မြင်တဲ့သူတိုင်း ချစ်ခင်စိတ်ဖြစ်အောင် ချောကြ၊ ချစ်စရာကောင်းကြခြင်းပါပဲ။

ဒါပေမဲ့ ရုပ်ကို သွေးသောက်လို့ ဆေးဘက်မဝင်သလို ထိုင်ကြည့်နေလို့လည်း ဗိုက်မပြည့်ဘူးလေ။

"ဂီတ"

"ဗျာ"

"ကိုကြီးကို ချစ်လား"

"ချစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကိုချစ်ရင် ကိုကြီးစကားကို နားထောင်ရမယ်လေ။ အိမ်မှာပဲ မမနဲ့ကျန်ခဲ့။ ညနေစောစော ရေချိုးပြီး သနပ်ခါးလိမ်းထား။ အဲဒါမှ ကိုကြီးပြန်လာရင် အမောပြေတာကွ"

"ဒါဆို ကိုကြီးစကားကို ဂီတ နားထောင်မယ်။ အဲဒါ ကိုကြီးကို ချစ်လို့နော်"

"ဟုတ်ပါပြီဗျာ . . . ဟုတ်ပါပြီ။ ကဲ . . . ကိုကြီး သွားလိုက်ဦးမယ်"

"ဟုတ်"

ညီမနှင့်ညီ၏ခေါင်းကို ပွတ်ပြီး သီဟ သူရောင်းနေတဲ့ ကလေးကစားစရာအရုပ်တွေကို ယူကာ ထွက်ခဲ့တော့၏။ အခုချိန်မှာ ချင်းချင်းနဲ့ ဂီတက သူ့ဘဝသူ့အသက်။ အဖေလည်း သူ၊ အမေလည်း သူပဲလေ။

သူတို့ဘဝတွေ ခုလို ပေါက်ပြဲကျိုးပဲ့ကုန်တာ ဦးသိန်းထိုက်ဆိုတဲ့ လူကြီးကြောင့်။ လူကြီးအနိုင်ကျင့်တာခံရတဲ့ ကလေးတစ်ယောက်ရဲ့ အပြုံးအငေးလိုပေါ့။

အရွယ်မတူသေးလို့ နေနှင့်ဦးပေါ့ကွာ။ အရွယ်တူတဲ့နေ့ ငါနဲ့ တွေ့မယ်ဆိုတာမျိုး။

ခင်ဗျားနဲ့ကျွန်တော် တစ်နေ့ တွေ့ကြသေးတာပေါ့ ဦးသိန်းထိုက်။





"အရုပ်တွေ အရုပ်တွေရမယ်နော်။ ကလေးကစားစရာ အရုပ်တွေ"

တကြော်ကြော်အော်ရင်း ကလေးကစားစရာရောင်းနေတဲ့ သီဟ ရှက်ရကောင်းမှန်းမသိ။

ဒါ . . . ဘဝပဲလေ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ရော့ နှစ်ရာ"

"ဟာ . . . နှစ်ရာတော့နည်းတာပေါ့ ဦးလေးရဲ့။ သုံးရာတော့ ပေးပါ။ ချင်းချင်းတို့ကောက်လာတာတွေက အများကြီးပဲဥစ္စာ"

"သုံးရာတော့မပေးဘူး နှစ်ရာငါးဆယ်ယူ"

"နှစ်ရာဆို မရောင်းဘူး မမ။ ဂီတတို့ အခြားဆိုင်မှာပဲ သွားရောင်းမယ်။ ကလေးတွေဆိုပြီး ဂီတတို့ကို အချဉ်ဖမ်းတာ မရောင်းဘူး"

"အံမယ်"

ကော်ဘူးကော်ခွက်ဝယ်တဲ့လူက စကားကြီးစကားကျယ်ပြောတဲ့ ဂီတကိုကြည့်ပြီးပြုံးကာ –





"အခု ငါက ငါးဆယ်တိုးပေးတယ်လေကွာ။ နှစ်ရာငါးဆယ် ယူလို့ပြောတာ"

"မရောင်းဘူး"

"ဟုတ်တယ်၊ ဂီတပြောတာမှန်တယ်။ ဦးလေးကြီးကလေ အချောင်ရမယ်ဆို လူသေကောင်ပါးစပ်ထဲက ကျူးတို့ခတောင် လိုက်နှိုက်ယူမလား မပြောတတ်ဘူး"

"ဟား . . . မောင်နှမနှစ်ယောက်စလုံး စကားအကြွယ်က သေးပါလားဟေ့။ ကဲ . . . မင်းတို့တောင်းတဲ့သုံးရာကို ပေးပါ့မယ် သကြီးမင်းတို့ရယ် နော်။ ရော့ ရော့ . . . သုံးရာ"

"ပေး"

ချင်းချင်းက ပိုက်ဆံသုံးရာကို ဆတ်ခနဲဆွဲယူပြီး လှည့်ထွက်ဖို့ခြေလှမ်းပြင်လေလျှင် –

"ကလေးတွေ နေဦး"

နှစ်ယောက်သား ပြန်လှည့်ကြည့်ကြလေတော့ –

"မင်းတို့နာမည်တွေ ဘယ်လိုခေါ်လဲ"

"ချင်းချင်းနာမည်က တေးသီချင်း"

"သားနာမည်က ဂီတသံ"

"နာမည်တွေကတော့ အပုံစား အမိုက်စားပါလားဟေ့။ ရောက်နေလည်း ဒီမှာပဲ လာရောင်းကြနော် ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကြီး ဈေးလျှော့ရင်တော့ မရောင်းဘူး"

"မလျှော့ပါဘူးကွာ ... ဟား ဟား ဟား"

သဘောကျစွာ ရယ်ကျန်ခဲ့တဲ့ လူကို ကျောခိုင်းပြီး မောင်နှမ နှစ်ယောက် လက်ချင်းချိတ်ကာ ထွက်လာခဲ့ကြ၏။ လမ်းရောက်မှ ချင်းချင်းက ပိုက်ဆံကို ပုံနှိပ်စာအုပ်တစ်အုပ်ထဲသို့ညှပ်ပြီး လွယ်အိတ်ထဲသို့ ပြန်ထည့်သည်။

အိမ်မှာ –

သူတို့နှစ်ယောက်အတွက် ကျောင်းစရိတ်ရော စားရေး သောက်ရေးအတွက်ပါ ကိုကြီးတစ်ယောက်တည်း ရှာနေရတာလေ။ ကိုကြီးတစ်ယောက်တည်း ပြေးလွှားရုန်းကန်နေရတာကို သူတို့ မကြည့်ရက်။

ဒါကြောင့် –

တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရအောင် ဘယ်လိုလုပ်ရမလဲ လို့ ချင်းချင်းစဉ်းစားနေခဲ့တာ။ စံပယ်ပန်းရောင်းဖို့ သွားမေးကြည့်တော့ သူတို့ကို ကလေးတွေမို့ မယုံဘူးတဲ့လေ။ တကယ်ဆို ကလေးတွေက မှ ဖြူစင်ရိုးသားကြတာမဟုတ်ဘူးလား။ ချင်းချင်းကလည်း မာနရှိသူ။ လက်ငင်းပေးပြီးဝယ်နိုင်အောင် ကျောင်းဆင်းတာနဲ့ ရေသန့်ဘူးတွေ၊ ကော်ဘူးကော်ခွက်တွေ လိုက်ကောက်ပြီး ရောင်းတာလေ။

လေးငါးရက်ကြာတော့ –





အလုပ်ပြောင်းပြီး ပန်းရောင်းခဲ့သည်။ ဂီတာကလည်း နှုတ်လုံ ပေ။ ကိုကြီးကိုပြန်မပြောရဘူးဆိုတာကို လုံးဝမပြောပေ။

"စံပယ်ပန်းတွေ စံပယ်ပန်းတွေ"

"အန်တီတို့ မမတို့ ဝယ်သွားကြပါဦးနော်"

"တစ်တွဲမှ ငါးရာတည်းပါ။ အန်တီတို့ မမတို့ ဝယ်သွားကြပါ ဦး။ စံပယ်ပန်းတွေ၊ စံပယ်ပန်းတွေရမယ်"

"စံပယ်ပန်းသည် လာပါဦး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

လာပါဦးဆိုတဲ့လူဆီကို အပြေးအလွှားသွားရ၏။

"တစ်တွဲ ဘယ်လောက်လဲ"

"ငါးရာပါ အန်တီ"

"မလျှော့တော့ဘူးလား"

"ဖောက်သည်လေးရှာငါးဆယ်ယူရပါတယ် အန်တီရယ်။ တစ်တွဲကုန်မှ ချင်းချင်းတို့က ငါးဆယ်ပဲမြတ်တာပါ။ အန်တီတို့လို ကိုယ်ပိုင်ကားစီးနေရတဲ့လူတွေအဖို့ ပိုက်ဆံငါးရာဆိုတာ ဘယ်လောက်မှ မရှိပါဘူး အန်တီရယ်"

"ဝယ်သွားပါ အန်တီရဲ့။ ပန်းဝယ်လို့ အန်တီတို့ ပိုက်ဆံကုန်တယ် ထင်ပါနဲ့။ ဂီတတို့က ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းပေးဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း ... ရှုပ်ချောအပြောကောင်းလေးတွေပဲ။ ကဲ ... ပေး ပေး ... တစ်တွဲယူမယ်"

"ဟုတ်ကဲ့"

ချင်းချင်းက မုန်းတွဲပေးပြီး ပိုက်ဆံယူနေတုန်းမှာ ဂီတက သင်ထားတဲ့အတိုင်း ဆုတွေပေးနေ၏။ ဈေးရောင်းတယ်ဆိုတာ ရောင်းသူ ဝယ်သူ အပေးအယူလုပ်တာဆိုပေမယ့် ကိုယ်က မေတ္တာပို့ပေးရင် အသွားအပြန်သဘောအရ ရောင်းပန်းကောင်းလို့ ဝယ်ပန်းလည်းလှမှာပါလို့ ဘွားကျော်က သင်ပေးထားတာလေ။

"စံပယ်ပန်းတွေရမယ် စံပယ်ပန်းတွေ"

ဂီတအသံလေးက ချင်းချင်းထက်ပို၍ စီစီလှုပ်နေသည်။ အချို့က လိုချင်လို့ဝယ်တာဖြစ်ပြီး အချို့က သနားလို့ ဝယ်ကြတာဖြစ်၏။

"အန်တီတို့ မမတို့ စံပယ်ပန်းတွေ ဝယ်သွားကြပါဦးနော်"

"တစ်တွဲမှ ငါးရာတည်းပါ"

"စံပယ်ပန်းတွေ စံပယ်ပန်းတွေ"

"ဟိတ် ... ချင်းချင်းနဲ့ ဂီတ"

"ဟာ ... အန်တီဒေါက်တာ"

လှမ်းခေါ်လိုက်တဲ့ ဒေါက်တာသီသီဟာန်ဆီ ချင်းချင်းတို့ မောင်နှမ ပြေးသွားလိုက်ကြသည်။





"အန်တီဒေါက်တာ ပန်းဝယ်မလို့လားဟင်"

"ဝယ်မှာပေါ့ ဂီတရဲ့"

"မမ"

"ဟင် ... ဘာလဲ ဂီတ"

"အန်တီဒေါက်တာက ဂီတရဲ့ အသက်သခင် ကျေးဇူးရှင်ဆို"

"ဟုတ်တယ်လေ"

"ဒါဆို ပန်းတစ်တွဲလောက် အလကားပေးလိုက်ပါလားဟင် မေ"

"ပေးရမှာပေါ့ မောင်လေးရဲ့"

"ရပါတယ်ကွယ် အလကားမပေးပါနဲ့။ အန်တီဒေါက်တာ အကုန်လုံးဝယ်ပါ့မယ်။ ဘယ်နှစ်တွဲရှိသေးလဲ"

ချင်းချင်းက ပန်းတွဲလေးတွေကို မြောက်ကြည့်ပြီး လက်လေး ချောင်းထောင်ကာ –

"လေးတွဲပါ"

"ပေး ပေး ... အကုန်ယူမယ်နော်"

ဒေါက်တာသီသီဟာန် ပန်းတွဲလေးတွေကိုယူပြီး ပိုက်ဆံ နှစ်ထောင်ကို ထုတ်ပေးလိုက်ကာ –

"ကဲ ... အန်တီဒေါက်တာ သွားတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဂီတက ထုံးစံအတိုင်း မေတ္တာတွေပို့ပေးနေသေးသည်။ ကားလေးက လျှောခနဲမောင်းထွက်သွားတာနှင့် ရောင်းစရာပန်းတွေ ကုန်သွားပြီမို့ မောင်နှမနှစ်ယောက် လက်ချင်းချိတ်ကာ ကျောင်းသို့ လာခဲ့၏။

"မမ"

"ဘာလဲ ဂီတရဲ့"

"ဒီနေ့ ဘယ်လောက်မြတ်လဲ"

"ဖောက်သည်ယူတုန်းက တစ်တွဲ လေးရာလေ။ တစ်ရာ မြတ်တော့ ခုနစ်တွဲ ယူခဲ့တာ ခုနစ်ရာမြတ်တာပေါ့"

"ဒါဆို မနက်ဖြန်တစ်တွဲ တိုးယူလို့ရပြီပေါ့"

"ဒါပေါ့ ဂီတရဲ့"

တွက်ရေးတော့ စက်သူဌေးလုပ်ကာ ဂီတမျက်နှာလေးက ပြုံးချိုနေသည်။ ဒီအလုပ်နဲ့ သူတို့ ထက်နိုင်သလောက် ပိုက်ဆံရှာရသည်ပဲလေ။

❑❑❑



## အခန်း (၆)

ဦးသိန်းထိုက် ပြောပြတာတွေကို နားထောင်ပြီး ဦးသက်နိုင် ခုံညွှနေ၏။ ဦးသိန်းထိုက်က အတော်မူးနေပြီမို့ အရက်သောက်လို့ ကျွဲခိုးပေါ်တာလေ။ သိန်းထိုက်နဲ့ကျော်စွာက သူငယ်ချင်းတွေဖြစ်ပြီး စကားဝါ့ကို အပြိုင်ပိုးခဲ့ကြတာ။ ဦးသိန်းထိုက်က ပြည့်စုံကြွယ်ဝသူ မှုပ်ပြီး ကျော်စွာက ဆင်းရဲရှာတဲ့သူ။

စကားဝါက ကျော်စွာကို ရွေးလိုက်တော့ သိန်းထိုက် အရှုံကို ကျွဲခတ်ခံလိုက်ရတာ။

"မင်း တော်တော်ရက်စက်ယုတ်မာတဲ့ကောင်ပဲ သိန်းထိုက်။ ဝါဝါက မင်းကိုမချစ်လို့ ကျော်စွာကိုရွေးလိုက်တာပဲ။ အချစ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လုယူလို့ရတဲ့အရာ မဟုတ်ဘူးလေ။ အခု မင်း သူများမိသားစုကို ဖြိုခွဲပစ်တာ ကောင်းသလား"

"ကောင်းတယ်၊ သိပ်ကောင်းတာပေါ့။ ငါဆိုတဲ့ကောင်က လိုချင်တာကို ရအောင်ယူရမှ ကျေနပ်တာကွ။ အဲဒါကြောင့် သူ့မယား လိုချင်လို့ သူ့လင်ကို လုံနဲ့ထိုးလိုက်တာလေ။ သူတို့ဆင်းရဲချို့တဲ့တာ ကိုသိလို့ ငါ ပွဲမိုးခဲ့တယ်။ ကျော်စွာကို ဒရိုင်ဘာခန့်ပြီး ကျေးဇူးတရားနဲ့ ရိုက်ချလိုက်တာ ဒီကောင် ထောင်ကျသွားရောပဲ။ သူညံ့လို့ သူခံရတာ ခံပေါ့ကွာ ... ဟား ဟား ဟား ဟား"

"ဒါဆို ယာဉ်တိုက်မှုကိစ္စက မင်းလုပ်ကြံလိုက်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ငါ တမင်လုပ်ပြီးမှ ကျော်စွာကို ကိုယ်စား အပြစ်ကျခံဖို့ အသနားစာခံလိုက်တာလေ။ အဟွန်း ... အသည်းနုတဲ့ ကိုရွှေကျော်စွာက ငါ့မျက်ရည်ကျပြလိုက်တာနဲ့ ခေါင်းညိတ်ပြီး တာဝန် ရှ လက်ထိုးခံသွားတာ။ ငါက သူ့မိသားစုအတွက် သိန်းတစ်ထောင် ပေးမယ်ဆိုတာကြောင့်လည်း ပါတာပေါ့ကွာ။ ငါက သူထောင်ကျမှ သိန်းတစ်ထောင်ပေးမယ်ဆိုပြီး ဝါဝါ့ကို ခေါ်လာခဲ့တာ။ ပြီးတော့ သိမ်းပိုက်လိုက်တယ်လေ။ ကဲ ... ဘယ်လောက်ပိုင်သလဲ"

"မင်းကွာ ... မင်းလုပ်ရက်တယ်။ မင်းရဲ့ မရှုစမ်း မဆင်ခြင် တဲ့စိတ်ကြောင့် ကားတိုက်ခံရပြီးသေသွားတဲ့ တစ်ဖက်လူကလည်း





ကြွက်ကလေး ငှက်ကလေး မဟုတ်ဘူးကွ"

"အဲဒါတွေ ငါမသိဘူး။ ငါဖြစ်ချင်တာတစ်ခုပဲ ငါသိတယ်"

"ကျွတ်"

"ဝါဝါကလည်း တော်တော်မိုက်တဲ့မိန်းမပဲ။ ငါ သူ့ကိုသိမ်း ပိုက်ပြီး ရွှေဘုံပေါ်မှာ စံနိုင်းထားတာတောင် ထွက်ပြေးလို့ ကားတိုက်ခံ ရပြီး သေသွားတာ"

"မင်းမှာ သားကြီး မယားကြီးရှိရဲ့သားနဲ့ သိန်းထိုက်ရာ"

"လူကြီးတွေ အတင်းပေးစားလို့ ယူထားရပေမယ့် ငါမှ မြူ့ကို ချစ်တာ။ ငါချစ်တဲ့သူကို ငါရအောင်ယူတာ ဘာဖြစ်လဲ"

"အခု ဟိုမှာက ကလေးတွေ ဒုက္ခရောက်ကုန်ပြီ"

"အဲဒီအကာန့်က ငါနဲ့မဆိုင်ဘူး"

"ဘာ"

အံ့သြပြီးရင်း အံ့သြနေရပါလား။ ဦးသက်နိုင် ရှုံ့ရှာသော အကြည့်တို့နှင့် ဦးသိန်းထိုက်ကိုကြည့်လိုက်၏။ သူငယ်ချင်းအချင်းချင်း သူ့ရှိသုပ်ရက်တယ်။ ရယူပိုင်ဆိုင်ခြင်းကိုမှ အချစ်လို့ထင်ပြီး ဒီကောင့် အတ္တတွေ တစ်ဖက်စွန်းရောက်နေတာ။

သူ –

သိန်းထိုက်ကို အချစ်ရှုံးသူရယ်လို့ သနားပြီး ဖေးမခဲ့သော ဘာပြီ။ အခု ကျော်စွာနဲ့ ဝါဝါက အချစ်မှာနိုင်ပြီး ရှုံးခဲ့ရတာ သပတွေ။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးခဲ့ရတာက အသက်။ အဲဒီအရာတွေကို ဘာနဲ့ အစားပြန်ထိုးကြမလဲ။ ဖန်းဆုံးတဲ့အဖြစ်ကိုကြားပြီး ကျော်စွာလည်း မစားနိုင်မသောက်နိုင် ဖြစ်ကာ ထောင်ထဲမှာ ဆုံးသွားပြီ။ ကလေးတွေကို ဘယ်လိုပြောပြရမလဲ။

"မင်းပါးစပ်မှ ပြောထွက်တယ် သိန်းထိုက်ရာ။ မင်းမှာလည်း သားသမီးတွေနဲ့ပါကွ။ ဒုက္ခရောက်နေတဲ့ကလေးတွေကို မင်း ကိုယ်ချင်းစာကြည့်စမ်းပါ"

"သက်နိုင်"

"ဘာလဲ"

"မင်း နိုင်ငံခြားကပြန်လာတာ ငါ့အတွက် အမှိုက်နဲ့ဒိုက် မဖြစ်စေနဲ့နော်"

"ဒီမှာ သိန်းထိုက်"

ခေါ်လိုက်တော့ မျက်ထောင့်နီကြီးနှင့်ကြည့်သည်။

"ငါကတော့ အမြင်မတော် အကြားမတော်တာရှိရင် ပြောနေမှာပဲ။ အဲဒီတော့ မပြောမိအောင် မင်းနဲ့ငါ ပြတ်နေတာ အကောင်းဆုံးပဲ"

"ဒါတော့ မင်းသဘောပဲ"

"ကောင်းပြီ ... ဒါဆို ငါသွားမယ်"

ဦးသက်နိုင် ထွက်လာခဲ့တော့၏။ သက်နိုင်၊ ကျော်စွာနဲ့





သိန်းထိုက်တို့သုံးယောက်က အချစ်ဆုံးသူငယ်ချင်းတွေ။ စကားဝါက သူတို့မေဂျာမှာ ကွင်းလေ။ ဒါကို သိန်းထိုက်နဲ့ကျော်စွာက အပြိုင်ပိုးခဲ့ကြသည်။ ကျော်စွာက ဆင်းရဲချို့တဲ့နေတော့ အားငယ်ရသူ။

ဒါပေမဲ့ –

ကျော်စွာက ရုပ်ချောပြီး နူးညံ့သိမ်မွေ့သူ။ ဒါကြောင့် ဝါဝါက ကျော်စွာကိုသနားပြီး အဖြေပေးလိုက်တာလေ။ ဒါကို သိန်းထိုက်က ဘော့နှစ်။ ဝါဝါတို့က ချမ်းသာတော့ မိဘတွေက သဘောမတူလို့ [illegible]ခဲ့ကြတာလေ။ ဝါဝါ့ကို အမွေပြတ်လိုက်ကြပြီး နောက် ဝါဝါ့မိဘတွေ အိမ်ကို မီးလောင်ခံရပြီး ဘာမှမရလိုက်တော့ ထိုစိတ်နှင့်ပဲ ဆုံးပါးသွားကြတာ ရှေ့ဆင့်နောက်ဆင့်။

ဦးသက်နိုင်။

အတိတ်ကိုတွေးမိပြီး သက်ပြင်းချလိုက်သည်။ ကျော်စွာတို့နေခဲ့တဲ့ အိမ်လေးဆီသို့ သူ ဦးတည်လာခဲ့၏။ ဝါဝါ့သားအကြီးကောင် သိဟသူကိုတော့ သူ ကောင်းကောင်းသိသည်လေ။ ဒီတော့ သူ့အဖေဆုံးတဲ့ကိစ္စ သွားပြောရမှာပေါ့။ ပြောရမှာ စိတ်တော့မကောင်းပေမယ့် မပြောလို့လည်းမဖြစ်။

"ညီလေးမျက်နှာက နေတော့ ဟောဒီရှင်မတောင်သနပ်ခါးလေးနဲ့ဆို အရမ်းလိုက်ဖက်တာပဲ။ ချစ်လို့ကို မဝဘူး"

"ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ညီမလေးကရော"

"ညီမလေးကလည်း လှတာပဲ။ ကဲ ဂီတကပြီးပြီဆိုတော့ ချင်းချင်းကို ကိုကြီးက ခေါင်းဖြီးပေးမယ်နော်"

"ကျစ်ဆံမြီးပါ ကျစ်ပေးနော် ကိုကြီး"

"အေးပါ ... ဟိုဘက်လှည့်"

သီဟ ညီမဖြစ်သူကို ခေါင်းဖြီးပေးပြီး ကျစ်ဆံမြီးကျစ်ပေး နေတာလည်း စိတ်ရှည်လက်ရှည်။ ပြီး ဆံမြိတ်ပါးလေးတွေကို နဖူး ဝဲကျနေအောင် ဖြီးချပေးလိုက်၏။

"ကိုကြီး"

"ဗျား"

"ဂီတလည်း မမလို ဆံပင်ရှည်ထားချင်တယ်။ ဂီတ ကိုကြီးက ခဏခဏ ညှပ်ခိုင်းတော့ မရှည်ဘူး"

"မမက မိန်းကလေးလေ ဂီတရဲ့။ မိန်းကလေးဆိုတာ ဆံပင် ရှည်ခြင်းက ကောင်းခြင်းငါးဖြာထဲမှာပါတာကိုး။ မင်းက ယောက်ျား လေ။ ယောက်ျားလေးဆိုတာ ဆံပင်ရှည်မထားရဘူး"

"ဟုတ်လား"

"ဟုတ်တယ်၊ မင်းဆံပင်ရှည်ထားရင် ဘာပုံပေါက်သွားမလဲ သိလား"





"မသိဘူး"

"မသိရင် မှတ်ထား။ မင်း ဆံပင်ရှည်ထားရင် မင်း အခြောက် ပေါက်သွားမှာပေါ့ ကောင်လေးရဲ့"

ခေါင်းကို အုပ်ကိုင်ပြီး လှုပ်ခါပြောလိုက်တော့ ဂီတက ရယ် သည်။ မောင်နှမသုံးယောက် ရုပ်ချင်းဆင်ကြတဲ့အထဲမှာ ဂီတက ချောဆုံးပါ။ သီဟက ယောက်ျားပီသဟန်ပုံပေါက်ပေမယ့် ဂီတ ကတော့ ကလေးမို့လို့လားမပြောတတ် မျက်နှာလေးကနုဖတ်မွှန်ညက် တာ အပြစ်ပြောစရာမရှိ။

သီဟကျတော့ –

မျက်နှာက လေးထောင့်ဆန်ချင်သလိုလိုရှိပြီး ပါးမြိုင်းရာ ဆီတ်ရာ စိမ်းစိမ်းလေးတွေ ရေးရေးမြင်နေရပြီကိုး။

"နင်က အခြောက်ဖြစ်ချင်လို့လား ဂီတ"

"မဖြစ်ချင်ပါဘူး"

"မဖြစ်ချင်လည်း နင့်ရုပ်က အခြောက်ရုပ်ပေါက်မှာ ကျိန်း သေတယ်"

"မမနော်"

"ဘာလဲ ... အခြောက်"

"အဲဒီလို မခေါ်နဲ့နော်၊ မကြိုက်ဘူး"

"ခေါ်မယ် ... အခြောက်"



www.burmeseclassic.com

www.burmeseclassic.com



"မမ ကိုကြီး မမကိုပြောဦး"

အောင့်ညှစ်ညှစ်အသံနှင့်ပြောလေတော့ –

"မစနဲ့ ချင်းချင်း။ ဒီကောင်ငိုရင် အမျှင်က ရှည်ပါဘိနဲ့"

"သီဟရေ သီဟ"

"ဟင်"

"သီဟ"

အိမ်ရှေ့က ခေါ်သံကြောင့် လည်ပင်းရှည်ကာ လှည့်ကြည့်လိုက်ကြတော့ –

"သီဟ အိမ်ရှေ့မှာ ဧည့်သည်တစ်ယောက် မင်းနဲ့တွေ့ချင်လို့တဲ့"

"ဩော် . . . ထွန်းထွန်း ခေါ်ခဲ့လေ"

သီဟ ထရပ်ပြီး ကြိုဆိုလိုက်တော့ အိမ်ပေါ်ကိုတက်လာကာ အဖေတို့အရွယ် လူကြီးတစ်ယောက်။ ချင်းချင်းက အလိုက်သိစွာ သင်ဖြူးလေးခင်းပေးကာ –

"ဦး ထိုင်ပါရှင်"

ဦးသက်ခိုင်က သီဟကိုသာကြည့်ပြီး –

"မောင်သီဟ"

"ဗျာ"

"ဦးကို မှတ်မိလား"





သီဟ စေ့စေ့ကြည့်ပြီး မှတ်မိသလိုလို မမှတ်မိသလိုလို။

"စိတ်တော့မရှိပါနဲ့ ဦးရယ်၊ ကျွန်တော် ဦးကို သိသလိုလို သိသလိုလိုနဲ့ မမှတ်မိဘူး ဖြစ်နေတာ"

"ငါ မင်းအဖေရဲ့သူငယ်ချင်း သက်ခိုင်လေကွာ"

"ဟာ ဟာ မှတ်မိပြီ၊ လေးလေးခိုင်"

"ဟုတ်တယ်"

"လေးလေးခိုင် လာ ထိုင်လေ"

"အေး အေး"

ခင်းပေးထားတဲ့ သင်ဖြူးပေါ်မှာဝင်ထိုင်ပြီး ကလေးတွေ မျက်နှာကို စုံအောင်ကြည့်မိတော့ ပြောမထွက်။ နုနယ်တဲ့ ကလေးတွေရဲ့ နှလုံးသားကို ဒဏ်ရာတွေပေးရမှုနှင့် ရစရာမရှိဖြစ်တော့မည်။ မပြောတော့ပါဘူးလေ။ နောက်မှ သူတို့ဘာသာ သိသွားရင်တော့ တစ်မျိုးပေါ့။

အခု –

ကလေးတွေကိုကြည့်ပြီး သူမှာ ပြောပြဖို့ အင်အားမရှိတော့။

"မောင်သီဟ"

"ဗျာ လေးခိုင်"

"သားတို့ နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ဒီလိုပဲပေါ့ လေးခိုင်ရယ်။ ဘဝဆိုတာ တိုက်ပွဲပဲလေ။ ရရ



www.burmeseclassic.com

www.burmeseclassic.com



ားစား ဝါးဝါးမျိုးမျိုးပဲပေါ့''

''အခု သား ဘာလုပ်နေသလဲ''

''ကျွန်တော် နေ့ဘက်ဆို ကလေးကစားစရာအရုပ်တွေ ရောင်းပါတယ်။ ညဘက်ကျတော့ ဒီလိုပဲ အလုပ်ရှိလို့လာခေါ်တဲ့သူ ရှိရင် လိုက်တာပေါ့။ ဒီကောင်ထွန်းထွန်းက ညဘက် ဘီလပ်မြေထမ်းတာတို့ ဘာတို့ဆိုရင် ကျွန်တော့်ကိုခေါ်တယ်လေ။ နေ့ဘက်လည်း လိုက်လုပ်ပါတယ်။ အခြားအလုပ်မရှိတဲ့အချိန်ကျမှ ကစားစရာအရုပ်တွေကို ထွက်ရောင်းတာပါ''

''ဪ''

သီဟက ရှည်လျားစွာရှင်းပြနေသည်ကိုပဲ အငယ်နှစ်ယောက်က မော့ကြည့်ပြီး နားထောင်နေသည်။

ဒီလိုတွေကြားရ မြင်ရတော့ ဦးသက်နိုင် သိန်းထိုက်ဆိုတဲ့ကောင်ကိုပဲ ဒေါသထွက်မိပြန်၏။

လက်က ပိုက်ဆံအိတ်ဆီ အလိုလိုရောက်သွားပြီး တစ်သိန်းအုပ်နှစ်အုပ်ကို ဆွဲထုတ်လိုက်ကာ –

''မောင်သီဟ''

''ဗျာ''

''မောင်သီဟတို့မောင်နှမတွေ ရင်းနှီးစားသောက်ဖို့အတွက် ဒီငွေလေးကို လက်ခံပေးပါနော်''





ကမ်းပေးတဲ့ငွေထပ်ကို စိုက်ကြည့်ပြီး သီဟ ပြန်တွန်းလိုက်ကာ –

''မယူပါရစေနဲ့ လေးနိုင်၊ ကျွန်တော် ယောကျ်ားပါ။ သူများအသာပေးတဲ့ငွေကိုယူပြီး ကျွန်တော် မရပ်တည်ပါရစေနဲ့။ ကျွန်တော် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ကျွန်တော့်ညီ ညီမတွေကို လုပ်ကျွေးချင်တယ်''

ဦးသက်နိုင် သက်ပြင်းကြီးချကာ –

''မင်းကလည်း မင်းအဖေလို မာနမင်းသားပဲကိုး''

''ခုလိုကူညီတဲ့အတွက် လေးနိုင်ကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဒီပိုက်ဆံကို လက်မခံတာက သူများကိုအားကိုးပြီး ရှေသာခိုချင်တဲ့စိတ် ဖြစ်လာမှာစိုးလို့ပါ''

''အင်း ... မင်းစိတ်ဓာတ်ကို ငါ လေးစားတယ်ကွ။ မင်းလိုနေရှိုး ကြိုးစားချင်တဲ့ကောင်အတွက် ကောင်းသောအရာတွေက ကြိုဆိုနေမှာပါ''

ဒါ ... သီဟရဲ့မျှော်လင့်ချက်ပဲလေ။ သူ ဘယ်လောက်ပဲ ဆင်းပန်းခံပြီး ကြိုးစားရပါစေ ဂီတနဲ့ချင်းချင်းကို မညာတတ်ဖြစ်ပြီး အလှူစေချင်၏။ သူ့ ဆင်းရဲချင် ဆင်းရဲပါစေ ကလေးတွေ တင့်တယ်ကောင်း တင့်တယ်နေရရင် ကျေနပ်ပြီ။

''ကဲ မောင်သီဟ ... လေးနိုင် ပြန်လိုက်ဦးမယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ လေးခိုင်"

"အကူအညီလိုရင် ပြောနော်"

"ဟုတ်ကဲ့ပါ"

ဦးသက်ခိုင် လာရင်းကိစ္စကိုလျှို့ဝှက်ပြီး မပြောရက်သည့် စကားတို့ကို မျိုသိပ်ကာ ပြန်လာခဲ့တော့၏။

❑ ❑ ❑



## အခန်း (၇)

"အရုပ်တွေ၊ အရုပ်တွေ ကလေးကစားစရာ အရုပ်တွေ"

တကြော်ကြော်အော်ပြီး အရုပ်ရောင်းနေတဲ့ သီဟကို အချို့ [illegible]ောင်မလေးတွေက ကြည့်ပြီး ပြုံးစိစိလုပ်သွားကြ၏။ အချို့ကျတော့ [illegible]ာမျက်ဝန်းတွေနှင့် ကြည့်သွားကြသည်။ ရုပ်ကလေးက ချောပါ [illegible]က်နဲ့ ဝတ်တာကစုတ်စုတ်၊ လုပ်ရတဲ့အလုပ်က အနုပ်စုတ် ဂုတ် [illegible]တာ။

"ညီလေး ညီမလေးတို့ ကစားဖို့အတွက် အရုပ်တွေနော်၊ [illegible]တွေ"

"သနားပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ် ... ရုပ်ကလေးက ချောချောလေး။ နှမြောဖို့ကောင်းလိုက်တာ"

"ဟဲ့"

"ဘာတုန်းဟ"

"ရွှေပင်နားတော့ ရွှေကျေးတဲ့"

"နင် ဘာကိုပြောတာလဲ"

"ရှင်ဘုရင်နဲ့ညား မိဖုရားဆိုတာလေ။ သူ့ကို အရေခွံလဲပေးပြီး ကားပေါ် ပွဲ့တင်သွားပါလားလို့ပြောတာ"

"ပွဲ့တော့တင်ချင်ပါတယ်ဟာ ... သူ့ဗလက ဆင်ကိုးစီးစားလို့မကုန်ကြီးကို"

"ဒါဆို ကရိန်းနဲ့ မတင်ပါလား"

"အေး ... အပေါး"

ကိုယ့်ကို နောက်တာမှန်းသိပေမယ့် သီဟ ဂရုမစိုက်နိုင်။ ပါးစပ်ပါလို့ပြောကြတာ ပြောပါစေတော့။ လူတွေပါးစပ်ကို ဂရုစိုက်နေရင် ထမင်းငတ်ရုံပဲရှိမှာလေ။ သူတို့ဘာသာ ပွဲ့ပဲတင်တင်၊ ကရိန်းနဲ့ပဲမမ ကိုယ့်ဘဝက နတ်သမီးနတ်သက်ကြွေဆင်းလာရင်တောင် ဟင့်အင်း လုပ်ရမှာလေ။

ဘာကြောင့်လဲဆို –

သူ့ဘဝမှာ တစ်၊ နှစ်၊ သုံး နံပါတ်တိုင်းက ဂီတနဲ့ချင်းချင်း





ဖြစ်နေလို့ပါပဲ။ သူတို့က သုံးယောက်ပေါင်းမှ လုပြည့်စုံတဲ့ စွယ်တော်ရွက်ကလေးလို။ ဂီတနဲ့ချင်းချင်းက စွယ်တော်လွှာကလေးတွေဖြစ်ပြီး သူက နှစ်လွှာကြားက စွယ်တော်ညှာပဲပေါ့။ စွယ်တော်နှစ်လွှာ မခွဲခွာရအောင် ကြားခံထိန်းချုပ်တာက အညှာပဲမဟုတ်လား။

"အရုပ်တွေ အရုပ်တွေ၊ ညီလေး ညီမလေးတို့အတွက် ဘာစားစရာ အရုပ်မျိုးစုံရမယ်နော်"

"အစ်ကိုကြီး"

"ဟေ"

"ဟို ငါးရုပ်က ဘယ်လောက်လဲဟင်"

"နှစ်ရာညီလေးရဲ့"

"အဲဒီငါးရုပ် သားယူမယ်"

"ရမယ် ... ရမယ်"

သီဟ ငါးရုပ်ကြီးကို ဖြုတ်ပေးပြီး ကောင်လေးပေးတဲ့ပိုက်ဆံနှစ်ရာကို လွယ်အိတ်ထဲသို့ ထည့်လိုက်၏။

"ဟော့ ... သီဟ"

"ဟာ ... ထွန်းထွန်း"

"ရှာလိုက်ရတာကွာ"

"အလုပ်ကိစ္စလား"

"ဒီနေ့ ပန်းရုံအလုပ်ဆင်းစရာရှိတယ်ကွ။ ရုပ်ရှင်ထောင်



www.burmeseclassic.com

www.burmeseclassic.com



လောက် စီမှာနော်။ အဲဒါကြောင့် မင်းကို လိုက်ရှာနေတာ''

''အဲဒါက ဟုတ်ပါပြီ၊ ဒါကြီးက ဘယ်လိုလုပ်ရမလဲ''

''ယူခဲ့လေကွာ၊ ဟိုရောက်ရင် တို့ပန်းရုံအဖွဲ့ထဲကလူတွေ သူတို့သားသမီးတွေဖို့ ဝယ်ချင်ဝယ်မှာပေါ့။ မင်းအလုပ်နှစ်ခုတောင် ဖြစ်သေးတယ်''

''သွားရမှာ ဘယ်လောက်ဝေးလဲ''

''ဒါကြီးနဲ့ဆိုတော့ လမ်းလျှောက်သွားရမှာပဲ။ သိပ်မဝေးပါ ဘူးကွာ''

''တောသားကြီးတစ်ကွေ့လား''

''အေး''

''သွားကြတာပေါ့''

ဘတ်စ်ကားစီးသွားလျှင် ရပါလျက်နဲ့ သီဟရဲ့အရုပ်တွေကြောင့် ထွန်းထွန်းပါ လမ်းလျှောက်သွားရတော့သည်။ နှစ်ယောက်စလုံးရဲ့ ခြေလှမ်းတွေက တလွှားလွှားပါ။

''စံပယ်ပန်းတွေ . . . စံပယ်ပန်းတွေ''

''ဂီတ . . . ဒီဘက်ကိုလာ''

''ဟိတ်''

ဂီတက ချင်းချင်းဆီသို့သွားမည်အပြု နောက်ကနေ တစ်ဦးတစ်ယောက်က လက်ဆွဲထားကာ –





''မင်းတို့ တော်တော်စည်းကမ်းမဲ့ပါလား''

''ဘာကိုပြောတာလဲ''

''လူစည်း ဘီလူးစည်းဆိုတာ ရှိတယ်ကွ။ မင်းတို့လာရောင်းတာ တို့ဝွင်''

''ဘာဆိုင်လို့လဲ၊ ပန်းရောင်းတာ အခွန်ဆောင်နေရဦးမှာလား။ ဘယ်နေရာမှာပဲရောင်းရောင်း ရတယ်''

''မရဘူး''

ချင်းချင်းက ခပ်စွာစွာလေးပြောလိုက်တော့ တစ်ဖက်ကလည်း ဘူးခါတယ်။

''မရလည်း ရောင်းမယ် ဘာလုပ်ချင်လဲ''

''ငါ . . . တယ်''

''ဟော့ကောင်''

ဒီအချိန်မှာ ကြီးတောင်ယ်တာ ဂီတနားမလည်။ လှည့်ကြည့်သူကို လက်ညှိုးငေါက်ငေါက်ထိုးလျက် –

''မင်း ငါ့မမကို ထိရဲထိကြည့်စမ်း''

''အံမာ . . . မလောက်လေးမလောက်စားနဲ့ ငါ့ကိုစိန်ခေါ်နေတယ်''

''ထိကြည့်လေ မမကို''

ပြောပြီး ဂီတက လမ်းဘေးရှိ အုတ်ခဲကျိုးကို ကောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချင်းချင်းကို တကယ်ထိရင် တကယ်သူကလည်း အုတ်ခဲနှင့်
တကယ်ပစ်မည်ပုံ။ ထိုစဉ် အနားမှာရပ်သွားသည့်ကားတစ်စီးပေါ်မှ—

"ဟာ ... ကလေးတွေ ရန်မဖြစ်ကြနဲ့လေ ... ဟင်"

ဦးသိန်းထိုက် ဂီတတို့မောင်နှမကိုမြင်လိုက်ရသဖြင့် ဟင်း
ဖြစ်သွားသည်။

"ဂီတ"

အမုန်းဆုံးမျက်နှာကိုမှ မြင်လိုက်ရသဖြင့် ဂီတ ပေစောင်း
စောင်းကြည့်ကာ အုတ်ခဲကိုဇိကိုက်ပစ်လိုက်၏။ ပြီး လက်ကလည်း
နဖူးကအမာရွတ်ကလေးကို စမ်းမိသွားသည်။ ကလေးပေမယ့် ကလေး
နဲ့တန်တဲ့ အငြိုးအတေးတွေ သူ့ရင်ထဲမှာရှိ၏။

"ဦးသိန်းထိုက်"

ချင်းချင်း ခေါ်လိုက်တဲ့အချိန်မှာ အုတ်ခဲကိုင်ထားတဲ့ ဂီတ
လက်တစ်ဖက်မြောက်တက်သွားပြီး –

"ဝုန်း"

"ဟာ"

"ဂီတ"

စိတ်နဲ့လက်က တစ်ထပ်တည်းပါလား။ တားချိန်ပင်မရလိုက်
အောင် ဝုန်းခနဲအသံနှင့်အတူ။

"မင်း မင်း ... ဘယ်လိုလုပ်လိုက်တာလဲ"





"မြင်တဲ့အတိုင်းပဲ"

"တောက်"

"ခင်ဗျား ... ထမင်းဝအောင်စားထား"

"ဘာကွ"

"ဂီတ"

ချင်းချင်း ဂီတလက်ကိုဆွဲလိုက်ပြီး –

"လာ ... သွားရအောင်"

ဂီတက ဦးသိန်းထိုက်ကို ပေစောင်းစောင်းကြည့်နေဆဲ။

"လာပါဂီတရယ်၊ သွားရအောင်နော်"

"သောက်ကလေး တောက်"

တောက်ခေါက်ပြီး မောင်းထွက်သွားတဲ့ ကားကိုကြည့်ရင်း
ဂီတ အုတ်ခဲကို ဇိကိုက်ထားတာ ပေါက်ထွက်လုမတတ်ပါ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"တီးတောင် တီးတောင်"

လူခေါ်ဘဲလ်သံကြောင့် ပန်းငုဝါ ပြေးထွက်လာခဲ့သည်။ ခြံ တံခါးကို ဖွင့်ပေးလိုက်ပြီး ရပ်နေသူကိုကြည့်လိုက်တော့ အကြည့် ချက်ချင်းမရုတ်သိမ်းနိုင်။ ချောလို့ ငေးမိသွားတာကို အပြစ်ရှိတယ် လျှင် –

"အန်တီဒေါက်တာ ရှိလား"

"ဩော် ... မေမေ့ကိုပြောတာလား"

"ဒေါက်တာဒေါ်သီသီဟန်ကိုပြောတာ"

"အဲဒါ ငုဝါရဲ့အမေလေ"





"ဟုတ်တယ်၊ အဲဒါဆို နင့်အမေကိုပြောတာ"

"မေမေ ရှိတယ်၊ အထဲဝင်လေ"

အထဲဝင်ခွင့်ပေးလိုက်တာနှင့် ဝင်သွားလိုက်တာ ငုဝါကို နည်း နည်းမှ လှည့်ကြည့်ဖော်မရ။ သူ ဘယ်သူလဲ ဘယ်ကလဲ။ မေမေနဲ့ သိနေတယ်ဆိုတော့ ဘယ်လိုသိနေကြပါလိမ့်။

ငုဝါတွေးရင်း အိမ်ထဲကို ဝင်လာတော့ သူ မထိုင်ဘဲ မတ် တတ်ရပ်လျက် ရှိနေဆဲပါ။

"ထိုင်လေ"

"ဟုတ်"

"ခဏစောင့်နော်၊ မေမေ့ကို သွားခေါ်ပေးမယ်"

ငုဝါ အပေါ်ထပ်ကိုပြေးတက်လာပြီး အလယ်ရောက်မှ သူ့ကို ပြန်ငုံ့ကြည့်တော့ သူက ငုဝါကိုလိုက်ကြည့်မနေ။ လိုက်ကြည့်နေမလား သို့ ပြန်ငုံ့ကြည့်တာ မကြည့်တော့ စိတ်တိုသွားမိ၏။ ကျောင်းမှာဆို ငုဝါသွားရာ ကောင်လေးတွေလိုက်ကြည့်တတ်ကြသည် မဟုတ်လား။

အခု သူကျတော့ –

ငါ ရုပ်ချောတယ်ဆိုပြီး မာန်တက်တာလား။ သူကိုက ဒီလိုပဲ သူတွေကို ဂရုမစိုက်တတ်တာလား။

"ဟဲ့ ... သမီး"

"ဩော် ... မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်မတက် အောက်မဆင်းနဲ့ ဒီမှာဘာရစ်လုပ်နေတာ
လဲ"

"ဟို မေမေ့ကိုလာခေါ်မလို့ပါ။ ညွှန်သည်ရောက်နေတယ်
မေမေ။ မေမေနဲ့ တွေ့ချင်လို့တဲ့"

"ဘယ်သူပါလိမ့်"

ဒေါ်သီသီဟာန် ညွှန်ခန်းဆီကို ငုံ့ကြည့်လိုက်ပြီး –

"ဪ . . . သီဟပဲ"

"သူနာမည်က သီဟလား"

"သီဟသူတဲ့"

"ခြသေ့်ပေါ့။ အဲဒါကြောင့် လူကို မျက်တောင်နီနဲ့ကြည့်တာ"

"ငဝါနော် ချောတာမြင်တာနဲ့ တန်းပြီးစိတ်မဝင်စားနဲ့။ ညည်း
ပါးစပ်မှာ နို့နံ့မပျောက်သေးဘူး သိလား"

"မေမေကလည်း"

သမီးဖြစ်သူကို မျက်စောင်းထိုးပြီး ဒေါ်သီသီဟာန် ဆင်းလာ
တော့သည်။

သီဟက ရိုးသားပေမယ့် ကိုယ့်သမီးစိတ်ကို ကိုယ်မယုံ
မိန်းကလေးအတော်များများက ချောတာ လှတာမက်ကြသည်လေ
ကိုယ်ကလည်း ငယ်ရာကကြီးလာသူပဲ။ ဒီအရွယ်တွေက စိတ်ကစားကြ
တဲ့ အရွယ်တွေပဲဥစ္စာ။





"မောင်သီဟ"

"အန်တီ ဒေါက်တာ"

"ကိစ္စရှိလို့လား မောင်သီဟ"

သီဟ လွယ်အိတ်ထဲသို့ လက်နှိုက်ပြီး ပြန်ထွက်လာတော့
အိတ်ထဲမှာ အကောင်းစားလည်းမဟုတ်၊ အညံ့စားလည်းမဟုတ်သော
အဆင့်အခက်တွေနှင့် လုံချည်တစ်ထည်။

"ကျွန်တော့်လုပ်အားခနဲ့ အန်တီဒေါက်တာ့ကို ကန်တော့
ချင်လို့ ဝယ်လာခဲ့တာ။ ဒီလုံချည်လေးကို လက်ခံပေးပါနော်"

ပြောရင်းပဲ သီဟက ရှေ့မှာ ဒူးထောက်ချလိုက်ကာ –

"လက်ခံပါနော်"

"အေးလေ . . . သားက ဝယ်လာပြီးပြီဆိုတော့ လက်ခံပေးရ
တာပေါ့"

သီဟမျက်နှာ ပြုံးသွားလျက် လက်အုပ်ချီကာ ဦးချလေလျှင်
ဒေါ်သီသီဟာန် ဆုပေးရင်း ဝမ်းနည်းရမလို ဝမ်းသာရမလို။ လိမ္မာတဲ့
ကလေးတွေကျတော့လည်း ဘဝကံကြမ္မာက ဆိုးလိုက်တာ။

"အန်တီဒေါက်တာ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးနော်"

"အေး . . . အေး"

ပြန်လာခဲ့သည့် ခြေလှမ်းတွေက ဆန္ဒပြည့်လို့ သွက်လက်
နေပါစွာ။ အိမ်ကိုရောက်ကာနီး ဘွားကျော်တို့အိမ်ရှေ့ကို အဖြတ်တွင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . သီဟ"

"____"

"သီဟ"

"ဗျာ . . . ဘွားကျော်"

"ခဏလာဦး"

"ဘာခိုင်းမလို့လဲ ဘွားကျော်"

"ခိုင်းမလို့မဟုတ်ဘူးဟေ့ ပြောစရာရှိလို့"

ဘွားကျော်က ပြောစရာရှိလို့ဆိုတော့ သီဟ ဝင်လာခဲ့သည်။ အိမ်နီးနားချင်းဆိုပေမယ့် ဘွားကျော်က သူတို့အဘွားရင်းလိုပါပဲ။ အရေးအကြောင်းဆို ဘွားကျော်ကိုပဲ ပြေးပြောရတာလေ။ ဘွားကျော်က မသင့်တော်လို့ တားရင်လည်း နားထောင်သင့်တာ ထောင်ရသည်ပါပဲ။

"ဘာပြောမလို့လဲ ဘွားကျော်"

"ပြောမယ် ရှေ့ကိုတိုး"

"ဟုတ်ကဲ့"

သီဟ ရှေ့ကိုတိုးသွားလိုက်တော့ –

"ချင်းချင်းနဲ့ဂီတ ဘာလုပ်နေလဲ နင်သိလား"

"မသိဘူးလေ၊ ကျွန်တော်က အပြင်ထွက်နေရတာများတော့ သူတို့ကျောင်းသွားတယ်၊ အိမ်ပြန်လာတယ်။ ဒါပဲသိတာ ဘွားကျော်ရဲ့။





ဘွားကျော်က ဘာတွေသိထားလို့လဲ"

"အေး . . . ငါလည်း သူများဖောက်သည်ချလို့ သိရတာ"

"ဂီတနဲ့ချင်းချင်း ဘာဖြစ်လို့လဲ ဘွားကျော်"

"ကားကြိုကားကြားမှာ စံပယ်ပန်း လိုက်ရောင်းနေတယ်တဲ့"

"ဗျာ"

ကြားလိုက်ရတဲ့စကားက ရင်ဝကို ဆောင့်ကန်လိုက်သလို တုတ်မဟုတ် သေသေချာချာမသိရသေးပေမယ့် ဒေါသက ချင်နေပြီ။

ဘယ့်နှယ် ကိုယ်ကတော့ ပြေးလွှားရှုန်းကန်ပြီး သူတို့ကို တတ်ဖြစ်စေချင်လွန်းလို့ ကျောင်းထားပေးခဲ့တာ။ သူတို့က ဒီလို တယ်ဆိုတော့ ကိုယ့်စေတနာကို စော်ကားလိုက်ခြင်းပါပဲ။

"ဘွားကျော် . . . ဘွားကျော်ပြောတာ သေချာရဲ့လားဗျာ"

"သေချာ, မသေချာတော့ နင်ကိုယ်တိုင်ပဲ မေးကြည့်လေ"

"ဟုတ်ကဲ့၊ ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"သီဟ"

"ပြောပါ ဘွားကျော်"

"ကလေးတွေကို အေးအေးဆေးဆေးမေးနော်။ ရိုက်နှက်နဦး။ ငါက ကားကြိုကားကြားမှာ ကလေးတွေကို စိတ်မချလို့ ပြောပြတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟင်းအင်းမလုပ် အင်းမလုပ်နှင့် သီဟာ လှည့်ထွက်လာခဲ့တော့သည်။ ဟုတ်ရင်တော့ တွေ့မယ်လို့ ကြိမ်းဝါးနေတာရင်ထဲက။ ကား တွေကြားမှာ ပန်းရောင်းနေသည်ဆိုတော့ တစ်ခုခုဖြစ်သွားရင် ဘယ်လို လုပ်မလဲ။ သူတို့ မကြောက်ပေမယ့် တွေးကြည့်ရုံနှင့် သူ့မှာတော့ စိုးရိမ်စိတ်တွေ ငယ်ထိပ်တက်ဆောင့်နေတာပါပဲ။

သူ အိမ်ပေါ်ကိုတက်တာနှင့် စတင်ကြားလိုက်ရသည့် အသံ က ...

"ဒီနေ့ ဆယ်တွဲကုန်တော့ တစ်ထောင်မြတ်တာပေါ့နော် မမ"

"ဒါပေါ့"

"အားလုံး ဘယ်လောက်စုမိပြီလဲ"

"နေ့တိုင်းရောင်းကောင်းရင်တော့ အများကြီးရမှာပေါ့။ ရောင်းမကုန်တဲ့နေ့ကျ ကျောင်းကာဘုရားမှာ လှူပစ်လို့ အရင်းပြန်မရတဲ့ နေ့ အရင်းပဲရတဲ့နေ့တွေရှိတယ်လေ။ ဒီကြားထဲ ကိုကြီး အိမ်စရိတ် အတွက်ပေးတာ နည်းတဲ့နေ့ဆို ဒီထဲက ယူတာခြမ်းတာ ရှိသေးတယ်"

"အဲဒါ မမ ဟင်းကောင်းတစ်ခွက် အမြဲထည့်ချက်လို့ပါ"

"ဟဲ့ ... ကိုကြီးက တစ်နေကုန် ပင်ပန်းနေတော့ ဟင်း ကောင်းတစ်ခွက်ပါမှ ထမင်းစားလို့မြိန်မှာပေါ့"

"ထားပါ၊ အခု ဘယ်လောက်စုမိပြီလဲ"

"အားလုံးပေါင်း ရှစ်ထောင့်ခြောက်ရာ့ငါးဆယ်"





"အများကြီးပဲနော်"

မမြင့်ဖူး မှုးမြစ်ထင်ဆိုတာမျိုး။ ဂီတဖြစ်သွားပုံက ပိုက်ဆံ အိတ်ကောင်ကျော်ကို တစ်သက်လုံး ထိုင်စားလို့ မကုန်တော့မည့်အတိုင်း ပါ။

"မမ"

"ဟင်"

"သူများဆီမှာ ဖောက်သည်ယူရမယ့်အတူတူ ဂီတတို့ခြံထဲမှာ ဆယ်ပင်တွေ စိုက်ထားရင် မကောင်းဘူးလား။ အဲဒါဆို သူများကို ပိုက်ဆံမပေးရတော့ဘူးပေါ့"

"အင်း ... နင့်အကြံကောင်းတယ်"

"ဒါဆို မနက်ဖြန်ကျ စံပယ်ပင်တွေ ဝယ်စိုက်ရအောင်"

"ချက်ချင်းလုပ်လို့ မဖြစ်ဘူးလေ။ ကိုကြီးသိရင် အဆူခံရဦး မယ်"

"ဒါလည်း ဟုတ်တာပဲ"

အသံက တိတ်သွားကြပြန်၏။ သီဟာ အိမ်ထဲကိုမဝင်သေးဘဲ ဆက်ရပ်နေလိုက်သည်။ ဘာသံထပ်ထွက်လာဦးမလဲလို့လေ။ ဘဝက ပေးတဲ့သင်ခန်းစာတွေကြောင့် ထင်ပါရဲ့။ ဂီတ စကားပြောပုံက လူလည်လေးအတိုင်း။

ပိုက်ဆံရပေါက်ကုန်ပေါက်တွေကိုတောင် ချင့်ချိန်တွက်ဆ



www.burmeseclassic.com

www.burmeseclassic.com



တတ်နေပြီပဲ။ ဒါပေါ့လေ၊ လေးတန်းကျောင်းသားဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့။

"မမ"

"ဘာလဲ ဂီတရဲ့"

ပိုက်ဆံတွေကို ပြန်သိမ်းရင်း ချင်းချင်းက ထူးလေသည်။

"ပိုက်ဆံတစ်သောင်းကျော်လောက်စုမိရင် ဒီထက်အမြတ်များမယ့် အလုပ်တစ်ခုပြောင်းလုပ်ရအောင်"

"ဘာလုပ်ရမှာလဲ"

"မသိဘူးလေ"

"ပန်းရောင်းတဲ့အလုပ်က တို့နဲ့ အထာကျနေပြီ ဂီတရဲ့။ အလုပ်ကျယ် အလယ်လတ်နေပါ့မယ် ဂီတရယ်။ ပုံမှန်ရမယ့် ဒီအလုပ်ပဲ လုပ်စမ်းပါ"

"ဉာဏ်ကြီးရှင်တို့ စကားတွေကြွယ် အတတ်ကောင်းတွေ တတ်နေကြတယ်ပေါ့လေ ဟုတ်လား"

"ဟာ ... ကိုကြီး"

"အယ် ... ကိုကြီး"

သီဟကိုမြင်တော့ အံ့ဩစွာနှင့် နှစ်ယောက်သား ပူးပူးကပ်ကပ် ဖြစ်သွားကြသည်။ ဒေါသကြောင့် သီဟ မျက်ဝန်းတွေက ရဲနေပြီလားမသိ။ ကိုယ်ရုန်းကန်ရှာကျွေးနေတဲ့ကြားက သူတို့ရှာစရာလား။





ကျောင်းသားဆိုတာ ကျောင်းစာကိုပဲ စိတ်ဝင်စားရမှာ။ တော့ လူလေးတွေ လက်တောက်လောက်နဲ့ သူတို့ကိုယ်သူတို့ ရေးလုပ်ငန်းရှင်ကြီးတွေအတိုင်း တွက်ချက်နေလိုက်ကျတာ။ သူတို့ လိုလုပ်ရင် ကိုယ်က ဘာကောင်ဖြစ်သွားပြီလဲ။

"ချင်းချင်း"

"ရှင်"

"နင်တို့က ငါကွယ်ရာမှာ လုပ်ချင်တာ လုပ်နေကြတယ်ပေါ့ ဟုတ်လား"

"ဟိုလေ အဲဒါ"

"နင်တို့ကို ငါရှာမကျွေးဘဲထားလို့လား ပြောစမ်း"

"မထားပါဘူး"

"ထမင်းရော ဘယ်နှစ်နပ် ငတ်ဖူးလဲ"

"တစ်နပ်"

"ဘာ"

"ဟို ဂီတဖျားတုန်းက ဆန်မရှိလို့ တစ်နပ်ငတ်ဖူးတာ"

"တော်စမ်း"

မျက်လုံးကစားပြီး ရှာလိုက်တော့ တံမြက်စည်းကိုတော့ သည်။ တံမြက်စည်းနဲ့ မရိုက်ကောင်းဘူးဆိုတော့ –

"ဂီတ"



www.burmeseclassic.com

www.burmeseclassic.com



"မျာ"

"တုတ်သွားရှာစမ်း"

"ကိုကြီး ဘာလုပ်မလို့လဲ"

"မင်းတို့ကို ရိုက်မလို့"

"အင်"

"သွားလေ"

ဂီတ ပေကပ်ကပ်နှင့်ထသွားပြီး ပြန်လာတော့ လက်ထဲမှာ ပါလာသည့်တုတ်က သစ်ကိုင်းခြောက်ကလေးမို့ —

"မင်းက လူလည်ကိုး။ တုတ်မရှိ လက်နဲ့ရိုက်တယ်ကွာ၊ ကဲ"

"ဖြန်း"

"အား"

"နွားမ နင်လည်း လာခဲ့ . . . ကဲ"

"ဖြန်း"

"ကြောက်ပါပြီ ကိုကြီးရဲ့"

"ဖြန်း"

"အား"

ဂီတ ငယ်သံငယ်ရင်းပါအောင် အော်ပစ်လိုက်၏။ ရိုက်ချက်ထက် အော်သံက ပိုပြင်းလှပါဘိ။

❑ ❑ ❑



## အခန်း (၉)

"ဂီတ ဂီတ"

"အင်"

"ဂီတ ဟဲ့ ဂီတ"

"မျာ မျာ"

ပခုံးကိုကိုင်ပြီး လှုပ်နှိုးတာကြောင့် ဂီတ အလန့်လန့် အဖျပ်ဖျပ်နှင့် ထထိုင်လိုက်ပုံက စုတ်တီစုတ်ဖွာပါ။ ချင်းချင်းက ဘေးမှာ ထိုင်ချလိုက်ပြီး —

"လူက ဆယ်တန်းကျောင်းသားဖြစ်နေပြီ။ အခုထိ အိပ်ရင် ယောင်တတ်တုန်းပဲ။ ဘယ်အချိန်ရှိပြီလဲ ကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကအချိန်"

"ဘာ . . . ဟဲ့ မျက်လုံးကိုဖွင့်ပြီး ပြူးပြဲကြည့်ဦး။ ရှစ်နာ
ထိုးနေပြီ"

"ဟာ . . . မမကလည်း ဒီနေ့ကျောင်းပိတ်တုန်း အိပ်ရတာကို"

"အိပ်မနေနဲ့ ထတော့၊ ဒီမှာ ငါ ခေါင်းလျှော်မလို့၊ လျှော်ပေး
ဦး"

"ဆယ့်တစ်နာရီမကျော်ရင် ခေါင်းမလျှော်ရဘူးလို့ ကိုကြီး
မှာထားတယ်လေ။ ရဟန်းဆွမ်းငတ်တယ်ဆိုလား ဘာလား"

"တော်စမ်းပါဟယ်၊ တစ်လောကလုံးမှာရှိတဲ့ လူတွေ
ခေါင်းကိုမလျှော်လည်း တစ်ယောက်ယောက်ကတော့ လျှော်နေမှာပဲ"

"ဝါး"

"ဟဲ့"

"ဘာလဲ မမရဲ့"

"ထ ထတော့"

ချင်းချင်းက ဆွဲထူလေတော့ ဂီတ လေးတိလေးတွဲနှင့်
လေသည်။ သွားတိုက်ဖို့ မျက်နှာသစ်ဖို့က အဆင်သင့်။ သူ့ကို အဲ
အဆင်သင့် နေ့စဉ်လုပ်ပေးသလို ချင်းချင်း ခေါင်းလျှော်ပြီဆို ဂီတ
ဆံပင်ကအရှည်ကြီးဆိုတော့ တစ်ယောက်တည်း လျှော်လို့ကမရ
လေ။





သီဟက ချင်းချင်းကို ဆံပင်လုံးဝမဖြတ်ရလို့ အမိန့်ထုတ်ထား
သည်။ မိန်းကလေးဆိုတာ ဆံပင်ရှည်မှ ယဉ်တာတဲ့။

"အဲဒီဆံပင်က တစ်ခါခေါင်းလျှော်ရင် တစ်ဒုက္ခ။ ညှပ်ပစ်
လိုက်ပြီးရော"

"ဟော့ကောင် မင်း ဘာစကားပြောတာလဲ"

"အဲ"

ကိုကြီးအသံကိုကြားလိုက်ရသဖြင့် ဂီတ ဇက်ပုသွားလေ
သည်။

"ချင်းချင်းခေါင်းကဆံပင်ကို မင်း ကူရှက်ထားရသလား
ကွာ"

"ကူရှက်ထားရရင် ကတုံးဖြစ်တာကြာပြီ"

"ဘာကွ"

မကြားအောင် တိုးတိုးပြောတာ ကြားဖြစ်အောင်ကြားတဲ့နားပါ
သား။

"မိန်းမတို့ဓါကောင်းခြင်းငါးဖြာထဲမှာ ဆံပင်ရှည်တာပါတယ်
ကွ။ တော်ရုံမချောတဲ့လူတောင် ဆံပင်ရှည်ရင် ယဉ်တယ်ဆိုတာ
မသိဘူးလား"

"မကြားဖူးပါဘူး"

"မင်းက ဗဟုသုတနည်းတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးညီမ ဆယ့်တစ်နာရီမထိုးခင် ခေါင်းလျှော်မယ်မြော တာကျတော့ မပြောတော့ဘူးလား"

သီဟာအကြည့်က ချင်းချင်းဆီသို့ ရောက်သွားသည်။ ဟုတ် လားဆိုတဲ့သဘောဆောင်နေတာမို့ ချင်းချင်း ခေါင်းငုံ့လိုက်ရင်း ဂီ လက်ခုံကို ဆွဲဆိတ်ပစ်လိုက်၏။ အဲဒါ ကုန်းချော့ချင်ဦးပေါ့။

"အား"

"ဘာဖြစ်တာလဲ"

"ဆိတ် ဆိတ်တာ"

"ချင်းချင်း"

"ရှင် ကိုကြီး"

"နှစ်ယောက်စလုံး ကြပ်ကြပ်သတိထားကြ"

"ဘာတွေ သတိထားခိုင်းနေတာလဲ သီဟာရဲ့"

"ဟင်"

"ဟယ် ... မမငုဝါ"

ငုဝါက အပြုံးလေးချိုချိုနှင့် ဝင်ထိုင်လေသည်။ ဒီအိမ် သူ့ခွင့်တောင်းနေဖို့မလိုဘူးလေ။ ငုဝါလာတာနှင့် သီဟာမျက်နှာ တင်းသည်ထက်ပိုတင်းသွား၏။ ငုဝါက သူနဲ့အရောဝင်ချင်ပေမယ် သူက အရောမဝင်ချင်။ အနိတိဒေါက်တာနဲ့ ရင်းနှီးမှု ဘယ်လော ပိုပို ငုဝါနဲ့က ပိုလို့မဖြစ်။





သူက ဆရာဝန်မသမီးဖြစ်တဲ့အပြင် သူကိုယ်တိုင်ကလည်း ဆရာဝန်လောင်းတစ်ယောက်။ ကိုယ့်လို အညတြနဲ့တွဲသွားတွဲလာလုပ် ရင် လူတွေ ဘာပြောကြမလဲ။ လူအတော်များများက ပါးစပ်နဲ့ မစွပ်စွ ရင် မျက်လုံးနဲ့တော့ စပ်စုကြတာ ဓမ္မတာ။

သို့လော သို့လော ဝေဖန်လာကြရင် ကိုယ်က ယောကျ်ား သမို့ နစ်နာစရာမရှိပေမယ့် တစ်ဖက်က မိန်းကလေးသိက္ခာကိုငဲ့ရ သည်။ ငုဝါကလည်း ဘယ်လောက်ပြောပြော အမှတ်မရှိ။ သူ့ကိုမှ ခင်ရရင် ထမင်းစားမဝင်တော့တဲ့အတိုင်း။

"ငုဝါ"

"ဘာလဲ"

"နင် ဒီကို ဘာလာလုပ်တာလဲ"

"လမ်းကြုံလို့ဝင်လာတာလေ"

"နောက်မလာနဲ့"

"ဟာ ... ကိုကြီးကလဲ"

ချင်းချင်း ငုဝါကို အားနာစွာ ပျာပျာသလဲဖြစ်သွား၏။

"ဘာလဲ နင်က နင့်ဆီကိုလာတယ်များ ထင်နေသလား သီဟာ။ အဲဒီလိုထင်ရင်တော့ နင်မှားသွားပြီ"

"ဒါဆို ဘယ်သူ့ဆီကို လာတာလဲ"

"ချင်းချင်းဆီကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုစွရှိလို့လဲ"

"မိန်းကလေးချင်းပဲ ကိစ္စရှိမှလာရမှာလား။ အလည်လာတ…

ဘာဖြစ်လဲ"

သီဟာ မွဲပစ်လိုက်၏။ ချေးစားပြောတောင် ကြိုက်လို့စားတာ…

ထင်မှာ မယုံရေးချမယ့်။

"ကိုကြီး"

"ဘာလဲ"

"ကိုကြီးဆီကိုလာတယ်ဆိုရင် ကိုကြီးက ဘာလုပ်မှာလဲ"

"ဟော့ကောင် … မင်း ငါ့ကို ကတ်သီးကတ်သပ်မမေးနဲ့"

"သိချင်လို့ မေးကြည့်တာပါ"

"မမေးနဲ့"

"ကိုကြီးက အားအားရှိ ဒေါသပဲထွက်နေတာ။ တော်ကြ…

ဒေါသနဲ့ရောပြီး လိပ်ထွက်နေဦးမယ်"

"ဂီတ … မင်း"

မျက်နှာကြီးရဲခနဲဖြစ်သွားတဲ့ သီဟာကိုကြည့်ပြီး ငုဝါက ပြ…

စိစိ။ ချင်းချင်းကတော့ အပေါက်ခံရမှာစိုးလို့ ပြုံးချင်စိတ်ကို မျိုသိပ်…

ရ၏။

"ချင်းချင်း"

"ရှင်"





"ခေါင်းလျှော်မလို့ဆို၊ လာ … ငါလျှော်ပေးမယ်"

"ဆယ့်တစ်နာရီမထိုးသေးဘူးလေ ကိုကြီးရဲ့"

"မင်းပါးစပ်ကို ပိတ်ထား။ ချင်းချင်း လာ"

"ကိုကြီး"

"လျှာမရှည်နဲ့"

ကိုကြီးလက်ဆွဲခေါ်တော့ ချင်းချင်းက ငုဝါကို အားနာသလို

…ညှိုကြည့် လှည့်ကြည့်နှင့်ပဲပါလာခဲ့၏။

"အလကား အလုပ်မရှိ အလုပ်ရှာပြီး စမုန်နက်စေ့နဲ့ နှမ်းစေ့

…ရွေးတာ"

"ကိုကြီး ဘယ်သူ့ကို ပြောတာလဲ"

"ငုဝါကို"

ချင်းချင်း ခိခနဲကျိတ်ရယ်လိုက်၏။ ကိုကြီးနဲ့မငုဝါက ဆေး

…နဲ့ တောက်တဲ့လို။ မငုဝါက ပြောမနာဆိုမနာနဲ့ ကိုကြီးကို

…စနေတာ။ ဒါကို ဒီလိုပြောသင့်သလား။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ချင်းချင်းက ဆယ်တန်းအောင်ပြီး အဝေးသင်သာ တက်
သူမို့ စတိုးဆိုင်တစ်ခုမှာ အလုပ်ဝင်လုပ်နေရသူ။ ဒီအလုပ်ကလေ
လုပ်ဖို့ကိုပင် သီဟာက ခွင့်ပြုချင်တာမဟုတ်။ ဂီတာက ဆယ်တန်းအေ
ပြီဆိုတော့ ရှေ့ဆက် စရိတ်တွေက ပိုလာတော့မည်။ ညီနဲ့ညီမ
ပညာတတ်တွေဖြစ်စေချင်လွန်းလို့ တစ်ယောက်တည်း ရုန်းရင်းကာ
ရင်း ကျောင်းထားခဲ့တာ။

ချင်းချင်းနဲ့ဂီတာကလည်း သိတတ်သူတွေ။

ဘယ်လောက်ပဲရိုက်ရိုက်၊ တုတ်အောက်က နုန်ထွက်ပြ
လစ်တာနဲ့ အလုပ်ရှာလုပ်ကြတာ။ အခု ချင်းချင်းကဆို သတ်ချင်သည





ထိုက် အဝေးသင်ပဲယူပြီး အလုပ်တစ်ခုလုပ်မယ်လို့ ဆုံးဖြတ်တော့
ောက်ဆုံးခွင့်ပြုရသည်သာ။

"ဒီ မိတ်ကပ်ဘူးက ဘယ်လောက်လဲ ညီမ"

"ခုနစ်ထောင်ပါ အစ်မ"

"မလျှော့တော့ဘူးလား"

"ရောင်းဈေးပါ အစ်မ၊ ညီမတို့ဆိုင်က သူများထက် ပိုမရောင်း
ပါဘူး"

"ရောင်းတဲ့လူတိုင်း ဒီလိုပဲ ပြောကြတာပဲလေ"

"အစ်မ အခြားဆိုင်တွေမှာလည်း မေးကြည့်လို့ရပါတယ်။
ညီမတို့ဆိုင်က ဈေးပိုနေတယ်ဆိုရင် အချိန်မရွေး ပြန်ပို့လို့ရပါတယ်။
ဒ်ဆောမလိမ်းမိစေနဲ့ပေါ့"

"အပြောချိုတာနဲ့ တစ်ခါတည်းဝယ်ချင်စိတ် ပေါက်သွားပြီ"

အမျိုးသမီးက ရယ်ပြီး မိတ်ကပ်ဘူးကို ထောင်ကြည့်နေလိုက်
သေး၏။ စိတ်ကြိုက်ရွေးတာက သူတို့ကိစ္စ။ ကာစတန်မာအပေါ် စိတ်
ရှည်ရမှာက ချင်းချင်းတို့ ဝန်ထမ်းတွေရဲ့တာဝန်။

"ဒီမိတ်ကပ်က ဘာကောင်းလဲ"

"ဝက်ခြံတင်းတိပ် ပျောက်တယ် အစ်မ။ ရက်ရှည်စွဲလိမ်း
ရင် အသားအရေနုပြီး ဖြူတယ်လေ"

"တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ သုံးကြည့်လိုက်လေ"

"ဒါဆို ယူလိုက်မယ်နော်"

"ဟုတ်ကဲ့"

"နေဦး လိုချင်တာတွေ ဦးမလား။ အထဲဝင်ကြည့်လိုက်ဦးမယ်"

"ဝင်ပါအစ်မ . . . ဝင်ပါ"

ဆိုင်၏အတွင်းကျကျဘက်မှာလည်း ဝန်ထမ်းတွေရှိနေသည်မို့ ချင်းချင်းက လိုက်မသွားတော့ပေ။ ချင်းချင်း ဖျတ်ခနဲ ခေါင်းမော့ကြည့်လိုက်တော့ လူတစ်ယောက်နှင့် အကြည့်ချင်းဆုံသွား၏။

"ဟင်"

ချင်းချင်း ရပ်နေရတဲ့နေရာနဲ့ ဓားလွယ်ရုတ်နေရာကနေ သူက လက်ပိုက်ပြီး ရပ်ကြည့်နေပုံရသည်။ အကြည့်ချင်းဆုံသွားမှ ဟိုလိုလို ဒီလိုလို မျက်နှာလွှဲသွားလေလျှင် –

"ဘာလိုချင်လို့လဲ"

သူက လှည့်လည်းမကြည့် ဖြေလည်းမဖြေ။

"ဒီမှာ"

"——"

"ဒီမှာ ဒီမှာ"

"ဟင်"





မျက်နှာပြန်လှည့်လာပြီး –

"တို့ကိုခေါ်တာလား"

"ဟုတ်တယ်"

"ပြော"

"ဘာလိုချင်လို့လဲလို့ မေးတာ"

"မင်း"

"ဘာ"

"တကယ်မသိတာလားလို့ မေးမလို့"

နဖူးကြောတွေ တွန့်သွားအောင်လုပ်ပြီး ကြည့်မိပြီးမှ မေးမိ[illegible] မှားပါတယ်လို့ ကိုယ့်ဘာသာ အပြစ်တင်မိရင်း မလျှော့သော [illegible]သံနှင့်။

"တကယ်မသိလို့ မေးတာပေါ့"

"ငါက ယောကျ်ားပဲဟာ။ အလှကုန်ပစ္စည်း ဘာဝယ်စရာ [illegible]လို့လဲ"

"ယောကျ်ားလေးတွေလည်း သုံးတဲ့သူ သုံးတာပဲ။ ရေမွှေး [illegible] ဘာတို့ ရှင်မသုံးဘူးလား"

"ဒီဆိုင်က ပစ္စည်းမျိုး တို့မသုံးဘူး"

"ဘာ ရှင် ရှင် စော်ကားလှချေလား"

"ဟ ဘာလိုင်းကြီးပါလား။ စော်ကားတဲ့စကား ငါဘာတစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



ပြောမိလို့လဲ”

“ရှင်ပြောတဲ့စကားက ဒီဆိုင်မှာတင်ထားတဲ့ပစ္စည်းတွေကပဲ အပေါ်စားတွေလိုလိုနဲ့လေ”

“အဲဒါ မင်းမေးလို့ ငါပြောရတာ။ မမေးရင် ပြောစရာ အကြောင်းမှ မရှိတာ”

ကြည့်စမ်း ပြောပုံက။ ကိုယ်တပဲ သူနဲ့အရောဝင်ချင်လို့ မေးသလိုကြီးပါလား။ လျှာရှည်တဲ့ပါးစပ်ကြောင့် မှားတာ။ ဒါပေမဲ့ ငြိမ်ခံနေရင် ကိုယ်နဲ့ရာကျဦးမယ်။

“ဒါဆို ရှင် ဘာလို့ အဲဒီမှာရပ်နေတာလဲ”

“မင်းကို ရှုံးနေတယ် ထင်လို့လား”

“မထင်ပါဘူး”

“သူများနဲ့ အဖော်လိုက်လာလို့ စောင့်ပေးနေတာ”

“အဲဒီလို စောစောက ပြောပါလား”

“မင်း အကဲမခတ်တတ်တာ ပြောဦးလေ”

ဆက်မပြောချင်တော့တာကြောင့် ချင်းချင်း တစ်ဖက်လှည့် လိုက်တော့၏။ တကယ့် လူ့ဂွစာ ဘုကန့်လန့်ပဲ။ စိတ်လျှော့ချင်းချင်း ရေ့ စိတ်လျှော့။ ကိုယ်က ကာစတန်မာနဲ့ပါလာတဲ့လူကိုလည်း စိတ်ရှည်ရမှာပဲ။

“ဟော့”





ခေါ်နေတာကြားပြီး ချင်းချင်းမထူးပေ။

“ဟော့ ခေါ်နေတာ မကြားဘူးလား”

“ဘာလဲ”

“ဟာ . . . ကာစတန်မာကို အဲဒီလိုဆက်ဆံရလား”

“ရှင်က အဖော်လေ၊ ကာစတန်မာမှ မဟုတ်တာ”

“အခု ဟုတ်သွားပြီ”

ချင်းချင်း မျက်စောင်းထိုးတာကို သူက မမြင်သလိုလုပ်ကာ ဆေးပုလင်းကို လက်ညှိုးထိုးပြလျက်။

“ဒါ ဘယ်လောက်လဲ”

“ပြောတော့ ဒါမျိုး မသုံးဘူးဆို”

“အခု သုံးချင်စိတ်ပေါက်သွားလို့”

“အမျိုးမျိုးပဲ”

“ချင်းချင်းရေ”

“ရှင်”

နောက်ဘက်ကခေါ်သံကြောင့် ချင်းချင်း လှည့်ကြည့်လိုက်

ဟဲ —

“နင့်အစ်ကို ဖုန်းဆက်တယ်”

“ဘာတဲ့လဲ မမထား”

“နင့်ကို အိမ်ပြန်ရင် တစ်ယောက်တည်း ပြန်မလာနဲ့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဂီတ လာကြိုလိမ့်မယ်လို့ ပြောတာ”

တစ်ဖက်မှာနားထောင်ပြီး ဒီဘက်ကပြန်လှည့်လိုက်၏။ ကိုကြီး အကဲပိုတာအတွက်ကျေနပ်ရင်း မပြောဖြစ်သေးတဲ့ ရေမွှေး ပုလင်းတန်ဖိုးကို ပြောလေလျှင် –

“နာမည်က ချင်းချင်းလား”

“ဘာဖြစ်ဖြစ် ရှင်မေးစရာမလိုဘူး ထင်တယ်”

“ဩော် . . . ဈေးခြင်းလား၊ ချင်းတွင်းမြစ်လား၊ ချင်းလူမျိုး လား၊ ဒါမှမဟုတ် ကလေးတွေ ဘာတွေမွေးရင် ပါတဲ့ အချင်းလား”

“ရှင်နော် ဘာတွေလာမေးနေတာလဲ”

“သိချင်လို့ပါ”

မျက်နှာလေးရှဲသွားခြင်းနှင့်အတူ ချင်းချင်း မျက်စောင်းထိုး လိုက်မိတာကို သူက ရယ်နေလျက်။

“မေးတာဖြေလေ”

“တေးသီချင်း တေးသီချင်း၊ ကဲ . . . သိပြီလား”

“ဩော်”

□ □ □



## အခန်း (၁၁)

အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်စားဖို့အတွက် ချင်းချင်းကို [illegible]ညှိနေတဲ့ဂီတ။ ခေါင်းငုံ့လိုက်လျှင် ဆံပင်ပျော့တွေက နဖူးမှတစ်ဆင့် [illegible]ပြင်ပေါ် ဖြိုးဆင်းလာပြီး ခေါင်းမော့ပြီးခါလိုက်ရင် ခဏတော့ ဖတ် [illegible] ပြန်ကပ်သွားတာမျိုး။ နောက်ကကျတော့ ကုတ်ထောက်ထက်သာ [illegible] စည်းထားလို့ရသည့်အနေအထားနှင့်။

လူက စိတ်ကြမ်း ကိုယ်ကြမ်းသာမဟုတ်ရင် မြင်နေရတဲ့ [illegible]တိုင်းဆို သူ့ချောပုံက တကယ့်မိန်းကလေးလို ဖြူနုနေတာပါ။

“ဂီတ”

“ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုကြည့်ပြီး ငါ တော်တော်အမြင်ကတ်တယ်သိလား"

"မေတ္တာကြီး သက်သက်ပါလား။ ကျွန်တော်က ကိုကြီးအမြင်ကတ်အောင် ဘာလုပ်နေလို့လဲ"

"ဆံပင်လေ၊ အဲဒီဆံပင်ကို အမြင်ကတ်တာ"

သူ့ဆံပင်ကို ဂီတပြန်ကိုင်ကြည့်ပြီး –

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ ငုံ့လိုက်ရင် မျက်နှာပေါ်ကျလာလိုက်၊ ခါထုတ်လိုက်ရင် ဖတ်ခနဲ ပြန်ကပ်လိုက်နဲ့ အဲဒါ ဘာစတိုင်လ်လဲ"

"အဲဒါ အခြောက်စတိုင်လ်ပေါ့ ကိုကြီးရဲ့"

"မမနော်"

အခြောက်လို့ပြောရင် ဂီတမကြိုက်မှန်းသိလို့ ချင်းချင်း တမင်စလိုက်ခြင်းပါ။ ဒီကောင်လေး ခြောက်မှား ထစ်ခနဲဆို လက်ကပါပြီးသား။ ကြမ်းလွန်းလို့ ခက်တောင်နေတာ၊ စတဲ့သူက ချင်းချင်း ဖြစ်နေလို့ပေါ့။ အခြားသူစိမ်းဆိုရင် လက်သီးစာကျွေးပြီးပြီ။

"အဲဒီလိုပြောတာ မမဖြစ်နေလို့"

"မင်းက ပြောစရာဖြစ်နေတာကိုး။ ပြောလိုက်ရင် ခုခေတ်စတိုင်လ် ခုခေတ်စတိုင်လ်နဲ့။ ခေတ်က လူတွေကိုပြောင်းတာ မဟုတ်ဘူးကွ။ လူတွေက ခေတ်ကိုပြောင်းပေးနေကြတာ။ အခု အဲဒီဆံပင်ကို ဘယ်တော့ညှပ်မှာလဲ"





"တနင်္ဂနွေ... တနင်္လာ"

"တန့်အောင်ထားဦးမှာ"

"ဘာကွ"

"ဟုတ်တယ်လေ၊ ညှပ်ပြီဆို အလကားညှပ်လို့ရတာမှ မဟုတ်တာ။ ဆံပင်ဈေးက ကောင်းပါဘိသနဲ့။ ရောင်းလို့ရတဲ့အချိန်ကျမှ ညှပ်မယ်"

"ဟော့ကောင်"

"အဲဒါမှ တစ်ဖက်ကထွက်ပေမယ့် တစ်ဖက်က ပြန်ဝင်မှာ"

"တော်တော်တွက်ရေးကောင်းနေတယ်ပေါ့လေ. ဟုတ်လား။ တွေ့မယ်၊ အဲဒီဆံပင်ကို ငါကိုယ်တိုင် ကတုံးတုံးပစ်မယ်"

ပြောရင်းဆိုရင်း သီဟက ကတ်ကြေးကိုထယူလေလျှင်–

"ဟာ ကိုကြီး မလုပ်နဲ့နော်။ မနက်ဖြန်ကျ သွားညှပ်ပါ့မယ် ကိုကြီးရဲ့"

"တကယ်လား"

"တကယ် တကယ်"

သီဟ ကတ်ကြေးကိုချထားလိုက်တော့မှ ဂီတ စပ်ဖြီးဖြီးရှပ်နှင့် ဆံပင်ကို လေနဲ့ ဟူးခနဲ မှုတ်ထုတ်လိုက်သည်။ အိမ်မှာသာ အစ်ကိုနဲ့ အစ်မရှေ့မှာမို့ ချွဲပြီး စပ်ဖြီးဖြီးနေတာ။ အပြင်ရောက်သွားရင် သူ့အမြင်စိတ်ဆတ်တာ နှစ်ယောက်မရှိ။

ဒီလိုဖြစ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကြီးတဲ့သူတွေဆို ဆုံးမမှုမရှိလို့မဟုတ်၊ ဂီတက မိုက်ရိုင်းတာမှ မဟုတ်ဘဲ၊ မဟုတ်မခံစိတ်ရှိတာ၊ ရန်ဖြစ်ပြီဆို မင်းမှားတာလို့ ထောက်ပြစရာမရှိအောင် သူ့ဘက်က မှန်ကန်မှုကို လုံခြုံအောင် ထိန်းထားသူ။

"မောင်သီဟ မောင်သီဟရှိလား"

အိမ်ရှေ့က ခေါ်သံကြားသည်နှင့် သီဟ သုတ်သီးသုတ်ပျာ ထွက်လာလေတော့ –

"မောင်သီဟ"

"ဟာ ... လေးနိုင်"

"မင်းတို့ အဆင်ပြေကြရဲ့လား"

"ပြေတယ် လေးနိုင်၊ လာ ထိုင်ပါဦး"

ဦးသက်နိုင်က ထိုင်လိုက်ပြီးနောက် –

"အခု မင်း ဘာတွေလုပ်နေလဲ"

"ကျွန်တော် မင်္ဂလာဈေးထဲက အထည်ဆိုင်တစ်ဆိုင်မှာ လုပ်နေပါတယ်"

"အေးကွာ ... ငါလည်း 'မရောက်ဖြစ်တာကြာပြီ၊ အိမ်ချင်းချင်းနဲ့ ဂီတရော"

"ရှိတယ် လေးနိုင်၊ ဒီနေ့ အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်စားမလို့ မီးမိုချောင်ဝင်နေကြတာလေ၊ လေးနိုင်လည်း စားပြီးမှ ပြန်ရမယ်





အေးအေးဆေးဆေးပေါ့"

ဦးသက်နိုင် ခေါင်းညိတ်လိုက်၏။ ပြောစရာရှိလို့ လာခဲ့တာဆိုတော့ အေးအေးဆေးဆေးနေရမှာပေါ့။ သူ့အဖေသေတုန်းကကိစ္စကို မပြောရက်လို့ ထိန်ချန်ထားလိုက်လို့ရပေမယ့် ဒီကိစ္စက မပြောလို့ မဖြစ်၊ သူ့အဖေကိစ္စက ကိုယ်မပြောလည်း နောက်သိသွားတာပဲလေ။

အခုကိစ္စက –

သူ မပြောဘဲသိမှာမဟုတ်။ ကလေးတွေ အန္တရာယ်တစ်ခုခုနဲ့ကြုံမှာကို သူ မလိုလားပေ။

"မောင်သီဟ"

"ရှာ"

"လေးနိုင် မင်းအဖေသေတုန်းက သိသိနဲ့ မပြောရက်လို့ မပြောဘဲထားခဲ့တာအတွက် ခုထိ စိတ်မကောင်းဖြစ်နေတုန်းပဲကွာ"

"စိတ်မကောင်းမဖြစ်ပါနဲ့ လေးနိုင်၊ လေးနိုင်က မပြောရက်လို့ မပြောခဲ့တာ၊ ရက်စက်ရက်သူကျတော့ ကျွန်တော်တို့မိသားစုအပေါ် ရက်စက်လိုက်တာ ကမ်းကုန်ရောပဲ"

"အေး ... လေးနိုင် အခုလာခဲ့တာ သူ့အကြောင်း ပြောမလို့ကွ"

"ဘယ်သူ့အကြောင်းလဲ လေးနိုင်"

လေးနိုင်ဆိုတဲ့ခေါ်သံကို သဲ့သဲ့ကြားလို့ ထွက်လာကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



ချင်းချင်းနဲ့ဂီတ။ နှစ်ယောက်စလုံးဝင်ထိုင်ရင်း ဂီတကမေးလိုက်ခြင်း ဖြေတဲ့သူကလည်း မဆိုင်းမတွပင်။

"သိန်းထိုက်အကြောင်းပေါ့"

"ဗျာ"

သိန်းထိုက်ဆိုတဲ့နာမည်ကိုကြားတာနှင့် ဂီတလက်က ပေါ်ရောက်သွားသည်။ အမာရွတ်ကို စမ်းကြည့်တာလေ။

ဒီအမာရွတ် ရတဲ့နေ့က အဖြစ်အပျက် အပါအဝင် အတွက် အမေ့အတွက် ဒီလူကြီးကို နာကြည်းမုန်းတီးစွာ ဘယ်တော့ မေ့မှာမဟုတ်။

"အမေသေပြီးကတည်းက အဲဒီလူကြီး မန္တလေးကို ပြောင်း သွားတာ အစကိုပေါ်မလာတော့ဘူး"

"အခု ရန်ကုန်ကို ပြန်ပြောင်းလာတယ်ကွ"

"တွေ့ကြသေးတာပေါ့"

ဂီတ ကြိမ်းဝါးလိုက်လေသျှင် –

"ဂီတ"

"ဗျာ"

"ကလေးက ကလေးလိုနေစမ်း"

"ကိုကြီး"

"ရန်ကို ရန်ချင်းမတုံ့နှင်းချင်ပါနဲ့ ညီလေးရာ"





လက်ကိုဖိဆုပ်ပြီး ပြောလိုက်ပေမယ့် ငယ်သူကငယ်သူစိတ်ပဲ ။ တရားတဘောင်တွေနဲ့ ခွင့်လွှတ်သည်းခံနိုင်ပါ့မလား။

"မတုံ့နှင်းလို့မရဘူး ကိုကြီး။ ကျွန်တော်ကတော့ ကျွန်တော် သားရတာဝ ပျက်စီးခဲ့ရတဲ့အတွက် ဘယ်တော့မှမကျေဘူး။ သေရင် ဆောင် မေ့မှာစိုးလို့ မေ့ပင်အောက်ကို မဝင်ဘူး"

"သူက သေသေချာချာ plam ချပြီး ယုတ်မာခဲ့တာ ဂီတရဲ့။ အမေနဲ့အမေ့ကို ကိုယ်ထိလက်ရောက်သတ်ခဲ့တာမဟုတ်ဘူး။ နှင်က ထိုးနဲ့ သွားလုပ်ရင် တရားဥပဒေက ရှိသေးတယ်လေ"

"လုပ်ရဲရင်ခံရဲတဲ့ သတ္တိတော့ ရှိရမှာပေါ့"

ချင်းချင်းက မိန်းကလေးပီပီ နူးနူးညံ့ညံ့ပြောပေမယ့် ဂီတ က မာဆတ်ဆတ်။

"ကျွန်တော့်နဖူးက အမာရွတ်မပျောက်သရွေ့ အဲဒီလူကို တ်စားချေဖို့ ပုတီးစိတ်သလိုစိတ်နေမှာ"

"ဂီတ"

ထူးပင်မထူးတော့ပဲ အကြည့်က နာကြည်းရိပ်ကို အပြည့်နှင့်။

"မင်း စိတ်လိုက်မာန်ပါ လျှောက်မလုပ်နဲ့နော်။ မင်းလုပ်ရမှာ ဘွဲ့ရပညာတတ်ဖြစ်ဖို့ပဲ။ ငါ့ပခုံး ရွတ်တက်ခံပြီး မင်းကိုကျောင်း ထားပေးတာ လုပ်ချင်ရာလုပ်ဖို့ မဟုတ်ဘူး။ ဘယ်သူမပြု မိမိမှုတဲ့ ကိုယ် မတုံ့ပြန်ဘဲ သူပြုခဲ့တဲ့ကံက သူ့ထံပြန်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက အဲဒီကံတွေ ရေတွင်းတွေကို ယုံနေတာလား"

"ဂီတ မင်း ငါ့စကားကို ဗီဆန်နေတာလား"

"ဟုတ်သားပဲ ဂီတရယ် နင်ကလည်း။ ကိုကြီး စိတ်မကော
ဖြစ်အောင် မပြောစမ်းပါနဲ့"

ဦးသက်ခိုင် သက်ပြင်းချလိုက်မိ၏။ ရက်စက်သူက မေ့
မေ့မှာပေမယ့် ခံလိုက်ရတဲ့လူက ဒဏ်ရာကို လှန်ကြည့်ပြီး မေ့နိုင်
မဟုတ်။ လူတိုင်း စိတ်နဲ့ပဲလေ။ ကိုယ်သာဆိုရင်လည်း ဂီတလိုမျ
တောင် ကျေနပ်နိုင်မှာမဟုတ်တာက အသေအချာ။

ဒါပေမဲ့ . . .

လူငယ်ဆိုတာ တိုင်းပြည်ရဲ့အနာဂတ်လို့ ဆိုကြသည်
လူငယ်တစ်ယောက် မဖြစ်သင့်တာ မဖြစ်ရအောင်။

"မင်းအစ်ကိုရဲ့စကားကို နားထောင်ပါ ဂီတရာ။ မင်း
လူငယ်တစ်ယောက်က မိသားစုရဲ့အနာဂတ်၊ တိုင်းပြည်ရဲ့အနာဂတ်
မင်းက ထက်မြက်မှုရှိတဲ့ လူငယ်တစ်ယောက်မို့ ပရမ်းပတာအ
မခံနိုင်လို့ လေးခိုင်ပြောတာပါ။ မင်း ဘာကိုမှ စိတ်လိုက်မာန်
မလုပ်ပါနဲ့။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားစမ်းပါကွာ နော်"

လူက မတုန်မလှုပ်ရှိနေပြီး ဂီတ နှုတ်ခမ်းကို ဖိကိုက်မိလို
၏။ ဒီလူကြီးအကြောင်းကို ကြားလိုက်ရတာနှင့် ပျော်စရာလေး
တောင် ပျောက်ကုန်ပြီ။





ဒီလူကြီး ဘယ်လိုနကွတ်နှင့် ယှဉ်မွေးလာခဲ့တာလဲ။

"မောင်သီဟ"

"ဗျာ လေးခိုင်"

"ဒီကောင် ပြန်ရောက်လာပြီဆိုတော့ မောင်သီဟတို့ သတိရှိ
နေတော့ လိုတယ်နော်။ ဒီကောင်က ကျူပင်ခုတ် ကျူငုပ်မကျန်စေချင်
တဲ့ စိတ်ရိုင်းတွေ ရှိချင်ရှိနေမှာ။ သတိဆိုတာ ပိုတယ်မရှိဘူးပေါ့ကွာ။
င်းတို့ သတိရှိဖို့ လေးခိုင်က လာပြောတာပါ"

"ဟုတ်ကဲ့၊ ခုလိုလာပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်
လေးခိုင်။ လေးခိုင်ပြောသလို သတိတော့ထားရမှာပေါ့"

"ကိုကြီး"

"ဟေ"

"ကျွန်တော်တို့လုပ်စရာရှိတာ သွားလုပ်လိုက်ဦးမယ်"

သီဟ ခေါင်းညိတ်ပြလို့ ထွက်သွားတဲ့ ဂီတရဲ့စိတ်ထဲမှာ
ာတွေငြိတွယ်သွားခဲ့သလဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဂီတ ချိတ်ထားတဲ့အင်္ကျီတွေကို တစ်ထည်ချင်း ကိုင်ကြည့်လိုက်၊ ခေါင်းခါလိုက်ဖြစ်နေသည်။ ယောကျ်ားတန်မဲ့ မိန်းမဝတ်အင်္ကျီတွေ ဝင်ရွေးနေလို့ ဘယ်သူက ဘယ်လိုထင်ကြမည်မသိ။ ဘယ်သူတွေ ဘယ်လိုပဲထင်ထင် ဂီတက ဂရုစိုက်မယ့်ကောင် မဟုတ်။ ကိုယ့်အစ်မအတွက် ကိုယ်ရွေးတာ ဘာဖြစ်လဲ။

"ညီမလေး"

ဆိုင်ထဲက အမျိုးသမီးခေါ်လို့ လှည့်ပတ်ကြည့်လိုက်တော့ ဘယ်သူမှမရှိ။ အင်္ကျီရွေးနေတာ ကိုယ်တစ်ယောက်တည်း"

"ညီမလေးက အသားဖြူတော့ ဘာလေးပဲဝတ်ဝတ်





ကြည့်ကောင်းမှာပါ။ ဟိုအနက်စင်းလေး မကြိုက်ဘူးလား"

"ဒီမှာ"

"ဟင်"

"ခင်ဗျား ကျွန်တော့်ကို ပြောတာလား"

"အယ်"

အမျိုးသမီး အံ့သြသွားလေ၏။ ချိတ်ထားတဲ့အင်္ကျီတွေ ကွယ်နေသဖြင့် ဆံပင်ပျော့လေးတွေနှင့် မျက်နှာကိုကြည့်ပြီး ပြောလိုက်တာ မိန်းကလေးမှတ်လို့။ ထွက်လာတဲ့အသံကျမှ ယောကျ်ားသံဖြစ်နေတာ။

"ဆောရီး ဆောရီးပါ မောင်လေးရယ်။ အစ်မက မင်းမျက်နှာကြည့်ပြီး မိန်းကလေးမှတ်တာ"

"ယောကျ်ားဗျ ယောကျ်ား။ ဒီမှာ လည်မျိုကိုကြည့်။ ဟွန်းပင်ကို ဝင်ညှပ်ပစ်မှ ဖြစ်တော့မှာပါ"

"အစ်မတောင်းပန်ပါတယ် မောင်လေးရယ်။ ခွင့်လွှတ်ပါနော်"

"တောင်းပန်တော့လည်း ခွင့်လွှတ်ရမှာပေါ့"

အမျိုးသမီးက မအီမလည်ပုံစံနှင့် ရယ်ကျဲကျဲလုပ်ပြလေ၏။ ဂီတက အင်္ကျီတွေကိုဆက်ကြည့်ရင်း အဝါလေးတစ်ထည်ကို မျက်စိထဲမှာ တိုးသွားသည်။ မမက အသားဖြူတော့ ဘာပဲဝတ်ဝတ် ကြည့်ကောင်းပြီးသား။ အရေးကြီးတာက မလုံမခြုံမဖြစ်ဖို့လေ။ ပုံစံဆန်း



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ လုံလုံခြုံခြုံရှိရင် ပြီးပြီ။

"ဒီအကျီ ဘယ်လောက်လဲ"

"ရှစ်ထောင့်ငါးရာပါ"

"မလျှော့တော့ဘူးလား"

"ပိုမပြောပါဘူး မောင်လေးရယ်၊ ဒါဈေးမှန်ပါ"

"ခုနစ်ထောင့်ငါးရာတော့ ထားဗျာ"

"မရဘူး မောင်လေးရဲ့၊ ရှစ်ထောင်တော့ပေးလေ။ အစ်မ ငါးရာလျှော့ပေးမယ်"

ဈေးဆစ်နေတုန်းအချိန်မှာ ဆိုင်ထဲကို နောက်တစ်ယောက် ဝင်လာ၏။ ဒါကို လှည့်မကြည့်ဖြစ်ကြပဲ –

"ခုနစ်ထောင့်ငါးရာပဲထားပါဗျာ"

"မရဘူးမောင်လေးရဲ့"

"ကဲ ... ရတဲ့ဈေးနဲ့ပဲ ယူမယ်ဗျာ"

ဂီတ ပိုက်ဆံကိုထုတ်ရေလိုက်တော့ ရှစ်ထောင်ကွက်တိ။ အဲဒါမှ ဒုက္ခပဲ။ ဆံပင်ညှပ်ခနဲ့ ကားခတောင်မရှိတော့ဘူး။

"ကျွတ် ... ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ မောင်လေး"

"ပိုက်ဆံက အကုန်လုံးမှ ရှစ်ထောင်ပဲရှိတာဗျ။ ကား မကျန်ရင် ကျွန်တော် ဘယ်လိုပြန်ရမလဲ"





"ဟယ်"

"အားတော့နာပါတယ် အစ်မရယ်။ ကျွန်တော် မယူတော့ဘူး ဗျာ"

"ခက်တာပဲကွယ်၊ အစ်မကလည်း လျှော့ချင်ပါတယ်။ ရှစ်ထောင်ထက် ဘယ်လိုမှ ပိုလျှော့လို့မရတော့လို့ပါ"

ဆိုင်ရှင်နဲ့ဝယ်သူ မျက်နှာချင်းဆိုင်ပြီး တွေဝေစွာ ရပ်နေကြစဉ် ကြားဝင်လိုက်သူက –

"နှစ်ဦးနှစ်ဖက်အဆင်ပြေအောင် ဒီလိုလုပ်ပါလား"

"ဟင် ... ဘယ်လိုလဲ"

"သူ့အတွက် ကားခ တို့ပေးလိုက်ပါ့မယ်"

"ဘာ"

ဂီတ မျက်နှာတင်းခနဲဖြစ်သွား၏။ ဒါ စေတနာဆိုရင်လည်း စေတနာ အရာမမြောက်တဲ့ သူ့ကို စော်ကားတာနဲ့အတူတူ။ ကားခကျမှ သူများပေးတာကို ယူစရာလား။ ကိုယ့်မှာ ခြေထောက်ရှိနေတာပဲ။ ခြေကျင်ပဲ လျှောက်သွားချင်သွားမယ်။ သူများပေးစာကမ်းစာကိုတော့ ဂီတ ဘယ်တော့မှမယူ။

"ဒီမှာ"

"ဟင်"

"နင် ငါ့ကို ဘယ်လိုကောင်များ ထင်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ငါက သူများ ပေးစာကမ်းစာကို မျှော်လင့်နေတဲ့ကောင် မဟုတ်ဘူး"

"ဒီက စေတနာနဲ့ပေးတာကို"

"ဘာစေတနာမှ မလိုဘူး"

"မောင်လေး"

"ယူမယ်အစ်မ ထည့်လိုက်"

"ဪ . . . အေး အေး"

အင်္ကျီကို အိတ်ထဲထည့်ပေးတာကိုယူပြီး ဂီတထွက်လာခဲ့တော့သည်။ ပိုက်ဆံရှစ်ထောင် အကုန်ပေးခဲ့ပြီမို့ ကားခတောင်မရှိတော့ပေ။ ပိုက်ဆံအိတ်ရဲ့ အိတ်ငုက်တွေကြား ရှိများရှိလေဦးမလား ဟိုအိတ်နှိုက် ဒီအိတ်နှိုက် နှိုက်ကြည့်လေတော့၊ ကံကောင်းထောက်မစွာ တစ်ရာတန်လေးတစ်ရွက် ထွက်လာသည်။

တော်သေးတာပေါ့။

အကြွေဆိုရင် သူ့ အိတ်ငုက်တွေကြား ထည့်တတ်လို့၊ ဆံထင် ကတော့ နောက်နေ့မှပဲ ညှပ်တော့မည်။

"ဒီမှာ . . . ဒီမှာ"

ခေါ်သံနှင့်အတူ ဒေါက်ဖိနပ်သံကိုပါ ကြားနေရ၏။

"ဒီမှာ . . . ဒီမှာ"





"ဘာလဲ"

"နင် ရောင်းတော်စေတနာကို စော်ကားတဲ့ကောင်ပဲ"

"ဘာ"

"စေတနာနဲ့ကူညီချင်တဲ့သူကိုပဲ အဖက်မတန်သလိုနဲ့"

"တစ်ရာ နှစ်ရာနဲ့ ငါ ဘယ်သူ့ကိုမှ ကျေးဇူးမတင်နိုင်ဘူး"

"သိန်းနဲ့ချီရင် တင်မယ်ပေါ့"

"ပိုဆိုးတာ"

"ဒါ့ဆို မင်းက ဘဝင်ရူးပဲ"

"ထင်ချင်သလိုထင်"

"သမီးကာကာ ဘာဖြစ်နေတာလဲ"

အသံသြသြနှင့် အနားရောက်လာသူကို ဂီတ ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ —

"ဟင်"

မျက်ဝန်းတွေက စူးရှစွာနှင့် ထိုမျက်နှာဆိုမှမခွာဖြစ်။ ဒီမျက်နှာနဲ့ ဒီလူကို မေ့နိုင်ပါ့မလား။ လက်က နဖူးဆီရောက်မလို ပြင်ပြီးမှ ရောက်ဖြစ်။

ဒီမျက်နှာကို မြင်လိုက်တာနှင့် အတိတ်က ပုံရိပ်တို့သည် နေ့တစ်နေ့ကလို ထင်ဟပ်လာပြီး ရင်ထဲမှာ ဝေဒနာပေါင်းစုံက ထပ်ငွေ့ထိုးကုန်ပြီလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



လက်သီးက ထိုမျက်နှာကိုကြည့်ပြီး ကျစ်သထက်ကျစ်လာသည်။ ဥပဒေသာမရှိလျှင် ဒီလူကြီးကို ဒီနေရာမှာတင် ပွဲချင်းပြီး သတ်ပစ်လိုက်ဖြို။ လူစိတ်မရှိတဲ့ လူယုတ်မာကြီး။

"ဘာဖြစ်နေတာလဲ သမီး"

"ဒီမှာလေ သူပေါ့ အကျိုဝယ်လို့ လမ်းစရိတ်တောင်မကျန်တော့ဘူးဆိုတာနဲ့ ကာကာက လမ်းစရိတ်ပေးတာကို အထာကြီးတစ်ခွဲသားနဲ့ မယူဘူးတဲ့"

"မယူတော့ မပေးနဲ့ပေါ့ သမီးရယ်။ ကဲ . . . လာ သွားမယ်"

ဒါ ဦးသိန်းထိုက်ရဲ့သမီးပဲ ဖြစ်မှာပေါ့။ မယားကြီးငှတ်တုတ်ရှိလျက်နဲ့ ကိုယ့်အမေကို သိမ်းပိုက်ခဲ့သေးတာ။ ထွက်သွားတဲ့ ကျောပြင်ကိုကြည့်ပြီး ဂီတ အံကြိတ်မိ၏။ ခင်ဗျားကို ဆယ်သက်ဆယ်ကျွှာမကျေဘူး ဦးသိန်းထိုက်။

"တောက်"

ခင်ဗျား ကျွန်တော့်ကို မမှတ်မိတော့ ခင်ဗျားဆီကို ဖုံးဆိုးခြင်းတွေ ရောက်လာတာပဲပေါ့။

❑ ❑ ❑



## အခန်း (၁၃)

"ဘာလိုချင်လို့လဲ"

"မင်း"

ကာစတန်မာလာလို့ ငုံ့နေရာမှ မော့ကြည့်ပြီး မေးလိုက်တဲ့ [illegible]ချင်း သူ့မျက်နှာကို မြင်လိုက်ရတော့ ဟင်ခနဲဖြစ်သွားသည်။ ပြီး [illegible]ဖြေကို သတိရကာ –

"ရှင် ဘာစကားပြောတာလဲ"

"မင်းပဲကိုလို့ပြောမလို့လေ"

"ရှင်နော်၊ လူကို ယီးတီးယားတား လာမလုပ်နဲ့"

သူက ရယ်လိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါဘူးကွာ၊ မင်းကလည်း လူကိုမြင်တာနဲ့ ကိုက်ချင်တဲ့ခွေး ကျနေတာပဲ"

"ဘာ ရှင်"

"ကိုယ့်နာမည်က ပြည့်ပိုင်မှူးဇေ၊ မှူးဇေလို့ခေါ်ကြတယ် မှတ်ထား"

"ဘယ်သူက မေးလို့လဲ"

"ဪ . . . မင်းနာမည်ကို ကိုယ်ကသိပြီး ကိုယ့်နာမည်ကို မင်းမသိတော့ တရားမျှတမှုမရှိဘူး ထင်လို့ပါ။ ကိုယ် မင်းတို့ဆိုင်မှာ ကာစတန်မာတိုးအောင် ကိုယ့်ညီမကို ခေါ်လာတယ်"

ဒီတစ်ခါတော့ ဘယ်သူက ခေါ်လာခိုင်းလို့လဲလို့ ပြောလို့ မဖြစ်တော့ပေ။ သူ လက်ဆွဲပြီး ခေါ်လိုက်တဲ့ကောင်မလေးက ချင်းချင်းကို ပြုံးပြလေလျှင် မိန်းကလေးချင်းဆိုတော့ ချင်းချင်းလည်း ပြန်ပြုံးပြလိုက်၏။

"သူက ကိုယ့်ရဲ့ညီမအရင်း အိမ့်ခြူးခြူးဖီတဲ့"

"ညီမလေး ဘာလိုချင်လို့လဲ ကြည့်လေ"

"ဟုတ်ကဲ့"

"လာ"

ချင်းချင်းက ဦးဆောင်ခေါ်သွားလေလျှင် မှူးဇေ ညီမဖြစ်သူ လက်ကို ဆွဲထားလိုက်လေတော့ –





"ဘာလဲ ကိုကိုရဲ့"

"နင် အပိုင်ကာစ်ရမှာနော် ခြူးဖီ"

"အင်းပါ"

"အားကိုးပါရစေ ညီမလေးရယ် . . . ဟဲ ဟဲ"

"ဟွန်း"

ခြူးဖီက မျက်စောင်းထိုးပြီးထွက်သွားလေသည်။ မှူးဇေ ချင်းချင်းကို စတွေ့တဲ့နေ့ကတည်းက စိတ်ဝင်စားခဲ့တာပါ။ စွာလန်းသောမလေးမို့ သဘောကျမိသည်ထင်ပါရဲ့။ ဒါကြောင့် ညီမလေးကို အမျိုးအကြောင်း ပြောပြပြီး အကူအညီတောင်းခဲ့တာ။ နောက်နေ့ ပြန်လာရင် သူ အရှုံးထမှန်းသိသာမှာစိုးလို့။ ခုလို တစ်လလောက် ကောင့်အီးနေပြီးမှ ပြန်လာခဲ့တာပါ။

တေးသီချင်းတဲ့။

တော်တော်လှပြီး ချစ်စရာကောင်းတဲ့ကောင်မလေး။ သူ မိန်းမ ကြားထားခဲ့ဖူးပေမယ့် ဒီကောင်မလေးကိုတွေ့မှ အိပ်မရအောင် ဖြစ်ခဲ့ဖူးတာပါ။

"မမ"

"ပြောလေ ညီမလေး"

"မမက အရမ်းလှတာပဲနော်"

"အဟွန်း . . . ညီမလေးကလည်း ချစ်စရာလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မမလောက်တော့ မဟုတ်ပါဘူး"

"မမက ဝန်ထမ်းနော်၊ ဘာတစ်ခုမှ အလကားပေးလို့ မရ[illegible] ညီမလေးရဲ့"

"ခြူးဖဲက တကယ်ပြောတာပါ မမရဲ့"

"ဟုတ်ပါပြီ ကဲ . . . ညီမလေး ဘာယူချင်တာလဲကြည့်လေ"

"လိုတာတော့ အများကြီးပဲ"

"မမ"

"အမေ့"

ခေါ်သံနှင့်အတူ နောက်ကနေ ပခုံးစွန်းကိုဝင်တိုက်လိုက်[illegible] ခြူးဖဲရဲ့ကိုယ်လေးရှေ့သို့ စိုက်ခနဲ ဖြစ်သွား၏။

"ဆောရီး"

"တိုက်ပြီးမှ"

စူဆောင့်ဆောင့်လေးပြောလိုက်တဲ့ ခြူးဖဲကို သူက တစ်[illegible] သာငုံ့ကြည့်ပြီး –

"မမ"

"ဘာလဲ ဂီတ၊ ငါ့ အလုပ်ဆင်းချိန် မရောက်သေးဘူး[illegible]"

"သိတယ်၊ ပြောစရာရှိလို့လာတာ"

"ဘာလဲ၊ ဒီမှာ ကာစတန်မာနဲ့ ပြီးမှပြော"

"ဒါဆို ဟိုအနားမှာ ထိုင်စောင့်နေမယ်"





"အေး ႏ. . အေး"

ဂီတကို ခြူးဖဲ ငေးမောစွာလိုက်ကြည့်လေသည်။ ခံ့ပင်ညှာ်စ[illegible] တုပ်ရှင်းရှင်းလေးက ဝင်းမွတ်နေ၏။ ရွှေမှုန်ကိုစားပြီး မွေးဖွားလာ[illegible]သားထင်ရအောင် ချောလိုက်တာ။ ရုပ်ချင်းဆင်နေတော့ မောင်နှမပဲ [illegible]ဖြစ်မှာပေါ့။

"ညီမလေး"

"အင် . . . ရှင်"

"ညီမလေးလိုချင်တာ ကြည့်လေ"

"ဟုတ် . . . ဟုတ်"

ခြူးဖဲ အလှကုန်ပစ္စည်းတွေကို ဘာဝယ်ရကောင်းမလဲ လိုက် [illegible]ကြည့်ရင်း မျက်လုံးက သူဆီသို့သာ ခဏ ခဏ ရောက်သွား၏။ [illegible]တော့ သူတစ်ယောက်တည်းရှိနေတဲ့အတိုင်းပါပဲ။ လိုချင်တာ [illegible]ချင်တာထက် ပစ္စည်းသုံးလေးခုယူပြီး ပိုက်ဆံရှင်းလိုက်ကာ–

"မမ"

"ဟင်"

"ဟိုတစ်ယောက်က မမရဲ့မောင်လား"

"ဟုတ်တယ် ညီမလေးရဲ့၊ သူ့နာမည်က ဂီတသံတဲ့"

"ဂီတသံ"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်လေးက တစ်မျိုးပဲနော်"

"လှကရော"

"အဟွန်း ... တစ်မျိုးပါပဲ"

"ပြောလိုက်ရမလား"

"မမကလည်း"

"နောက်လည်း လာအားပေးဦးနော်"

"စိတ်ချ မမ ... နောက်မှတော့ လာလွှန်းလို့ အမြင်ကတ်တယ် မပြောနဲ့"

"မပြောပါဘူး"

"ကဲ ... ခြူးဖီ သွားမယ်နော်"

"ကောင်းပါပြီ"

ပြန်ကာနီး နှုတ်ဆက်အကြည့်မှာ သူ လှမ်းကြည့်နေတာ... ဆုံသွားတော့ ရင်ထဲမှာ လှိုက်ခနဲခုန်သွားသည်။ ပြောစရာရှိလို့ လာ... တဲ့။ ဘာတွေများပြောမလို့ပါလိမ့်။ သူ့မျက်နှာကို ငေးရင်း သူ့စကား... တွေကို နားထောင်ချင်လိုက်တာ။ ခက်တော့ခက်ပြီ။

လာခဲ့တုန်းကတော့ -

ကိုကြီး အသည်းအသန်ဖြစ်ပြီး တေးသီချင်းဆိုတဲ့နာမည်... ခဏခဏပြောလွန်းလို့ ညီမလေးရအောင်ကပ်ပေးမယ်ဆိုပြီး ... တာ။





အခုကျတော့ ကိုကို့အတွက် လာခဲ့ရင်း ကိုယ်ပါ ပက်ထိရ... ... မည့်အဖြစ်။

"ခြူးဖီ"

"အမေ့"

"အံမယ် ... သူကပဲ ငါ့ကို လန့်ရတယ်ရှိသေး"

"ရုတ်တရက်မို့ပါ ကိုကိုရဲ့"

"နင် ဟိုကောင်လေးကို ငေးနေတာလား"

"ကိုကိုနော် ... မဟုတ်ကဟုတ်က"

"ဟုတ်ကိုဟုတ်နေတာ ငါ ရိပ်မိတယ်"

"ကိုကိုနော်"

"တေးသီချင်းနဲ့ ရုပ်ချင်းဆင်တယ်၊ မောင်နှမလား"

"ဟုတ်တယ်"

"တွေ့လား။ မဟုတ်ဘူးပြောပြီး ဒါကျ သိလာတယ်"

"ကိုကို"

"ဘာတုံး"

"ညီမလေး အကျိုးတော်ဆောင်မလုပ်ဘဲနေလိုက်မှာနော်"

"ဟာ ... အဲဒီလိုတော့ မလုပ်ပါနဲ့ ညီမလေးရာ။ ကိုကိုက ...တယ်ဆိုလည်း ဘာမှမပြောပါဘူး။ အပေးအယူမျှတယ်လို့တောင် ...ဘာကျသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြူးဖဲက မျက်စောင်းထိုးလိုက်ပြီး –

"လူပေါ်ကြီး ကျနေတာပဲ"

"ချွေးမလေး လူကြီးကို အဲဒီလိုပြောစရာလား"

မှူးဖဲ့ထိပ်ကို ထုလေသဖြင့် ခြူးဖဲက်ကလေးပုသွား

သည်။ ညီမလေး သဘောကျလည်းကျချင်စရာဖြစ်အောင် ဟို

က မှုန်နေအောင် ချောတာကိုး။ ပုံစံကတော့ မှုန်ကုပ်ကုပ်နဲ့။ ချော

မာနကြီးချင်တဲ့မျက်နှာထားလား။ တေးသီချင်းကိုတော့ သူ အပိ

နေတာပါ။

သူမပုံစံက ပွင့်လင်းမယ့်ပုံလေးပါပဲ။

အင်း ဒီဆိုင်ကို ချောင်းပေါက်လုမတတ် လာချိ

တေးသီချင်းအချစ်ကို မရသရွေ့လေ။

မှူးဖေတို့ မောင်နှမ ပြန်သွားပြီးနောက် –

ချင်းချင်းတို့မောင်နှမမှာလည်း –

"ဂီတ"

ဂီတက မေးဆတ်ပြီးပြန်ထူးလေလျှင် –

"ပြောစရာရှိလို့ဆို"

"ဟုတ်တယ်"

"ရေးကြီးသုတ်ပျာနဲ့ ဘာလဲ"

ချင်းချင်းကိုကြည့်လိုက်တဲ့ ဂီတမျက်ဝန်းထဲမှာ ချင်





အတိတ်သောဘာသာစကားတွေ။ နာကြည်းခြင်းနဲ့အမုန်းရိပ်အချို့

ကို တွေ့လိုက်ရသည်ဆိုတော့ –

"ဦးသိန်းထိုက်အကြောင်းလား"

"ဟုတ်လား"

"ဟုတ်တယ်၊ သူက ကျွန်တော့်ကို မမှတ်မိဘူး"

"နင် သူ့ကို"

"ဘာမှမပြောခဲ့ပါဘူး"

"အဲဒါကောင်းတယ်၊ နင် သူ့ကို စိတ်လိုက်မာန်ပါ ဘာမှ

လုပ်ရဘူးနော် ဂီတ။ ကိုကြီးပြောသလို သူပြုတဲ့ကံ သူ့ထံကိုပြန်ပါ

သိမ့်မယ်ဟယ် နော်"

"ကျွန်တော်တို့က သူ့ကို တစ်သက်လုံး အရှုံးပေးသွားရမှာ

လား မမ"

"မဟုတ်ဘူးလေ"

စိုးရိမ်စွာ ချင်းချင်း၏ ဂီတလက်မောင်းကို ဆုပ်ကိုင်ကာ မျက်

ညှိတွေဝေလာ၏။ စိတ်ဆတ်တဲ့ဂီတကို စိတ်မချပေ။ ဂီတသာ တစ်ခုခု

ဖြစ်ခဲ့ရင် ရင်ကျိုးရမှာက သူမနဲ့ကိုကြီးလေ။

"အဖေနဲ့အမေ့အတွက် ကျွန်တော် အဲဒီလူကြီးကို တစ်ခုခု

ပြန်ရမှ ကျေနပ်မယ်"

"ဂီတ . . . နင်"



www.burmeseclassic.com

www.burmeseclassic.com



“မတုံ့ပြန်တဲ့ ငြိမ်နေရင် ကိုယ်ပဲ ညံ့ရာကျမှာ။ ကျွန်တော်... မိသားစုဘဝကို အညွန့်ချိုးပေးမယ့် အတက်တွေ အခက်တွေ ဝေနေ... အကြောင်း ဒီလူကြီးသိစေရမယ်”

ဘယ်လိုတရားချရပါ့မလဲ။ ကိုယ်မတားနိုင်တော့ဘူးဆို... ကိုကြီးကို ဖွင့်ပြောတိုင်ပင်မှ ဖြစ်တော့မည်ပေါ့။ ဂီတရဲ့စိတ်ရိုင်းတွေ... ကျုံးသွင်းထားနိုင်ဖို့လေ။

❑❑❑



## အခန်း (၁၄)

သီဟာရှေ့မှာဆိုရင် ဂီတက ကြွက်ကလေးဖြစ်ပြီး အခြားမှာဆိုရင် ကြောင်တစ်ကောင်ပါ။ ချင်းချင်းက ဂီတစိတ်ကိုသိနေသဖြင့် ကိုကြီးကို ဖွင့်ပြောလို့ အခုရပ်နေပုံက ခါးကြီးထောက်လို့ပါ။

“မင်း စိတ်ထင်ရာလုပ်ရင် ဥပဒေက လက်ပိုက်ကြည့်မနေဘူး ဂီတ။ ဥပဒေနဲ့လွတ်အောင် သူ့လို plan ချပြီး ရက်စက်ဖို့ကျတော့မှာ ဘာအင်အားရှိလဲ”

“တစ်သက်နဲ့ သုံးလေးသက် လဲရရင်တော့ တန်ပါတယ်။ ကိုယ့်ဘက်က သုံးယောက်ဆိုရင် သူ့ဘက်ကလည်း သုံးယောက်ပေါ့။ လေးယောက်ရှိရင် လေးယောက်၊ ငါးယောက်ရှိရင် ငါးယောက်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဂီတ"

"အဲဒီလူကြီးကြောင့် ကျွန်တော့်ရင်ထဲမှာ မီးတောက်နေတာ ကိုကြီးရဲ့"

"တစ်ဖက်မှာ အဲဒီမီးကိုငြိမ်းဖို့ ပညာရေးဆိုတာကို မင်းခေါင်းထဲမှာ ထည့်ထားလေ။ ဘဝနာရင် ဘဝလှအောင် ကြိုးစားရမယ်ကွ။ တို့ရှုံးခဲ့တာ ဆင်းရဲလို့။ မင်းပြန်ငြိမ်းနိုင်ချင်တယ်ဆိုရင် ပညာအားကိုးနဲ့ ချမ်းသာအောင်လုပ်ရမယ်။ တို့ မျှော်လင့်ချက်တွေကိုတော့ မင်း မဖျက်ဆီးပါနဲ့"

"ကျွတ်"

ဒီအကြောင်းပြောမိရင် ဒီတရားဟောတော့မယ်ဆိုတာ ထင်သားပဲ။ ဂီတကတုံးဆိုတိုက်၊ ကျားဆိုကိုက်ချင်သူ။ ဖြစ်နိုင်ရင် . . . ဦးသိန်းထိုက်ဆိုတဲ့လူကြီးကို မျက်နှာချင်းဆိုင်ပြီး ရင်ဝ ဓားနဲ့ထိုးသတ်ချင်တာ။

ဒါပေမဲ့ –

"ကိုကြီးနဲ့မမက သူ့အပေါ် အများကြီးမျှော်လင့်ထားခဲ့တာဆိုတော့ သူတို့စကားကို နားထောင်ရဦးမှာပေါ့။ ပြီးမှ ကြောင်လက်သည်းဝှက် လှုပ်ရှားရမည်။ နောက်ဆို ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း ပြောလို့မဖြစ်တော့ပါဘူး။ ကံကြမ္မာက မျက်နှာသာပေးရင် ကိုယ့်အလှည့်ဆိုတာ ရှိကိုရှိလာရဦးမှာ။





"ဂီတ"

"ဗျာ"

"မင်းအရွယ်က ရိုက်နှက်ဆုံးမရမယ့်အရွယ် မဟုတ်တော့ ...နော်"

"ကျွန်တော် သိပါတယ်"

"အေး . . . သားသမီးမကောင်း မိဘခေါင်းဆိုတာမျိုး မင်း ...ောင်းလို့ ငါ့ခေါင်းတစ်လာရင်တော့"

လက်ညှိုးက ဂီတမျက်နှာတည့်တည့်ဆီသို့ ဆန့်ထွက်လာပြီး

"မင်းအသေပဲ"

"ဂီတာက စိတ်ဆတ်တာလေးကလွဲရင် လိမ္မာပါတယ် ကိုကြီး ...ကိုကြီးစကားကို နားထောင်မှာပါ။ နော် ဂီတ"

နာခံလိုက်ရသည့်တိုင် ကျေနပ်တာမျိုးတော့မဟုတ်။ ဂီတ ...ာ နားဝင်ချိုစေတဲ့ တူရိယာတစ်ခုပေမယ့် လက်က အထိကြမ်းရင် ...ာက ထွက်လာမယ့်အသံကလည်း ခပ်ကြမ်းကြမ်းပဲပေါ့။

"ကျောင်းဖွင့်တော့မယ်၊ မင်း ကျောင်းတက်ဖို့ တစ်ခုပဲ ...ိုက်။ နောက်ထပ် ငါအပိုစကားမပြောချင်ဘူး"

ပြောပြီး သီဟ လွယ်အိတ်ကို လွယ်၍ ထွက်လာခဲ့တော့ ...ည်။ တစ်နေ့တစ်နေ့ ရုန်းကန်လှုပ်ရှားနေလို့ ခုလို ပြေပြေလည် ...ည်လေး နေခွင့်ရတာပါ။ ဟိုတုန်းကဆို ကလေးနှစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစရိတ်နဲ့ အိမ်စရိတ်ကိုရှာရတာ။ တစ်ခါတလေ အလျှင်မမီ ပြတ်ကာပြတ်၊ တော်ကာတော်။

ကလေးတွေကလည်း –

သူ့အပေါ် သိတတ်ကြပါသည်။ သူ မသိအောင် ယန်း ရောင်းလို့ သူရှိုက်လည်းမမှတ်။ လစ်တာနဲ့ ခိုးပြီးပန်းရောင်းကာ ပိုက်ဆံ စုကြတော့ ခုမိန်မိ ရှိခဲ့သည်။

အခုကျတော့

သူကလည်း သူ့အလုပ်နဲ့သူ။ ချင်းချင်းကလည်း အလုပ် ဂီတကလည်း မလုပ်နဲ့ဆိုတဲ့ကြားက ကြုံရာကျပန်း ကျောင်းစိတ်ရှင် တွေမှာ လိုက်လုပ်သည်လေ။ ကျန်းမာခြင်းကလည်း လာဘ်တွေ ပါပဲ။ သုံးယောက်စလုံး ကျန်းမာရေးကောင်းနေတော့ ပြေလည်ပြီး ရွှေတိုရွှေစလေးတွေလည်း စုနိုင်ခဲ့ကြ၏။

ဖြော် … ဘာဝ … ဘာဝ။

ဒီထက်နာစရာကောင်းတာ ရှိသေးရင် ထိုင်ပြီးတော် ဦး လိုက်ချင်သေးရဲ့။

“ဟိတ်”

“ဟာ”

ကားတစ်စီးက အနားမှာကပ်ရပ်လေသဖြင့် သီဟ လန့်ဖျန် ပြီး ခုန်ဆုတ်လိုက်သည်။





“လန့်သွားလား … ဆောရီးနော်”

“ငဝါ”

“အလုပ်သွားမှာမို့လား … လာ ကားပေါ်တက်”

“ရပါတယ်”

“လာပါ … လမ်းကြုံလို့ခေါ်တာကို”

“အကျင့်ဝါမှာစိုးလို့ နေပါစေ။ ခေါ်တဲ့အတွက် ကျေးဇူးတင် ပါတယ်”

“သီဟ”

စိတ်မရှည်သလို ခပ်ဆောင်ဆောင့်ခေါ်ပြီး ငဝါ ကားပေါ်မှ ဆင်းလိုက်၏။ ယေယေကတည်းက ငဝါကသာ သူ့ကိုခင်ရတာ၊ သူက အထာကြီးတစ်ခွဲသားနှင့်။ လူကြီးတွေက အဆင့်အတန်းမတူ ဘူး ဘာဘူး ညာဘူးနဲ့ တားရင်ထားတော့။ ဖေဖေရော မေမေရော သီဟရဲ့ နေထိုင်ကြိုးစားမှုကို သဘောကျပြီး ခင်ကြတယ်နဲ့လေ။

ငဝါကရော ဆရာဝန်တစ်ယောက်ဖြစ်တော့မယ့် ကိုယ့်ဂုဏ် ရှိန်ကိုဖယ်ခွာပြီး သူ့ကိုမှ ခင်နေမိတာ။ ဒါကို သူကပဲ နားတယ်ထင်နေ သလားမသိ။

“နင်ကလည်း ဘုန်းကြီးကိုပင့်ရတာမှ လွှယ်လွှယ်ကူကူ ကြွဦးမယ်”

“လွယ်လွယ်ကူကူ ခေါ်မရတာကို မခေါ်နဲ့လေ”



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုက အထာကြီးတာ။ သိပ်မုန်းဖို့ကောင်းတာပဲ"

"ဘယ်သူက ချစ်ခိုင်းနေလို့လဲ"

"သီဟ"

"ဘာလဲ"

"နင်တက်မှာလား မတက်ဘူးလား"

"မတတ်ဘူးဟာ"

"သီဟ"

ရှေ့ဆက်တိုးသွားတဲ့ သီဟရှေ့ကနေ ငုဝါပိတ်ရပ်လိုက်၏။

"နင် ဖယ်နော်"

"ဖယ်စေချင်ရင် အေးအေးဆေးဆေး ကားပေါ်တက်လိုက်ခဲ့လေ"

သီဟ ဘေးဘီကိုဝေ့ကြည့်လိုက်တော့ ဖြတ်သွားဖြတ်လာ ကားပေါ်မှလူတွေ ကြည့်သွားကြသည်။ အခြေအနေက ပြောင်းပြန်ဖြစ်နေပြီး လူမြင်လို့မကောင်း။ ကိုယ်က ယောက်ျားလေးမို့ ဘာမှမဖြစ်ပေမယ့် ငုဝါက မိန်းကလေးမို့ သိက္ခာကျဖွယ်ရာတွေရှိသည်။

ဟူး။

မဖြစ်သေးပါဘူး။ ငုဝါက အခြားသူမှမဟုတ်တာ။ အန်တီဒေါက်တာရဲ့သမီးပဲလေ။

"ကဲ . . . ဖယ်ဟာ"





"လိုက်မှာလား"

"လိုက်မယ်"

"အဲဒီလိုမှပေါ့"

ငုဝါက သူမကိုယ်တိုင်ပဲ ကားတံခါးကိုဖွင့်ပေးလေသဖြင့် သီဟ ကားပေါ်ကိုတက်ထိုင်လိုက်သည်။ လူမင်းဘုန်းကြီး နတ်မင်းနေသာဆိုတာမျိုးပေါ့။ သီဟ ဘုန်းကြီးပုံကတော့ ဒီလိုပါ။

"သီဟ"

"ပြော"

"နင့်အရွယ် မငယ်တော့ဘူးနော်"

"အဲဒါ ဘာဖြစ်လဲ"

"နင် မိန်းမ မယူတော့ဘူးလား"

"ငါ့ဘဝရဲ့နံပါတ်စဥ်တိုင်းက ငါ့ညီနဲ့ ငါ့ညီမပဲ"

"နပြောလိုက်တာ"

"ဘာ"

"နင် ငှက်ပျောတုံးဖက်ရမှာကိုပြောတာ"

"နင် ငါ့ကို ကားပေါ်တင်ခေါ်လာတာ၊ အဲဒီလိုလှောင်ဖို့လား ဟဲ"

"မဟုတ်ရပါဘူး သီဟရယ်။ ငါက နင့်ကိုခင်လို့ ပြောတာပါ။ လူတိုင်းကို အရေးမဝင်တတ်တာ နင်သိရဲ့သားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာနေ့သမီးလဲ"

"ဗေဒင်ဟောမလို့လား"

"စကားများလို့ ပြောတာ"

သီဟပြောတော့ ငုဝါက ရယ်လေသည်။ သီဟ ဘာပဲပြော ပြော စိတ်မဆိုးနိုင်သော ခွင့်လွှတ်ခြင်းများနှင့်။ အဲဒါကို ဘာလို့ နာမည်နာမနဲ့ ကင်ပွန်းတပ်ရမလဲ။ လမ်းတစ်လျှောက်လုံး ငုဝါကသာ ကရားရေလွှတ်စကားတွေ ပြောနေတာ။ သီဟက ဟင့်အင်းမလုပ် အင်းမလုပ်။ သူပြောချင်စရာရှိမှ ထပြောတာ ဖြစ်၏။

သူ လိုရာခရီးကိုရောက်လို့ ကားပေါ်မှဆင်းသွားတော့လည်း နှုတ်ဆက်ဖော်မရ။ သူစိမ်းဆန်တာတော်လွန်းတဲ့ သီဟရယ်ပါ။

"ဟော ... သီဟလာပြီ"

"ဒီနေ့ မဖင်မာက အစောကြီးရောက်နေပါလား။ ကြာသော မိုးကြိုးပဲ"

"စောဆို အိမ်မှာ နားပူလို့ စောစောပဲထွက်လာခဲ့တာပေါ့"

"မဖင်မာ့ဘိုးတော်ကြီးလား"

"သူ့အပြင် ဘယ်သူရှိဦးမှာလဲဟယ်"

"လင်နဲ့မယားပဲဗျာ။ လျှာနဲ့သွားလို ကိုက်မိတဲ့အခါလည်း ကိုက်မိမှာပေါ့ဗျ"

အချင်းချင်းကျတော့ အဲဒီလို စတာနောက်တာတွေ တိုင်ပင်





ကြတာတွေ ရှိ၏။

"ကိုက်မိတာက စောစောစီးစီးဖြစ်နေတော့ မကောင်းဘူးပေါ့ ဟယ်။ မိုးလင်းတောက်တဲ့နဲ့ မင်္ဂလာမရှိ ဘာမရှိ"

"ဘာကိစ္စနဲ့ ဆူတာလဲ"

"အလကားပါပဲဟယ်။ သူ ဘောလုံးပွဲကြည့်ပြီး မနက်ကျ ငါက စောစောနိုးလို့ ပြဿနာတက်တာ"

"ဩော် ... အလုပ်ကြီး အကိုင်ကြီးကြောင့် ဖြစ်ကြတာကိုး ... ဟား ဟား ဟား"

"ဒီဆိုင်ရှင် မရောက်သေးဘူးလား"

ခပ်ကျယ်ကျယ်မေးသံကြောင့် အရယ်မပျက်သေးသော မျက်နှာနှင့် သီဟ လှည့်ကြည့်လိုက်စဉ် –

"ဟင်"

"မင်း"

မေ့မရနိုင်သည့် ဒီမျက်နှာ၊ ပိုက်ဆံအိတ်ကြီး ချိုင်းကြားမှာ ညှပ်ပြီး အဆီပြန်နေတဲ့မျက်နှာကြီးနဲ့လူဟာ ဦးသိန်းထိုက်ပါပဲ။ သူက သည်း သီဟကို မှတ်မိသွားပုံနှင့် လက်ညှိုးကြီးထိုးကာ –

"မင်း မင်း သီဟမဟုတ်လား"

သီဟ လွန့်ခနဲပြုံးလိုက်ရင်း –

"ခင်ဗျား မှတ်ဉာဏ်ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သီဟ"

ပန်းကိုကိုင်လိုက်တာနှင့် သီဟ ဖယ်ချပစ်လိုက်တာ ညင်ညင်သာသာပါ။

ဂီတဆိုရင် ပုတ်ချမှာ ကျိန်းသေပေါ့။

"မင်း မင်းတို့ အဆင်ပြေကြရဲ့လား"

"ပြေပါတယ်"

"အခု ဘာလုပ်နေလဲ"

"မြင်တဲ့အတိုင်းပဲလေ။ ဒီဆိုင်မှာ အလုပ်လုပ်နေတာ"

"ဪ"

"ဒါနဲ့ ဦးသိန်းထိုက်တို့ ရန်ကုန်ကနေ ပြောင်းသွားကြတယ်လို့ ကြားလိုက်သလားလို့"

တမင် အစဖော်ပေးလိုက်တော့ ဦးသိန်းထိုက် မျက်နှာရှုံ့သွားကော် –

"ဟုတ်တယ်၊ အခုကလေးတွေက ရန်ကုန်မှာပဲ နေချင်တယ်ဆိုတာနဲ့ ပြန်ပြောင်းလာကြတာ"

"ကောင်းပါတယ်"

"ကလေးတွေရော"

"ဘာကိုသိချင်တာလဲ"

"ဘယ်အရွယ်ရောက်ကုန်ပြီလဲလို့ပါ"





"တစ်ယောက်က အဝေးသင်နဲ့ ဘွဲ့ယူရတော့မယ်။ တစ်ယောက်က ဒီနှစ်မှ ပထမနှစ် တက်ရမယ်။ ဦးသိန်းထိုက် ချီးခဲ့တဲ့အညွှန့်က ကျိုးသွားလို့ ခြောက်မယ် မထင်ပါနဲ့။ အခက်တွေ အရွက်တွေ ဝေလာအောင် ပြုစုပျိုးထောင်နိုင်တဲ့သတ္တိ ကျွန်တော့်မှာ ရှိတယ်"

"ပြီးခဲ့တာတွေကို ထားခဲ့လိုက်ပါတော့ မောင်သီဟရာ"

"ထားခဲ့ရမယ် ဟုတ်လား"

မေးတော့ အဖြေပြန်မရ။ သူက ပြုလုပ်ခဲ့သူဆိုတော့ မေ့စေချင်သူပေါ့။ ခံရသူက မမေ့နိုင်လို့ အံတကြိတ်ကြိတ်ဖြစ်နေသူ ဂီတက မနည်းထိန်းနေရသည်လေ။ ဘယ်သူမဆို ကိုယ့်အလှည့်ကျ ကြောက်ကြတာ သဘာဝတော့ကျတာပေါ့။ ဒါပေမဲ့ ပွဲက စတင်မှောကြီးဖြစ်ပြီး ဘယ်ကြည့်ကောင်းတော့မှာလဲ။

သီဟက ဒီကိစ္စနဲ့ပတ်သက်ပြီး လူလိမ္မာတစ်ယောက်တော့ ပေါ့တော်ပေ။ ဒါပေမဲ့ အမျက်ကိုတော့ ထုတ်မပြပါဘူး။

"ထားခဲ့ဆိုတော့ ထားခဲ့ရမှာပေါ့လေ"

"ကျေးဇူးတင်ပါတယ် မောင်သီဟ"

"မှားနေပြီ"

"ဘာမှားတာလဲကွ"

"ကျေးဇူးတင်စကားကို ကျွန်တော်က ပြောရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းထိုက် နားမလည်သလို မျက်မှောင်ကြုတ်သွားလေ၏။ ဒါကို သီဟကလည်း သိသည်။ ကိုယ်တူဖြစ်ဖို့ အလှည့်ရောက်လာပေမယ့် မရေသေးပါဘူး။

“ဦးသိန်းထိုက် ကျွန်တော်တို့ကို ထပ်ပြီး ခွင့်မပေးတဲ့ အတွက် ကျွန်တော်တို့က ကျေးဇူးတင်ရမှာပါ”

“မောင်သီဟ”

“အခု တွေ့ဆုံမှုကို အမှတ်တမဲ့လို့ပဲထားလိုက်ပါ။ ကျွန်တော် ဒဏ်ရာတွေကို လှန်မပြချင်ဘူး”

ပြောပြီး သီဟ ကျောခိုင်းပစ်လိုက်၏။ ဘာမှမသိတဲ့ မဇင်မာကတော့ သူတို့ကိုအကြောင်းသား ငေးနေလိုက်တာ။ အသက်ရှူဖို့ပင် မေ့နေသည်လားမသိ။

“မဇင်မာ”

“အင် ဟင် … ဘာလဲ သီဟ”

“ချိတ်ရမယ့်အထည်တွေ ချိတ်လေဗျာ”

“ဩော် … အေး အေးပါ”

❑ ❑ ❑



အခန်း (၁၅)

တက္ကသိုလ်နယ်မြေဆိုတာ ပန်းရောင်စုံတွေ ဖူးပွင့်နေတဲ့ ဥယျာဉ်ကြီးတစ်ခုပါပဲ။ ဒီဥယျာဉ်ထဲကို ခြေချလိုက်ပြီဆိုတာနှင့် အားလုံး၏ မျက်နှာတို့က တက်ကြွဟန်များနှင့်။

“ဟော့ ဂီတ”

တစ်ယောက်က လှမ်းခေါ်ပြီးနောက် တစ်ယောက်က ဆက်၍ –

“ဂီတဆို တီးချင်တယ်”

“လာတီးကြည့်ပါလား”

“ဘယ်လိုတုံပြန်မှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမဆို လက်ဝါး၊ ယောက်ျားဆို လက်သီး"

"အားပါးပါး"

"မီးကတော့ အားနဲ့တဲ့မိန်းကလေးနော်။ ဟောဒီက ဦး
ရိုက်မယ်ဆို ပါးကိုဖောင်းပေးဦးမှာ"

ရွှေလက ကန့်ကလန့် လုပ်ပြလေသဖြင့် ဂီတ လက်ရှယ်

"ဖောင်းလေ ... ဖောင်းစမ်း"

"ဟင့် ... သူများကို"

"ရုပ်ကိုက လုပ်ထည့်လိုက်ရင် အဆီတစ်ထပ် အသား
ထပ် ဖြစ်တော့မှာပဲ"

ပြောလိုက်သူက သန်းဝင်းနိုင်ပါ။

"ဟင် ... ဘာလဲ၊ အဆီတစ်ထပ် အသားတစ်ထပ်ဆိုတာ"

"မင်း ဝက်ကိုယ်လုံးကြီးကို ဓားနဲ့ ခွန်းလိုက်ရင်ပြောတာ"

"ဟင့် ဟင့် ဟင့် ... ကျွိ ကျွိ"

"ဝက်မသံရော ဝက်ကလေးသံရော စုံနေတာပဲ"

တွေ့တာနှင့် ပေါက်ကရပြောပြီး ရယ်ပွဲဖွဲ့ကြသည်။ ဂီတ
မောင်နှမတွေရဲ့ ဆုတောင်းကောင်းခြင်းက လူချစ်လူခင်ပေါများခြင်း
လေ။ အသံကြား သနားပါစေ မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့
တောင်းက ပြည့်တာဖြစ်မှာပေါ့။

ခုလည်း –





သူငယ်ချင်းတွေကပဲ စရိတ်ခံမယ်ဆိုလို့ ကန်တင်းကိုရောက်
လာခဲ့ကြပြီဆိုလျှင် –

"ဂီတ"

"ပြော"

"မင်းကို ငါ ငါ့သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့
လို့"

"ယောက်ျားလေးလား မိန်းကလေးလား"

"မိန်းကလေး"

"မိန်းကလေးဆို နိုးပဲ"

"ဟော့ကောင်"

ဂီတအဖြေကြောင့် ရွှေလက ရယ်ကျဲကျဲ။ မသိရင် သူ့စကား
ကိုစဉ်းစားကြည့်လေ။ ဂီတက အခြောက်မို့လို့ မိန်းကလေးတွေကို
စိတ်မဝင်စားဘဲ ယောက်ျားတွေကို စိတ်ဝင်စားတဲ့အတိုင်း။

"ဒါဆို မင်းက ယောက်ျားဆို လက်ခံမယ်ပေါ့။ ဟုတ်လား
ဂီတ"

"ရွှေလ ... မင်း ဖောက်မလာနဲ့"

"သူများကိုမဟောက်နဲ့ ကိုယ့်စကားကိုယ် ပြန်စဉ်းစားကြည့်"

သန်းဝင်းနိုင်ကပါ ထောက်ခံမှ –

"ငါပြောတာက တစ်မျိုးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ထားပါတော့။ အခု ငါ မိတ်ဆက်ပေးမယ့်ကောင်မလေး
က အလန်းလေးနော်။ ဥစ္စာပေါ် ရုပ်ချော၊ ဒီမြေကို ခြေချတာ
အတွဲလေးတော့ ရှိမှတင့်တယ်မှာ"

"မင်း ပညာရှာမှာလား ကြင်ယာရှာမှာလား"

"ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရမှာပေါ့ကွာ"

"မင်းပဲတူး"

ဂီတ ထ,ထွက်သွားဖို့ပြင်လေလျှင် သန်းဝင်းနိုင်က ဂီတ
လွယ်အိတ်ကြိုးကိုဆွဲထား၏။ သူ မိတ်ဆက်ပေးမယ်ဆိုတဲ့ ကောင်မ
လေး လာနေတာကိုမြင်လို့လေ။ ဂီတက သူ့လွယ်အိတ်ကြိုးကို ဖြုတ်
ပြီး —

"ဘာလုပ်တာလဲ"

"ဟိုမှာ လာပြီ"

ဘယ်သူလဲလို့ မမေးဘဲ သန်းဝင်းနိုင် မေးဆတ်ပြရာ
လှည့်ကြည့်မိပြီး ဂီတထွက်မသွားဖြစ်ဘဲ ပြန်ထိုင်ပြီးသားဖြစ်သွား
ဒီမျက်နှာကို တစ်ခါမြင်ဖူးရုံနဲ့ စွဲစွဲမြဲမြဲမှတ်ထားခဲ့တာ။ တူတာလေ
တူသလိုပါပဲ။ ဟုတ်မဟုတ်ကတော့ မကြာခင်သိရမှာပေါ့။

"အနိုင်"

"လာ ကာကာ"

"သူက အနိုင်ဆိုတော့ ငါက အောင်သူနော်"





"ဘာလဲ ဆယ်တန်းနှစ်ခါဖြေရတဲ့ အောင်သူလား"

"သန်းဝင်းနိုင် ... မင်း ငါ့ကိုခေါက်မဖြုတ်နဲ့နော်။ ပထမ
ကာ ငါ ဆယ်တန်းကျတာ မဖြေနိုင်လို့ မဟုတ်ဘူးကွ"

"ဒါဆို ဘာဖြစ်လို့လဲ"

"အတန်းပိုင်ဆရာက ငါ့ကိုမမှတ်မိဘူးဆိုလို့ မှတ်မိအောင်
နေတာ သိပြီလား"

"ကြော် ... ကြော်"

"ကဲ ... လာ ထိုင်လေ"

ရွှေလမ်းပြောတာကို သဘောကျစွာရယ်ရင်း ကာကာက ဝင်
ထိုင်သည်။ ဂီတက ကာကာ့မျက်နှာကိုပဲ စူးစိုက်ကြည့်နေ၏။ ကာကာ
။ ဘာကာတာလည်း မသိပေမယ့် အကာအကွယ်တစ်ခုတော့ မင်း
ဖို့လိုပြီ ကာကာ။ ဒီမျက်နှာကို သူ့အဖေနဲ့တွဲပြီး မေ့ခဲ့တာမှ
ဟုတ်တာ။

ပြုလုပ်သူနဲ့ အပြုလုပ်ခံရသူ။

ပြုလုပ်သူက မေ့ထားနိုင်ပေမယ့် ခံလိုက်ရသူက ဓာတ်ရာကို
ကျွေးတောင် အမှတ်အသားတစ်ခုအဖြစ် သယ်သွားဦးမှာ။ လက်
ည်ဆိတ်တော့ လက်ထိပ်နာတဲ့။ ကိုယ့်ရှေ့ကို လက်သည်းက
ကောက်လာပြီ။ ဒါကိုမှ မဆိတ်တတ်ရင် ကိုယ်က လူညံ့ပေါ့။ ရွှေ့မိ
ခြင်း ရင်ဘတ်ထဲမှာ နှုတ်မရတဲ့ဒွေးတွေက အဆိပ်တက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



"ကာကာ့ကို ဂီတနဲ့ မိတ်ဆက်ပေးရဦးမယ်"

သန်းဝင်းနိုင်ပြောလို့ ဂီတမျက်နှာကို ကြည့်လိုက်တဲ့ ကာကာ အံ့ဩသွားသည်။ တစ်ခါမြင်လိုက်ရရုံနှင့် မေ့ရခက်သည့် ဒီမျက်နှာ။

"ဟင် . . . နင်"

ဂီတက မသိသလိုနေလိုက်၏။

"ကာကာက ဂီတကို သိလို့လား"

"မသိဘူး"

ဖြေလိုက်တာက ဂီတဖြစ်ပြီး ကာကာက ခေါင်းညိတ်ပြသည်။

"သူနာမည်က ဂီတသံတဲ့ ကာကာရဲ့။ တို့ကတော့ ဂီတလို့ပဲ ခေါ်ကြတယ်။ ဂီတ သူကကာကာတဲ့ နာမည်ရင်းကတော့ သာရကာလေ"

"တွေ့ရတာ ဝမ်းသာပါတယ် သာရကာ"

"ငါက နင့်ကို သိပါတယ်"

"ဟုတ်လား . . . ဘယ်တုန်းကလဲ"

အိပ်ချင်ယောင်ဆောင်တဲ့လူက အနှိုးရခက်တယ်ဆိုတာမျိုးလေ။ ကိုယ့်အကြံနှင့်ကိုယ် ဂီတ ပြောင်ညာပစ်လိုက်၏။ သာရကာက သူ့အတွက် လက်စားချေဖို့ ဇာက်ဖဲတစ်ချပ်ပဲပေါ့။

"ဂီတအကျီဝယ်လို့ လမ်းစရိတ်တောင်မကျန်ဘူးဆိုလို့ ကာကာပေးမလို့ပြောတာလေ။ အဲဒီတုန်းက ဂီတကောသွားလို့ အခ





ဆော်လိုက်တာ မပြောပါနဲ့တော့"

"ဟုတ်လား"

"ဟုတ်တယ် . . . ကာကာက ခုထိ မမေ့သေးဘူးသိလား"

"ဆောရီးနော် . . . ခုလို ထပ်ဆုံမယ်မှန်း မသိလို့ပါ"

"ရပါတယ်"

"မိတ်ဖြစ်ခွေဖြစ် တစ်ခုခုတော့ ကျေးဇူးချင်ပါတယ်။ ဒါပေမဲ့ ဒီကောင် ဒီကောင်တွေနဲ့ ကပ်တွယ်နေရတာဆိုတော့"

"ဒီပိုင်းကို ကာကာ ရှင်းပေးမယ်လေ"

"တကယ်လား"

မေးလိုက်သူက သန်းဝင်းနိုင်။

"တကယ်ပေါ့"

"ဒါဆို ပွတာပဲ။ ဟော့ကောင်တွေ ထပ်မှာကြ"

"မယ်မင်းကြီးမ ဒီထက်ချမ်းသာပြီး ဒီထက်ပိုပြီး သုံးနိုင်ဖြုန်းနိုင်ပါစေဗျာ"

ရွှေလက ဆုတွေပေးရင်း နန်းကြီးသုပ်တစ်ပွဲထပ်မှာသည်။ သန်းဝင်းနိုင်ကတော့ ဂီတကို မျက်လုံးထောင့်ကပ်ကြည့်လေ၏။ ကြည့်ဆို စောစောကတော့ မိုးလားကဲလားနဲ့။ ခုကျတော့ ပြောလိုက်တဲ့ စကား ရေပက်မဝင်အောင်ပါပဲ။

"ဟော့ ကာကာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ယုန်ရဲ့လတ်"

"ဟုတ်ပါ့တော်၊ ရှင့်ကို လည်ရှာနေတာ မောနေပြီသိလား"

"လာ ... ထိုင်ကြ"

အေးယုမော်နဲ့ ဝင်းလတ်ဖြူ ထိုင်လိုက်ကြပြီး ကောင်လေး တွေကို ကြည့်လေလျှင် –

"နင်တို့နဲ့ မိတ်ဆက်ပေးရဦးမယ်"

"တွေ့ရတာ ဝမ်းသာပါတယ်"

"ဟဲ့"

လက်ကမ်းလိုက်တဲ့ ရွှေလလက်ကို ဖြတ်ရိုက်ပြီး ကာကာက မျက်စောင်းထိုးလေသည်။ ရွှေလရုပ်က စပ်ဖြီးဖြီး။

"သူက အေးယုမော်၊ သူက ဝင်းလတ်ဖြူတဲ့။ ယုန်ရဲ့လတ်လို့ ပဲ ငါက ခေါ်တယ် မှတ်ထားကြ"

"မှတ်မယ်၊ မှတ်မယ်။ အသည်းထဲမှာ နှလုံးထဲမှာ ကျောက် ကပ်ထဲမှာ"

"ဘာ"

"ဘာထဲမှာ"

"ပေါင်းဒီရင်ဘတ်ထဲက ကျောက်ကပ်ထဲမှာလို့ ပြောတာ"

"ပီအောင်ပြော"

ရယ်သံတွေ ခိုးခိုးခစ်ခစ်ထွက်သွားကြ၏။





"ကဲ ... ရယ်တာတွေရပ်။ ဆက်ပြီး မိတ်ဆက်ပေးမယ်"

ကာကာပြောလိုက်မှ ရယ်သံတွေရပ်သွားကာ –

"ပြော ပြော"

"ပြောမယ်၊ သူက ဂီတာသံတဲ့"

"ဂစ်တာသံလား စန္ဒရားသံလား"

"တယောသံ"

"ပျင်းစရာကြီး ... ဟီ ဟီ"

"ပျင်းရင်ရေရောပေါ့"

"တို့အလှည့် ရောက်ပါဦးမလား"

"ရောက်မယ် ... သူက သန်းဝင်းနိုင်။ သူက ရွှေလတဲ့"

ဒီတစ်ခါမိတ်ဆက်ပေးပုံက ကသောကမျောနိုင်လွန်းလှ၏။ ကို ထိုနှစ်ယောက်က ကျေနပ်ပုံမရ။

"ရွှေလဆိုတော့ ယုန်ဝပ်မှာပေါ့နော်"

"သမင်ရော ဂျီရော ဝပ်လို့ရတယ်"

"ဒီကလူတွေနော်"

"သူက သမင်လေ၊ ရွှေသမင်မျက်လုံးနဲ့ ... ဟဲ ဟဲ"

ရွှေလက ယုကိုလက်ညှိုးထိုးပြီးပြောလေ၏။ ယုက မျက် စောင်းထိုးပြီး –

"ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလဲ"

"ဒီကောင့်ကို မနည်းထိန်းရမယ်နော်"

"အေး ... အခုက ကြိုးပြတ်သွားတာ"

"ကာကာ"

ရွှေလမျက်နှာမဲ့ပြီး ကာကာ့ကို မျက်စောင်းထိုးတော့ ပိုင်းရယ်ကြလေသည်။ ဒီနေ့ကစလို့ နောက်နေ့နောက်ရက်များတွင်။

❑❑❑



## အခန်း (၁၆)

"သူ့နာမည်က ဂီတသံတဲ့"

"ဂီတသံ"

"ဟုတ်တယ်"

"သူကချောလား"

"ချောတာမှ နတ်ပြည်ကနတ်သား နတ်သက်ကြွေလာတာပဲ ချစ်ရမယ်"

"ဟင်"

သူနဲ့သူငယ်ချင်းဖြစ်ခွင့်ရတဲ့ ကောင်လေးတစ်ယောက်အကြောင်းကို ကာကာက အားရပါးရ ပြောနေသည်။ တိုက်ဆိုင်တာက



www.burmeseclassic.com

www.burmeseclassic.com



ဂီတာသံဆိုတဲ့နာမည်ပါပဲ။ ခြူးဖံ တွေ့ဖူးတဲ့ ဂီတာသံများ ဖြစ်နေမလား လို့ စိတ်ပူသွားမိ၏။ ဂီတာသံဆိုတဲ့လူတစ်ယောက်ကို တစ်ခါမြင်ဖူးရုံနဲ့ ခုထိ မေ့လို့မရ။

သူ့ရဲ့ဂီတာသံနဲ့ ကိုယ့်ရဲ့ဂီတာသံတစ်ယောက်တည်း ဖြစ်နေရင် တော့ ဒုက္ခပဲ။ အင်း သူနဲ့က ရင်းနှီးနေပြီး ကိုယ်နဲ့က ကိုယ်ကသာ သိပြီး သူကသိမှာမဟုတ်။ သူတို့ ညီအစ်မကြားမှာမှ ဂီတာက အချစ်ဆုံမှတ်တစ်ခုလား။ ဒါဆိုလောလောဆယ်အဖို့ ကိုယ့်ဘက်မှာ အရှုံးသောကစ်နေပြီလေ။

"ဂီတာက မာနကြီးတယ်။ သေသေချာချာပေါင်းကြည့်ရင် တော့ စိတ်သဘောကောင်းတယ်လို့ ထင်တာပဲ"

"နင် သူ့ကို စိတ်ဝင်စားနေတာလား"

"အင်း စတွေ့ကတည်းကပဲ"

ခြူးဖံ သက်ပြင်းလေးမှိုးချမိ၏။

"ဒီနေ့ နင် ငါနဲ့အတူလိုက်ခဲ့"

"ဘယ်ကိုလဲ"

"ကျောင်းရောက်ရင် ကန်တင်းကိုပေါ့"

"ဘာလုပ်ရအောင်လဲ"

"ဂီတာနဲ့ မိတ်ဆက်ပေးမယ်လေ"

တွေခနဲဖြစ်သွားတဲ့ ခြူးဖံ။ အသိထဲမှာ တွေ့သင့်မတွေ့သင့်





ချင့်စားနေမိ၏။ တွေ့ချင်တာက ကိုယ့်ဝေနွှဖြစ်ပြီး ကာကာနဲ့ပတ်သက် ပြီးမှ တွေ့ရမှာကို မတွေ့ချင်။ ကာကာနဲ့ခြူးဖံက ညီအစ်မအရင်းက မွေးထားတဲ့ ညီအစ်မဝမ်းကွဲတွေလေ။

"ဖံဖံ"

"ဟင်"

"လိုက်ခဲ့နော်"

"ဘာလဲ . . . ကာကာက ကြားချင်တာလား"

"ဒါပေါ့"

"ညီအစ်မချင်း ကြားချင်နေသေးတယ်"

"ညီအစ်မချင်းမို့ ကြားတာပေါ့။ သူများဆိုရင် လုမှာစိုးလို့ ဖုံးထားမှာ"

ခြူးဖံရဲ့ ရင်ထဲမှာ အမြင့်ကနေ ခြေချော်ပြီး နိမ့်ဖနဲကျသွား သလို ဘယ်လိုကြီးမှန်းမသိ။

အို . . .

သူက ကိုယ့်ကိုသိတာမှမဟုတ်တာ။ ခေါင်းထဲကထုတ်ပစ် လိုက်စမ်းပါ။

"လိုက်ခဲ့နော် ဖံဖံ"

"အင်း . . . လိုက်ခဲ့မယ်လေ"

"ဒါဆို ယုနဲ့လတ်ကို စောင့်ပြီး သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ခြူးဇံ ခေါင်းညိတ်ပြီး ယုနဲ့လတ်ကို စောင့်နေဖို့ သဘောတူ လိုက်သည်။ ဇံဇံနဲ့ကာကာဆိုရင် ကာကာက ဇံဇံထက် သုံးလနီးပါး ကြီးသူ။

ညီအစ်မဆိုပေမယ့် သူငယ်ချင်းလိုနေကြပြီး မေဂျာအတူ

"ဟော ... ဟိုမှာ ယုနဲ့လတ်လာပြီ"

"တို့ကို စောင့်နေတာလား"

"ဟုတ်တယ်"

"ဘယ်သွားမှာလဲ"

"ကန်တင်းသွားမယ်လေ"

"Ok"

လေးယောက်သား ကန်တင်းဘက်သို့ ချီတက်ခဲ့ကြလေ သည်။ ကာကာကသာ လတ်လျားလတ်လျား လုပ်တတ်ပြီး ဇံဇံ တော်ရုံနေရာတကာကို သွားလာနေတတ်သူမဟုတ်။ ဒါကြောင့် ဂီတ ကို မတွေ့ဖြစ်တာနေမှာပေါ့။

အခု –

တွေ့ရတော့မည့်အချိန်မှာ ကိုယ့်ကိုယ်ကိုယ်ပဲ ဆုံမထား ကိုယ့်ထက်ဦးသူရှိခဲ့လေတော့ ကိုယ်က ဘေးကပွဲကြည့်ပရိသတ် လုပ်ရတော့မှာ။





"ဟာ ... ဟိုမှာ ကာကာတို့အဖွဲ့လာပြီ"

"လာကြပြော့"

"လာနေတာပဲလေ"

ဂီတတို့ဝိုင်းမှာ ကာကာတို့အုပ်စုလည်း နေရာယူလိုက်ကြ၏။ အနှိုင်းသုံးယောက်သုံးယောက်ချင်းက ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိနေပြီဖို့ မျက်နှာစိမ်းဖြစ်နေတဲ့ ဇံဇံဆီသို့ ယောက်ျားလေးသုံးယောက်၏ အကြည့်တွေရောက်လာသည်။ ဂီတ သူ့ကိုမြင်ဖူးသလိုလို ရှိပေမယ့် မှတ်မိ။

ဒါကြောင့် ...

သူကပဲ စမေးလိုက်သည်။

"သူက"

"ကြော် ... သူက ကာကာရဲ့ညီမဝမ်းကွဲလေ။ ညီအစ်မဆိုပေမယ့် သူငယ်ချင်းလိုပဲနေကြတာ။ အသက်လည်း အတူတူ၊ မေဂျာလည်း အတူတူပဲ"

"မိတ်ဆက်ပေးဦးလေ"

"အခု မိတ်ဆက်ပေးနေတာ မဟုတ်ဘူးလား"

"နာမည်ကို ချန်လှပ်ထားခဲ့လို့ ပြောတာပါ"

စိတ်ထဲမှာ ၂ ဝင်သလိုဖြစ်ချင်ပြီး ကာကာ ဂီတကို မျက်စောင်းထိုးလိုက်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က အိမ့်ခြူးခြူးဖံတဲ့။ ဖံဖံလိုပဲ ခေါ်လို့ရတယ် ဖံဖံ"

"ဟင်"

"သူက ငါပြောတဲ့ဂီတသံပေါ့။ ဒီဘက်က သန်းဝင်းနိုင် ဟိုတစ်ယောက်က ရွှေလတဲ့"

"မှတ်ထားပါ့မယ်"

"တို့ကလည်း တွေ့ရတာဝမ်းသာပါတယ်"

ပြုံးပြုံးပြီးပြောလိုက်သူက သန်းဝင်းနိုင်။ ဂီတာက –

"ဖံဖံကို တို့ တစ်နေရာရာမှာတွေ့ဖူးသလိုပဲ"

"ဘယ်နေရာမှာလဲ"

မေးလိုက်သူက ကာကာဖြစ်ပြီး အသံက မာဆတ်ဆတ်။

"အဲဒါတော့ မမှတ်မိဘူး"

"မင်းဟာကလည်း"

"ဂီတ စိတ်ထင်လို့ဖြစ်ပါလိမ့်မယ်"

"ဟုတ်မှာပါ၊ လောကမှာ လူတူမရှား နာမည်တူမရှားပါ လေ"

"ကဲ ...အဲဒါတွေထားလိုက်ကြတော့။ မှာစရာရှိတာမှာ စားစရာရှိတာစားကြ"

ကာကာ လှမ်းခေါ်လိုက်မှပဲ အားလုံးမှာစရာရှိတာမှာကြသည်





ဘာကတော့ ကျေနပ်ပီတိဖြစ်နေသည်ထင်ပါ့။ မျက်နှာက ပြုံးချိုနေ သည်။ ကျေနပ်ဆို ငှက်နှစ်ကောင်ကို ခဲတစ်လုံးနဲ့ တစ်ပြိုင်တည်း ပစ်လို့ရပြီလေ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့။ ဦးသိန်းထိုက်ပေးမယ့် သိန်းတစ်ထောင်ကိုမက်ပြီး ထောင်ကျမ်းအသက်ဆုံးရှုံးရသည့်အဖေ။ –

ထကာယ်တစ်မ်းကျတော့ –

အမေပါ ထပ်ပြီး ဘဝလည်း ရှုံး အသက်လည်းဆုံး။ သိန်း တစ်ထောင်မပြောနဲ့ ရိုးရိုးတစ်ထောင်တောင်မရခဲ့ရဘဲ အသိုက်အမြုံ ပေးပျက်စီးခဲ့ရသည့်သူတို့ဘဝ။

အဖေနဲ့အမေ။

မရခဲ့တဲ့ ကြွေးမဲ့တွေကို သားရအောင် ပြန်တောင်းမယ်လို့ ဘာသိပြုပါတယ်များ။

"ကာကာ"

"ဟင်"

"ကာကာလေး"

"ဦးအောင်ထွန်းပါလား"

"ရှာလိုက်ရတာ ကာကာလေးရယ်"

"ဦးအောင်ထွန်း ကာကာ့ကို ဘာလို့လိုက်ရှာနေတာလဲ"

"ကာကာ ဖုန်းမေ့ကျန်ခဲ့တယ်လေ။ အဲဒါ ကာကာ့အဖေက ဆိုက်ပေးလိုက်ပါဆိုလို့ လာပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ... ပေး ပေး"

ဦးအောင်ထွန်းပေးတဲ့ဖုန်းကို ကာကာ လှမ်းယူလိုက်၏။

"ဒါဆို ... ဦးလေး သွားတော့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပဲနော်"

ပြန်လှည့်ထွက်သွားတဲ့ ဦးအောင်ထွန်းကျောပြင်နဲ့ ကာ မျက်နှာကို ဂီတ တစ်လှည့်စီကြည့်မိ၏။ သူ့သမီးကိုကျတော့ ဦး ထိုက်က အဲဒီလောက်တောင် ချစ်သတဲ့လား။ သူများသားသမီး ကျတော့ သွေးသားနဲ့ တည်ဆောက်တဲ့လူတွေ မဟုတ်တဲ့အ ရက်စက်ခြင်းနဲ့ ပစ်စလက်ခတ်လုပ်ပစ်လိုက်တာ။

ကိုယ့်ထိမှ မချိအောင် နာတတ်မယ့်လူကြီး။

ခင်ဗျားအလှည့်ကို မကြာခင်ရောက်လာစေရမယ် ဦး ထိုက်။ ကိုယ့်အလှည့်ကျ မနွဲ့စတမ်းပေါ့။ ပြီးတော့ ဦးအောင်ထွ ဦးရင်မောင်။ ထမင်းဝအောင်စားထားကြပေတော့။

"ဂီတ"

"ဟင်"

"ဘာဖြစ်သွားတာလဲ"

"မဖြစ်ပါဘူး"

"မဖြစ်ဘူးသာဆိုတယ် ... မင်းကြည့်ရတာ မလန်း တာ"





"ခြော် ... ပြည့်စုံတဲ့လူတွေကိုကြည့်ပြီး မပြည့်စုံတဲ့တို့ဘဝ ကို စိတ်ပျက်လို့ပါ။ ငါမှာသာ ငွေရှိရင် ကိုကြီးနဲ့မကို မပင်ပန်းအောင် အိုင်နီးတစ်ခု ထူထောင်ပေးချင်လိုက်တာ"

"မင်းကလည်း ကြိုးစားရင် တစ်နေ့ဖြစ်လာမှာပေါ့"

သန်းဝင်းနိုင်က ခပ်လွယ်လွယ်ပြောလိုက်ပေမယ့် ကာကာ့ ရင်ထဲမှာတော့ ဂီတစကားတွေ လေးနက်သွား၏။ ဆင်းရဲတဲ့လူ ချင်းသာတဲ့ စည်းစိမ်ကို ခံစားချင်တာ မဆန်းပါဘူး။ ဖြစ်နိုင်ရင် ကာကာ သူ့ဆန္ဒတွေကို ဖြည့်ဆည်းပေးချင်လိုက်တာ။

"ကဲပါ ဂီတရာ ... သူငယ်ချင်းတွေနဲ့ တွေ့တဲ့အချိန် မင်း ပျော်ပျော်နေစမ်းပါကွ"

"ဆောရီး ... ငါ မှားသွားတယ်"

"ဒီမှာပေါ့ကောင်"

"ဘာလဲ"

"ကြိုးစားရင် ဘုရားတောင်ဖြစ်တယ်ဆိုတဲ့စကား ရှိတယ် သေး။ မင်း ကြိုးစားပေါ့"

"ဟုတ်ကဲ့ပါ ဘုရားလေးရယ်"

"ဟာ"

သန်းဝင်းနိုင် မတည့်တာထပြောတော့ ရွှေလ ဟာခနဲဖြစ် သွားတော —



www.burmeseclassic.com

www.burmeseclassic.com



"မိုးကြီးတွေ ပစ်ကုန်တော့မှာပဲ"

"အဲဒီတော့ ထန်းလျက်နဲ့ကာပေါ့"

"မင်းကြီးတော် ထဘီနဲ့ကာ ရင်ပိုလုံမှာ"

"ခွေးကောင်"

ရယ်တဲ့သူတွေ ရယ်ကုန်ကြပေမယ့် မရယ်တဲ့သူတွေ မရယ်နိုင်။ အဲဒီလူတွေကတော့ ဂီတ၊ ကာကာနဲ့ဖံ့ဖံ့။

❑❑❑



## အခန်း (၁၇)

ချင်းချင်း ဖုန်းပြောရင်းပဲ ဆိုင်ထဲက ထွက်လာခဲ့သည်။ ကြီးက သူလာကြိုဖို့နောက်ကျမှာစိုးလို့ ဒီနေ့တော့ ကိုယ့်ဘာသာပဲ ခဲ့တော့လို့ ဖုန်းဆက်ပြောတာပါ။ ကိုကြီးနဲ့ချင်းချင်းမှာ ဖုန်း တစ် စ်တစ်လုံးရှိနေတာက အလုပ်ကိစ္စတွေကြောင့်ပါ။ ဖုန်းတွေက ရင်လို ခုနစ်သိန်း ရှစ်သိန်း ပေးစရာမလိုတော့ဘဲ နှစ်သိန်းကျော် သိန်းဆို ကိုင်လို့ရနေပြီလေ။

ဒါကြောင့် —

မရှိမဖြစ်လို့အဝ်လို့ ဝယ်ထားကြတာ ဖြစ်၏။ ဒါကြောင် ချင်းက မဝယ်ဘူးလုပ်သေးတာ။ ကံကောင်းထောက်မှာ ကတ်

www.burmeseclassic.com

www.burmeseclassic.com



...ာ မဲပေါက်လို့ ဟန်းဆက်လေးသောင်းကျော်လေးပဲ ဝယ်ပေးလို့ ကိုင်ခဲ့တာ။ ကိုကြီးကတော့ ချင်းချင်းကို ကိုင်စေချင်လို့ သူကိုယ်တိုင် ဝယ်ပေးပြီး ဖုန်းချင်းလဲကိုင်ချင်ကိုင်တဲ့။ ချင်းချင်းကလည်း ဘယ်ထဲ ပါ့မလဲနော်။ စကားပြောလို့ ရတာချင်းအတူတူပဲဟာ။

"ဒါပဲလား"

"_____"

"အခု ပြန်လာနေပြီ"

"_____"

"ဟုတ်ကဲ့"

"_____"

"ဒါပဲလား ကိုကြီး"

"_____"

"ဒါဆို ချင်းချင်း ဖုန်းချလိုက်တော့မယ်"

တစ်ဖက်က အေးအေးဆိုတဲ့အသံ ကြားတာနှင့် ချင်းချင်း ဖုန်းချပြီး လက်ကိုင်အိတ်ထဲကို ထည့်လိုက်သည်။ ခေါင်းပြန်မော့လိုက် စဉ်မှာပဲ –

"ဟိတ်"

"ဟင်"

"ဒီနေ့ ဘယ်သူမှ လာမကြိုဘူးလား"





"ဟုတ်တယ်"

အနားကိုရောက်လာသူက မှူးဇေမို့ ချင်းချင်းမျက်နှာကို ...ည့်လိုက်၏။ အလှကုန်ပစ္စည်းတွေ တစ်နေ့တစ်မျိုး မရိုးရအောင် ...ယ်နေတဲ့ မှူးဇေ။ တစ်ရက်ခြား ရှေ့စဉ်လာနေတာ ဒီလူ ရိုးသား ...ာ့မလား။

"ဒါဆို ကိုယ်လိုက်ပို့မယ်"

"မလိုပါဘူး"

"လိုတယ် ချင်းချင်း။ မင်းတစ်ယောက်တည်း ပြန်မှာကို ...ယ်စိတ်မချဘူး"

"သေလိုက်ပါလား"

"ဘာလို့သေရမှာလဲ။ ဒီလောက် ရွှေစွန်ညိုကြီးဝဲနေတာကို ...ချင်း ဘာဖြစ်လို့ဆိုတာ မသိဘူးလား"

"သိသားပဲ"

"ဟာ ... တကယ်သိတယ်"

"သိပါတယ်ဆို"

"ဒါဆို ပြောပြလေ"

"ရွှေစွန်ညို၊ သေချင်လိုလို့ ဝဲနေတာလေ"

"ဟာ ... သေပြီဆရာ"

မှူးဇေက သူ့နှုတ်ခမ်းသူရိုက်ပြီး အော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့က ဖယ်"

"ကိုယ့်ကားနဲ့ လိုက်ခဲ့"

"ဘာလို့လိုက်ရမှာလဲ"

"တကယ်မလိုက်ဘူးလား"

"မလိုက်ပါဘူးဆို"

"မလိုက်ရင်"

"ဖယ်စမ်းပါ"

ချင်းချင်း ပခုံးချင်းတိုက်ပြီးထွက်သွားတော့ မှုးဇေ ယိုင်ခနဲ ဖြစ်ကာကျန်ခဲ့၏။ ချင်းချင်း သူ့များကားကိုစီးမလိုက်ချင်ပေ။ သူခေါ်တာ မျှော်လင့်ချက်တစ်ခုနဲ့လေ။ အဲဒီမျှော်လင့်ချက်နောက်က တစ်ခုံတစ်ရာကို ချင်းချင်း ဘယ်ယောကျ်ားကိုမှမပေးနိုင်။ ချင်းချင်းဘဝမှာ ကိုကြီးနှဲ့ဂီတကပထမ။

ဒါကို . . . နားလည်ခြင်းများစွာနဲ့ ချစ်နိုင်တဲ့ယောကျ်ားဆိုတာ ရှိချင်မှ ရှိမှာလေ။ ကိုကြီးနှဲ့ဂီတ ကိုယ်စီ အိမ်ထောင်ကျမှပဲ ချင်းချင်း အချစ် ရေးကို စဉ်းစားမည်။ အရွယ်လွန်သွားရင်တော့ ဖူးစာရှင်မရှိလို့ပဲ သတ်မှတ်ရမှာပေါ့။

"တစ်ယောက်တည်းလား"

အနားကပ်ပြီးမေးလိုက်သံကြောင့် အတွေးစက ပြတ်သွားသည်။





ချင်းချင်းရဲ့ ဘယ်နံ့ညာမှာ ယောကျ်ားတစ်ယောက်စီ ကပ်ထိုက်လာတာဖြစ်တယ်။

"ဘယ်ကိုပြန်မှာလဲ"

"နာမည်ဘယ်လိုခေါ်လဲ"

"လိုက်ပို့မယ်နော်"

"မင်းက တော်တော်ချစ်စရာကောင်းတာပဲ"

ချင်းချင်း ခြေလှမ်းတွေရပ်တန့်သွားပြီး –

"ဒီမှာ"

"ဟာင်"

"ရှင်တို့ ကိုယ့်လမ်းကိုယ်သွားပါ"

"ဒါ ပြည်သူပိုင်လမ်းလေ ကောင်မလေးရဲ့။ ကိုယ်တို့ခြေချင်းတွေ ရွှေ့နေတဲ့လမ်းက ကိုယ်တို့လမ်းပေါ့"

"တောက်"

"ရှပ်ကလေးက ချစ်စရာလေးကို ဘာလို့ ဒီလောက် ဒေါသ[illegible]နေတာလဲ"

တမင်လိုက်နှောင့်ယှက်နေတဲ့လူတွေက ချင်းချင်းရပ်တော့ [illegible]ရပ်၊ ချင်းချင်းသွားတော့ သူတို့က ကပ်ပါလျက်။

"ရှင်တို့ တရားလွန်လာပြီနော်"

"ဘာကိုလဲကောင်မလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကလည်း တစ်ယောက်တည်းမို့လို့ လိုက်ပို့တာကို ကွာ"

"မလိုဘူး။ တစ်ယောက်တည်းမကလို့ တစ်ခြမ်းတည်းဖြစ်ဖြစ်"

တစ်ယောက်က ချင်းချင်းလက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်လေလျှင် –

"ရှင် လွှတ်နော်"

"ကိုယ်တို့နဲ့ လိုက်ခဲ့လေ"

"ခွေးစကားမပြောနဲ့ လွှတ်စမ်း"

"ဟိတ်"

ရှိုပ်ခနဲရောက်လာတဲ့ကားက သူတို့ဘေးမှာရပ်သွားပြီး အသံကအရင် လူကနောက်မှ ဆင်းလာ၏။

"ချင်းချင်း"

"မျိုးဇေ"

ကိုယ့်ကိုဆွဲထားတဲ့လက်ကို ရိုက်ချပြီး ချင်းချင်း မျိုးဇေလက်မောင်းကို ပြေးဆွဲမိသည်။ သူနဲ့က နောက်မှ ဘယ်လိုပဲရှင်းရ ရှင်းရ

"ဟေ့ကောင် . . . မင်းနဲ့ဘာဆိုင်လဲ"

"ဆိုင်တာမဆိုင်တာ ကြည့်လေ"

မျိုးဇေ သူ့လက်မောင်းကိုဖက်ထားတဲ့ ချင်းချင်းလက်ကို





ဆုပ်ကိုင်ပြီးပြောလိုက်တော့ တစ်ဖက်လူတွေ ဘယ်လိုသဘောပေါက်သွားသည်မသိ။

"ဟေ့ကောင် . . . လာ သွားမယ်"

လူရမ်းကားတွေ ထွက်သွားတော့ ချင်းချင်း သူ့လက်မောင်းကို တွန်းပစ်လေလျှင် –

"ဒီမှာအမိ"

"ပြော"

"ချက်ချင်း ကျေးဇူးကန်းတော့မလို့လား"

"ဘာမှ ထိုးရ ကြိတ်ရတာမဟုတ်ဘဲနဲ့ မဟာကျေးဇူးရှင်ကြီးဖြစ် ခံယူချင်တာလား"

"ကျေးဇူးမတင်ချင်နေ ကျေးဇူးမကန်းဖို့ပြောတာ"

"ဟွန်း"

မျက်စောင်းထိုးပြီး လှည့်ထွက်လေလျှင် –

"ဒါက ဘယ်ကိုလဲ"

ချင်းချင်းမဖြေတော့ သူက လက်ဆွဲထားကာ –

"ကားပေါ်တက်"

"တက်မလို့"

ကားပေါ်ကို ဆောင့်ခနဲတက်ထိုင်မှ မျိုးဇေ စိတ်အေးသွားခဲ့တော့၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ခါးထောက်ရပ်နေတဲ့ သီဟရှေ့မှာ ဂီတနဲ့ချင်းချင်း ဝင်ထိုင်လိုက်ကြရင်း ချင်းချင်းကစ၍ –

"ကိုကြီးပြောစရာရှိလို့ဆို"

"ဟုတ်တယ်"

"ပြောလေ"

ခါးကိုထောက်ထားတဲ့လက်က ပြုတ်ကျသွားပေမယ့် ခပ်တည်တည်မျက်နှာကတော့ မပြောင်းလဲပေ။ ကျွန်းကုလားထိုင်ပေါ်မှာ ဝင်ထိုင်ပြီးမှ –

"ပြောစရာရှိတာကိုမပြောခင် မေးစရာရှိတာကို ငါ အရင်



မေးမယ်"

"ဘာများလဲ ကိုကြီးရဲ့"

"ဝါကို ပြန်မမေးနဲ့ ငါမေးတာကိုပဲ မှန်မှန်ဖြေ"

ကိုကြီးစကားကြောင့် ဂီတနဲ့ချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။ သူတို့ ဘယ်သူက ကိုကြီးမကြိုက်တာကို ဘာလုပ်ထားမိလဲဆိုတာ မျက်ဝန်းချင်း စကားဆိုမေးနေကြသလို၊ ကိုယ့်ကိုယ်ကိုယ်တော့ ဘာမှမလုပ်မိဘူးထင်ကြပြီး တစ်ယောက်ကို တစ်ယောက် မယုံကြည်တဲ့မျက်ဝန်းတွေနဲ့ ကြည့်နေကြတာ။

သီဟကတော့ –

နှစ်ယောက်စလုံးကိုကြည့်တဲ့ မျက်ဝန်းအစိမ့်ပွာယ်တွေ အဝှတူ ခဲ့နှိ နှစ်ယောက်စလုံးမှာ အပြစ်ရှိနေကြပြီလား။ သုံးယောက်ထဲမှာ သူက အကြီးဆုံးမို့ အုပ်ထိန်းသူပီပီ မေးစရာရှိတာ မေး၊ ပြောစရာရှိတာ ပြောရမှာပဲလေ။

"ချင်းချင်း"

"ရှင်"

"ညနေက နင့်ကို ကားနဲ့လိုက်ပို့တာ ဘယ်ကကောင်လဲ"

"သူ့နာမည်က ပြည့်ပိုင်မှူးတဲ့"

"နာမည်ကလည်း တစ်လစာ ရိက္ခာအပြည့်အစုံနဲ့ ခေါ်ရ

ယယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဂီတ"

"ရှာ"

"မင်းပါးစပ်ကို ပိတ်ထားစမ်း"

"ဟုတ်"

ဂီတ သူ့ပါးစပ်ပေါ်ကို လက်ခုံနှင့်ဖိကာ ပိတ်လိုက်သော ချင်းချင်းက ကြည့်ပြီး မျက်စောင်းထိုးလေသည်။

"ဆက်ပြောစမ်း ချင်းချင်း"

"ရှင်"

"အဲဒီကောင်နဲ့ နင် ဘယ်လိုပတ်သက်နေလဲ"

"ဘာမှမပတ်သက်ပါဘူး"

"ဘာ"

"အမေ့"

သီဟအော်သံကြောင့် ချင်းချင်းကိုယ်လေး ဂီတနှင့်ပူးကပ် သွားဧါ။

"တိုးတိုးပြောလည်း စကားပါ ကိုကြီးရ"

"ဟော့ကောင် မင်း ဝင်မပါနဲ့။ ဒီမှာချင်းချင်း"

"ဟုတ်ကဲ့ ... ပြောပါကိုကြီး"

"ဘာမှပတ်သက်မှုမရှိဘဲနဲ့ အဲဒီကောင်က နင့်ကို ကားယော် ဆွဲတင်ပြီး အမေ့အိမ်ပြန်ပို့မလား ပြော"





"အဲဒါကလေ"

"ညာမယ်ဆို ပိရိအောင်ညာ"

"ချင်းချင်း မညာပါဘူး ကိုကြီး။ မှူးဇော ချင်းချင်းတို့ဆိုင်ရဲ့ကက်စတန်မာ တစ်ယောက်ပါ။ သူ့ဘက်က မရိုးသားတာတော့ သူ့အကြောင်းလေ။ ချင်းချင်းဘက်ကတော့ လုံးဝ ရိုးရိုးသားသားပဲ။ အခုက ချင်းချင်းအိမ်အပြန် လူနှစ်ယောက်က လိုက်နှောင့်ယှက်ပြီး ဆွဲလား လွဲလားလုပ်လို့ သူနဲ့တွေ့တော့ လိုက်ပို့တာ။ ချင်းချင်းပြောတာကို ယုံပါကိုကြီး။ ချင်းချင်းဘဝမှာ ကိုကြီးနဲ့ဂီတကလွဲပြီး အခြားဘာကိုမှ မစဉ်းစားဖို့ ဆုံးဖြတ်ထားပြီးသားပါ"

ချင်းချင်းက အရှည်ကြီးရှင်းပြတော့ သီဟ သက်ပြင်းချလိုက်မိသည်။ သူ အတွေးကြီးသွားပြီလား။ အချိန်တန်အရွယ်ရောက်လာရင် ချစ်သူ ကြိုက်သူဆိုတာ ရှိလာမှာပဲလေ။ ကိုယ့်ဘက်က မစဉ်းစားလည်း သူတို့ဘက်က စဉ်းစားတာ ဘာတတ်နိုင်မှာလဲ။

ဥပမာ –

ငုဝါကိုပဲကြည့်ပေါ့။ ကိုယ်က အရေးမလုပ်တာတောင် သူက ကိုယ့်ကို အရေးပေးလွန်းသည်။ ငုဝါ သူ့ကို တစ်ဖက်သတ်ကြိုက်နေတယ်ဆိုတာ အပွေးမြင် အပင်သိနေတာပဲ။ တကယ်တော့ ငုဝါက အဘက်ဘက်က ပြည့်စုံတဲ့မိန်းကလေး။ သူ့ဂုဏ်ခြပ်နှင့် တူညီသူကို ရှိနိုင်ပါလျက်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုမှ သံယောဇဉ်ကြီးနေတာ သနားတော့သနားစရာ

"အေးလေ ... အချိန်တန်အရွယ်ရောက်လာရင် ချစ်ရ ကြိုက်သူတော့ ရှိမှာပေါ့။ ကိုကြီးက အတ္တကြီးပြီး ဘယ်သူ့ကိုမှ ရေ ရဘူး၊ မကြိုက်ရဘူးလို့ မဆိုလိုပါဘူး။ အချိန်တန်အရွယ်ရောက်ရင် လူတိုင်းမကင်းကြတဲ့မေတ္တာကို ကိုကြီး သိပါတယ်။ ဒါပေမဲ့"

"ဒါပေမဲ့ ... ဘာဖြစ်လဲ ကိုကြီး"

"ညီမလေး လူရွေးမှားမှာကိုတော့ ကိုကြီး စိုးရိမ်တယ် အဲဒါကြောင့် တစ်ယောက်တည်းမျက်လုံးနဲ့ ရွေးမယ့်အစား ကိုကြီးတို့ အသိပေးပေါ့"

"စိတ်ချပါ ကိုကြီး"

"ကတိကို လွယ်လွယ်မပေးနဲ့နော်မမ"

"အံမယ် ... ငါ့စိတ်ငါနိုင်လို့ ပေးတာ ဘာဖြစ်လဲ။ ရှ သူလိုများမှတ်နေသလား၊ မသိဘူး။ ငါလည်း နင့်အကြောင်းသိတယ် နော်။ မပြောချင်လို့သိလား"

"ကျွန်တော်က ဘာလုပ်နေလို့လဲ"

"နင့်အကြောင်း နင်အသိဆုံးဖြစ်မှာပေါ့"

"ဘာသိတာလဲ"

"တော်ကြစမ်း"

စကားကြောတွေရှည်မှာစိုးလို့ အော်လိုက်မှပဲ နှစ်ယော





ယုံး အသံတွေတိတ်သွားကြသည်။ ဒီတစ်ခါမေးရမှာ ဂီတအလှည့် ရောက်လာပြီမို့။

"ဂီတာ"

"ရှာ"

"မင်းကရော"

"ဟင် ... ဘာလဲကိုကြီး"

"မင်းကို တို့မောင်နှမ ဘယ်လိုရှန်းကန်ပြီး ကျောင်းထား ထားတယ်ဆိုတာ မင်းသိတယ်နော်"

"သိပါတယ်"

"အခု ငါကြားထားတာ မင်း ကောင်မလေးနှစ်ယောက်နဲ့ တော်တွဲနေတယ်တဲ့"

"ဟာ ... ကိုကြီးကလည်း တစ်ယောက်တောင် မဟုတ် ဘူး နှစ်ယောက်နဲ့ဆိုတော့ ချင့်ချိန်ပြီးယုံပေါ့"

"ဟော့ကောင်"

"ပြောပါ"

"ပြောတဲ့သူက ငါ့ကို သေသေချာချာပြောတာကွ"

"နှစ်ယောက်ဆိုမှတော့ သူငယ်ချင်းပေါ့ ကိုကြီးရ"

သိပ်ဟက အဲဒီသူငယ်ချင်းဆိုတာကိုလည်း အီးရောင်ငါး ဆောင် မတွဲစေချင်။



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ကျောင်းစာဘက်မှာ အားနည်းသွားမှာစိုးလို

"အေး ...သူငယ်ချင်းဆိုလည်း ကြည့်ပေါင်းပေါ့ကွာ

လူပေါင်းမှားလို့ ကျောင်းစာဘက်မှာ တစ်ခုခုဖြစ်ရင် မင်းနဲ့ငါ အတွေ

ကိုကြီးစိုးရိမ်ကြီးတာကို အပြစ်မတင်ချင်။ သူတို့ဘဝက နှ

တွင်းနက်ထဲကနေ ကုတ်ကတ်တက်လာရတာလေ။ ဘဝကို ဆယ်

ပြန်နာလို့ ဘဝနာမှ ဘဝလှမည်တဲ့။ ကိုကြီးက အုပ်ထိန်းသူအကြီး

ဆိုတော့ အငယ်တွေထက်ပိုပြီး ဒုက္ခတွေ သောကတွေကို ထမ်းပိုး

သူ။

"ကျွန်တော့်အတွက် စိတ်ချပါကိုကြီး။ ကိုကြီးနဲ့မမရဲ့ မျှော်

လင့်ချက်ကို ကျွန်တော် ဘယ်တော့မှ ဖျက်ဆီးမပစ်ပါဘူး"

"မင်းယောက်ျားနော်"

"ကတိ ... ကတိ"

ချစ်လို့ စိုးရိမ်တာအတွက် အစိုးရိမ်ခံရသူတွေက နားလည်

ခြင်းများနှင့်။ ကိုကြီးသည် သူတို့ဘဝရဲ့ မဏ္ဍိုင်တစ်ခု။

❑ ❑ ❑



## အခန်း (၁၉)

"ဂီတ"

ကိုယ့်ဘေးမှာရပ်သွားတဲ့ ကားပေါ်ကနေ လှမ်းခေါ်လိုက်တာ

မို့ ဂီတ လှည့်ကြည့်လိုက်တော့ ကားထဲကနေ ခေါင်းပြူလာတာ

ကာကာ။

"ကာကာ"

"လာ ... ကားပေါ်တက်"

သူများဆိုရင် ငြင်းမှာပေမယ့် ကာကာဆိုတော့ မငြင်းပေ။

ကိုယ်နဲ့တန်လို့ လိုက်စီးတာလို့သတ်မှတ်ပြီး ခေါင်းညိတ်ကာ ကားပေါ်

တက်လိုက်၏။ ကာကာက ဂီတမုန်းတဲ့ ဦးသိန်းထိုက်ရဲ့သမီးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အမုန်းကို သံပတ်ပေးပြီး ကာကာနဲ့ ပူးပူးကပ်ကပ်နေတာ ပျော်ဝင်ခြင်းမဟုတ်။

သူတို့ဆီကနေ တန်ရာတန်ကြေးပြန်ယူဦးမှာ။ သိန်း ထပ်ထောင်ဆိုတာကို တစ်ထောင်ရိုးရိုးတောင်မပေးတဲ့ ဦးသိန်းထိုက်။ ကြက်တူရွေးများလို ရသလောက်တော့ ကုပ်ရချိရမှာ ဂီတတာဝန်။

"ဂီတ"

"ဟင်"

"ကာကာ့ကို ခင်လား"

"ခင်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ခင်တယ်ဆိုရင် ကာကာ ဘာပဲပေးပေး တစ်ခုခုဆို လက်ခံရမယ်နော်"

"အင်"

ဘာအဓိပ္ပာယ်နဲ့ပြောတာလဲ။ ဂီတ မျက်မှောင်ကြုတ်ပြီး ကာကာကိုကြည့်လိုက်တော့ ကာကာက ရယ်နေလျက်မှ –

"ပြောတာ ကြားလား"

"အင်း"

"ကာကာက ဂီတဆန္ဒကို ဖြည့်ဆည်းပေးချင်တယ်"

"ဘာကိုလဲ"

"ဟိုတစ်ခါ ဂီတ ပြောတယ်လေ။ ဂီတအစ်ကိုနဲ့မမကို ဆိုင်ငန်းတစ်ခုလောက် ထူထောင်ပေးချင်တယ်ဆိုတာ"





"ဟုတ်တယ်၊ ဒါပေမဲ့ . . . ငါမှ လုပ်မပေးနိုင်တာ"

"ဂီတကို ကူညီမယ့်သူရှိတယ်ဆိုရင်ကော"

"ဘယ်သူလဲ"

"ကာကာလေ"

"ကာကာ"

"အင်း"

ကာကာက အပြုံးနှင့် ခေါင်းညိတ်ပြတော့ ဂီတ လိုက်ပြုံးရဆော့မလို မပြုံးရမလို ဖြစ်သွား၏။ သူက ကူညီမယ်တဲ့လား။ ဘယ်လိုကူညီမှာလဲ ကိုယ်သိဖို့မလို။ ကိုယ့်တာဝန်က သူပေးသမျှရအောင်ယူဖို့။ အစကတည်းက ဒီယုန်မြင်လို့ ဒီချုံကိုထွင်ခဲ့တာလေ။

ကာကာ့မျက်လုံးထဲကတစ်ဆင့် ရင်ထဲကို သူ ဖောက်ထွင်းမြင်ပြီးသားပဲဟာ။ ကာကာရော ဖဲဖဲပါ သူ့ကို စိတ်ဝင်စားနေကြတာထဲမှာ ကာကာက ပို၍သိသာသည်။ ဒါ သူ့အတွက် ကြီးမားသော အခွင့်အရေးကြီးတစ်ရပ်။

"ကာကာက ဘယ်လိုကူညီမှာလဲ"

ဂီတမေးတော့ ကာကာ ဒတ်ရှ်ဘုတ်ပေါ်မှာ တင်ထားတဲ့ အထုပ်တစ်ထုပ်ကို ကားမောင်းရင်းကနေ လှမ်းယူပြီး ဂီတရင်ခွင်ထဲသို့ ထည့်ပေး၏။ ကားမောင်းကတော့ တော်တော်ကျွမ်းတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဂီတ . . .

ကြွပ်ကြွပ်အိတ်အနက်နှင့်ထုပ်ထားတဲ့အထုပ်ကို ဖြေကြည့်လိုက်တော့ အထဲမှာ ပိုက်ဆံတွေက အထပ်လိုက်။

"ဟင် . . . ပိုက်ဆံတွေ အများကြီးပါလား"

"သိန်းတစ်ရာလေ"

"ဘာလုပ်ဖို့လဲ"

"အဲဒါ ဂီတအစ်ကိုနဲ့အစ်မကို အဲဒီငွေနဲ့တန်တဲ့လုပ်ငန်းတစ်ခု ထူထောင်ပေးလိုက်ပေါ့"

"ဟာ . . . မဟုတ်တာ"

ဟန်ကိုယ့်ဖို့ဆိုတဲ့အတိုင်း ဂီတ နည်းနည်းတော့အထာကိုင်ရတာပေါ့။

"ဘာလို့မဟုတ်ရမှာလဲ။ ဂီတကို ပေးရင်ယူရမယ်လို့ ပြောထားတယ်လေ"

"ကာကာ ဒီလောက်များတဲ့ငွေတွေကို ဘယ်ကရတာလဲ"

"ဘာလဲ . . . သူများဆီက ဓားပြတိုက်၊ ခိုးဝှက်လာတယ် ထင်လို့လား"

"မထင်ပါဘူး။ ကာကာက သူဌေးသမီးပဲ ဥစ္စာ"

"ကဲ . . . အဲဒါဆို ဘာမှမေးမနေနဲ့ ယူစရာရှိတာယူ"

"မဟုတ်ဘူးလေ၊ ကာကာ့အိမ်က"





"ထပ်မပြောနဲ့တော့။ ကိုယ့်ပြဿနာကိုယ်ရှင်းနိုင်တယ်"

"ဒီလောက်အများကြီးကို"

"ဂီတ"

"ဟင်"

"အဲဒီအတွက် ဂီတက တစ်ခုပဲပြန်ပေး"

"ဘာလဲ"

"နှလုံးသား"

ဂီတ ရယ်ကျဲကျဲဖြစ်သွား၏။ နှလုံးသားကို သိန်းတစ်ရာနဲ့ ထယ်တဲ့သဘောလား။ ဒါဆိုရင်တော့ ဆိုင်းဘုတ်ချိတ်ဖို့တော့ လိုပြီ။ နှလုံးသားထဲက အချစ်တွေ ပေါပေါလောလော ရောင်းရန်ရှိသည်လို့။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ချစ်"

"အ"

"ချစ်"

"ကိုကြီး တော်ပါတော့"

"တောက် ... ဒီကောင်ကွာ"

"တော်ပါတော့ ကိုကြီးရယ်၊ ချင်းချင်း တောင်းပန်ပါတယ် မောင်လေး ဂီတ"

ချင်းချင်း ကိုကြီးကိုလည်း တား၊ ဂီတကိုလည်းပြေဖက်မိသော ပိုက်ဆံတွေက လွှင့်ပစ်ထားတာ ပြန့်ကြဲနေပြီ၊ ဂီတမှာလည်း လက်သီး





နှစ်ချက်ဒဏ်ကြောင့် ဖင်ထိုင်ကျသွားတာလေ။ ငွေသိန်းတစ်ရာနှင့် သက်သီးနှစ်ချက် တန်ပါတယ်လို့ ဂီတ ထင်လိုက်တာလားတော့မသိ။ အကျင်ခံစားမှုကြားကနေ ချင်းချင်းရင်ခွင်ထဲက ရုန်းထွက်ပြီးပိုက်ဆံ အတွကို လိုက်ကောက်လေလျှင် –

"ဟောကောင် ဂီတ"

ဂီတ မော့ကြည့်လိုက်သည်။

"မင်း အခုထိ ဒီပိုက်ဆံတွေကို လိုက်ကောက်တုန်းလား"

"ကောက်ရမယ် ကိုကြီး"

"ဘာ"

"သိန်းတစ်ထောင်ပေးမယ်ဆိုလို့ အဖေအသက်ပါ အဆုံးခံရ တဲ့အပြင် အမေပါ ဘဝပျက် အသက်ဆုံးရတာ ကျွန်တော်မမေ့ဘူး။ အကယ်တမ်းကျတော့ ရိုးရိုးတစ်ထောင်တောင် မပေးခဲ့တဲ့ ဦးသိန်း ထိုက်ရဲ့စည်းစိမ်တွေကို ကျွန်တော်ဖဲ့ယူသင့်လို့ ယူခဲ့တာ ပြန်မပေးနိုင် ဘူး"

"ကိုကြီးကို ခံမပြောနဲ့လေ ဂီတရဲ့"

"မင်း အဲဒီငွေကိုယူရင် ယောက်ျားပိုင်းလုံးဖြစ်ပြီပေါ့ နွား ရဲ့"

"ပိုင်းလုံးဖြစ်ဖြစ် ပိုင်းပြားဖြစ်ဖြစ် ကျွန်တော် တန်ရာတန် ကြေးကို ပြန်ယူတာ ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်"

"ကျွန်တော်တို့ ဒုက္ခရောက်သလို သူ့သမီးဒုက္ခရောက်အောင် ပြန်လုပ်ရမှ ကျွန်တော် ကျေနပ်မယ်"

"မင်းက ဘာလုပ်မှာလဲ"

"ကိုကြီး စောင့်ကြည့်ပေါ့"

"ကျွတ်"

သီဟ ခေါင်းခါပစ်လိုက်၏။ ဒီအရွယ်ဆိုတော့ ရိုက်တားလို့လည်းမဖြစ်၊ ချော့တားလို့လည်းမရ။ ဘယ်လိုဆုံးမရမလဲ။ တကယ်ဆို သူတစ်ယောက်တည်းမှ အနာတရဖြစ်ခဲ့တာမဟုတ်။ သူရော ချင်းချင်းရော နာတတ်သည့်အသည်းနှင့်လေ။ မိုက်တယ်ဆိုတာ လွယ်လွယ်လေးပဲဥစ္စာ။

"မင်းမှာလည်း နမနဲ့နော် ဂီတ။ နမချင်းကိုယ်ချင်းစာစိတ် မင်းထားရမယ်"

"သူတောင် ကျွန်တော်တို့ကို ရက်စက်ခဲ့တုန်းက သားသမီးချင်း ကိုယ်ချင်းစာခဲ့လို့လား"

"အေး ... ငါက သူနဲ့ပြိုင်ပြီး မယုတ်မာစေချင်တာ။ မဆိုင်တဲ့ ကောင်မလေးကို မင်း ခုတုံးမလုပ်သင့်ဘူး"

"ကိုကြီး"

"အဲဒီပိုက်ဆံတွေ မင်း ပြန်ပေးမှာလား မပေးဘူးလား"





"မပေးဘူး"

"ဂီတ"

"ကိုကြီး အဲဒီအတွက် ကျွန်တော့်ကိုထပ်ထိုးချင် ထိုးလိုက်။ ကိုကြီး တစ်ချက်ထိုးရင် ကျွန်တော် တစ်ဆင့်တိုးပြီး ယုတ်မာဖို့ ဝန်လေးဘူး"

"မင်းကွာ ... တောက်"

ပြောလို့လည်းမရ ထပ်တိုးပြီးဆုံးမဖို့လည်း မထိုးရက်။ သူနဲ့ ချင်းချင်းက ဘဝကို အေးရာအေးကြောင်းနဲ့ နေချင်ပြီဖြစ်ပေမယ့် ဂီတက အမာရွတ်ကို တဆွဲဆွဲလုပ်ပြီးအော်နေတာ။ ဦးသိန်းထိုက်နဲ့ ပတ်သက်ပြီး သူတို့လည်း နာကြည်းချက်ကိုမေ့ထားတာ မဟုတ်။ ညွှင်နဲ့သူ့အဆင် ကျလာရင်တော့ –

နားရွက်တံတွေးစွတ်ဖို့ ဘယ်ဝန်လေးပါ့မလဲ။

ပြီးမှ နားရင်းအုပ်ပြီး ဖနောင့်နဲ့တင်ပါး ကပ်အောင်ပြေးချင် ချိုးရပါစေ။ သူက သွေးအေးချင်ပြီး ဂီတက သွေးပူလွယ် ဒေါသလွယ်သူ။

"မင်းက ငါ့စကားကို နားမထောင်ဘူးကိုး"

"ကျွန်တော့်အပိုင်းမှာ လိုသလိုပြော၊ ကြိုက်သလို ဆုံးမပါ ကိုကြီး။ ဦးသိန်းထိုက်နဲ့ပတ်သက်လာရင်တော့ မိဘနှစ်ပါး သေရတာ အဆုံးမတောင် ကျွန်တော် နာခံမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ချင်တာလုပ်ပြီး ဒုက္ခရောက်မှ မင်းက နောင်တရမယ့် ကောင်ပါလား"

"လုပ်ရဲရင်ခံရဲတဲ့သတ္တိ ကျွန်တော့်မှာရှိတယ်"

"ကောင်းပြီ၊ ဒါဆို မင်းလုပ်ချင်တာလုပ်၊ ငါ့ကို အစ်ကို တစ်ယောက်ရယ်လို့ ဒီနေ့ကစပြီး မသတ်မှတ်နဲ့တော့ ဂီတ"

"ကိုကြီး"

"ကိုကြီး"

ဂီတနဲ့ချင်းချင်းလည်း ခေါ်လိုက်ကြပေမယ့် သီဟက လွယ် အိတ်ကို ကောက်လွယ်ပြီး ထွက်သွားတာ လုံးဝလှည့်မကြည့်တော့။ သူ့စိတ်ထဲမှာ ဂီတအတွက် သောကတွေ၊ ကိုယ့်စကားကို နားမထောင် လေခြင်းလို့ ဒေါသလည်းထွက်၊ ဝမ်းလည်းနည်းဖြစ်ကာ မျက်ရည်က ဝေ့ချင်ချင်။

တစ်သက်လုံး ကိုယ့်စကားကို နားထောင်လာခဲ့တဲ့ကောင်က အခုကျတော့—

ကိုယ့်စကားကို နားမထောင်တော့ဘဲ ထော်လော်ကန့်လန့် နာတာလည်းနာ မုန်းတာလည်းမုန်းပေါ့။ အခုလို လျှောက်လုပ်ဖို့တော့ မသင့်ပေ။ သီဟ စိတ်ညစ်တာနဲ့ပဲ အင်းလျားကန်ဘောင်သို့ရောက် လာပြီး ငှဝါကို ဖုန်းဆက်ခေါ်လိုက်သည်ဆိုရင်ပဲ။

ငှဝါက ရောက်အောင်လာခဲ့သူ။





"သီဟ"

"ဟင် . . . ငှဝါ နင်လာတာယ်နော်"

"နင်က မလာဘူးထင်လို့လား"

"နင်က အလုပ်များတဲ့သူဆိုတော့"

"မဖြစ်နိုင်တဲ့အကြောင်းတရားကလွဲရင် ငါက နင့်အတွက်ဆို အမြဲအသင့်ရှိနေတဲ့သူပါ သီဟရယ်"

သီဟ ငှဝါမျက်နှာကို ငေးခနဲကြည့်ဖြစ်သွား၏။ ရုပ်က သိပ် အချောကြီးမဟုတ်ပေမယ့် စိတ်ထားဖြူစင်မြင့်မြတ်တဲ့ ဆရာဝန်မလေး ။ ဒီလိုမိန်းကလေးက သူ့ကိုမှ ခင်တွယ်နေတာ သနားစရာတော့ ကောင်းသားပါပဲ။ တစ်ခါတစ်ခါတော့ ငှဝါအပေါ် သူ တုညီသော တုံ့ပြန်မှုတွေပေးချင်ပါသည်။

ဒါပေမဲ့ သူ့ဘဝရဲ့နေရာတိုင်းမှာ ညီနဲ့ညီမကပဲ နေရာယူနေ တော့ ငှဝါအပေါ်မှာ မေတ္တာစော်နံပြန်လိုက်ပါဦး ဖြစ်နေပြီ။

"ငှဝါ"

"ဟင်"

"နင် ဘာလို့ ငါ့အပေါ်မှာ အဲဒီလောက်ကောင်းရတာလဲ"

"အဲဒါတော့ ငါလည်းမသိဘူး။ ငါသိတာ တစ်ခုတော့ရှိတယ်"

"ဘာလဲ"

"နင့်အနားမှာ ဘယ်သူမှမရှိတော့တဲ့အချိန်ကျရင် ငါ နင့်



www.burmeseclassic.com

www.burmeseclassic.com



အနားမှာရှိနေချင်တယ် သီဟ”

“ဘယ်လို”

“ချင်းချင်းနဲ့ဂီတက အချိန်တန်အရွယ်ရောက်လာပြီဆိုတော့ အိမ်ထောင်ပြုကြမှာပဲလေ”

“အဲဒီတော့”

“နင်က နင့်အတွက် မစဉ်းစားတော့ဘူးလား”

ငုဝါရယ်လို့ စိတ်ထဲကသာ ခေါ်မိပြီး သက်ပြင်းချလိုက်မိ၏။ ငုဝါလို သိက္ခာရှိတဲ့အသိုင်းအဝိုင်းက မိန်းကလေးတစ်ယောက်က သူ့လို ဘာမှမဟုတ်တဲ့ကောင်အပေါ် ဂုဏ်တွေ ဒြပ်တွေ ထည့်မတွက်ဘဲ ခုလို ရေလာမြောင်းပေးလုပ်တာ တော်ရုံမေတ္တာမျိုးတော့မဟုတ်။

“အဲဒီအခါ စဉ်းစားဖြစ်ရင်”

သီဟက စကားမဆက်ဘဲဖြတ်ထားလေလျှင် –

“ဆက်ပြောလေ သီဟ”

“ငါ နင့်ကို စဉ်းစားဖြစ်မယ်ထင်တယ်”

“ဟင်”

“အမဲရိုးက ဟင်းအိုးမှ အားမနာလို့ နင်မထင်ဘူးလား”

“အဆင့်အတန်းဆိုတာ လူတွေက ခွဲခြားသတ်မှတ်ထား… သီဟရယ်”

“ဒါဆို”





“ငါ့ဘဝက ပြည့်နေပြီးသားရေအိုးပဲဥစ္စာ သီဟရဲ့။ ရှိသားပြီး ကြိုးစားတဲ့လူကို ရှာရတာက ခက်တယ်လေ”

“ဒါဆို နင်က ငါ့ကို အမှတ်ပြည့်ပေးထားတာလား”

“အမှတ်ပြည့်တော့ ဘယ်ဟုတ်မှာလဲ။ ၈၀ ရာခိုင်နှုန်းလောက်ပေါ့”

သူမအကြောင်းကို သဘောကျစွာပြုံးလိုက်ပေမယ့် သီဟအပြုံးက အသက်မပါ။ စိတ်ညစ်လို့ ဒီနေရာကိုရောက်လာခဲ့တာဆိုတော့ ဘယ်လိုလုပ်ပြီး အသက်ပါနိုင်မှာလဲ။

“သီဟ”

ကန်ရေပြင်ကို ရှပ်တိုက်ပြီးမှ တိုးဝင်လာတဲ့လေကြောင့် ငုဝါရော ငုဝါကို လှည့်ကြည့်တဲ့ သီဟဆံပင်တွေပါ လွင့်ခနဲ မြောက်ခနဲ တစဉ်ကလျား ဖြစ်ကုန်၏။

“နင် တစ်ခုခုကို စိတ်ညစ်နေတာလား”

ဒါလည်း သူသိပြန်ပြီဆိုတဲ့အကြည့်က ဝေ့ခနဲရောက်ပြီး ချက်ချင်း မျက်နှာပြန်လွှဲလိုက်ခြင်းမှာ ငုဝါက သူ့ပခုံးကိုကိုင်၍ –

“ဟုတ်တယ်မို့လား သီဟ”

“နင် ငါ့မျက်နှာကို စာကျက်သလို အလွတ်ရအောင် လိုက်ကြည့်မှတ်နေတာလား”

“ငါမေးတာကိုပဲ ဖြေပါ”



www.burmeseclassic.com

www.burmeseclassic.com



သီဟ ခေါင်းညိတ်လိုက်ပြီး –

"ဟုတ်တယ်"

"ဒါဆို ဘာကြောင့်လဲ၊ ငါ့ကိုပြောပြပါလား"

"ငါ့အပူတွေ နင့်ကို မကူးစက်စေချင်ပါဘူးဟာ"

"အေးအတူပူအမျှပေါ့ သီဟရယ်"

အေးအတူ ပူအမျှဆိုပါလား။ ဒီစကားရဲ့အဓိပ္ပာယ် ဘယ်လောက်လေးနက်တယ်ဆိုတာ ငှဝါမသိတဲ့တော့ နေမှာမဟုတ်။ ကိုယ့်ဘဝမှာအေးတာမရှိတော့ အပူကိုရော ဘာလို့မျှပေးရမှာလဲ။ အေးချမ်းတဲ့ ငှဝါဘဝလေးမှာ ကိုယ့်ကိုသာ မခင်တွယ်ဘူးဆိုရင် အရာအားလုံးက သာယာချမ်းမြေ့ဖွယ်ရာအတိနှင့် ဖြစ်နေမှာပါ။

"နင် မသိချင်ပါနဲ့"

"သီဟ"

"ထပ်မေးရင် ငါ ဒီနေရာကနေ ထထွက်သွားဖို့ အစီအစဉ်ရှိတယ်နော်"

"နင်ကလည်း"

သီဟ ငှဝါလက်ကလေးကို ဖွဖွဆုပ်ကိုင်လိုက်ရင်း –

"နင်က ငါ့အပေါ် အကောင်းဆုံးသူငယ်ချင်းတစ်ယောက်ပါ ငှဝါရယ်"

❏ ❏ ❏



## အခန်း (၂၁)

"ဘာ . . . ဆယ်တန်းအောင်လို့ အမှတ်တရ ဝယ်ပေးထားတဲ့ စိန်နားကပ်ပျောက်လို့ ဟုတ်လား . . . ကာကာ"

"ဟုတ်"

ကိုယ်က အပြစ်ရှိသူမို့ ကာကာ ခေါင်းငုံ့နေလိုက်၏။ ပစ္စည်းပျောက်ဆိုတာ ရေထဲက ဆားပဲလေ။ ပြန်ရဖို့ မျှော်လင့်ချက်မှမရှိတာ။

"နင် ဘယ်မှာထားလို့ ဘယ်လိုပျောက်တာလဲ ပြောစမ်းပါဦး ရွှေသာရကာရဲ့"

"ကာကာ့ဗီရိုအံဝှက်ထဲမှာ ထည့်ထားတာပါ မေမေ"

"ဒါဆို ဘယ်လိုပျောက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကာကာ သော့တန်းလန်းနဲ့ မေ့ပြီးထားခဲ့မိတာ"

"ဘုရားရေ"

"တစ်ယောက်ယောက်ယူတာပဲဖြစ်မှာ"

"ဟဲ့ ... အဲဒါတော့ နင်ပြောမှလား ကာကာရဲ့။ အ[illegible] ဘယ်လိုလုပ်မလဲ ပြော"

"မေမေကလည်း သိန်းရာကျော်လောက်ကလေးကို အ[illegible] လောက် ဖြစ်မနေစမ်းပါနဲ့"

"ဘာ"

ကာကာ့စကားကြောင့် ဒေါ်ဝင်းလှဲ့မြ ချာခနဲပြန်လှည့်လာ[illegible] မေးလိုက်ပုံက မျက်လုံးပြူးနှင့်။ သူမကလည်း နမြောလွန်းလို့ ပြော[illegible] တာမှမဟုတ်တာ။ ကိုယ့်သမီးအသုံးမကျထာ သိသာလွန်းလို့ ရှု[illegible] တာလေ။ စိန်နားကပ်တစ်ရံတောင် မထိန်းသိမ်းနိုင်ရင် ကျန်တဲ့အ[illegible] တန်ပစ္စည်းတွေ ဘယ်လိုစိတ်ချပြီးအပ်ရမလဲ။

"သိန်းရာကျော်လောက်ကလေးကို ဟုတ်လား ကာကာ"

"ဟုတ်တယ်လေ၊ ဒီလောက်နဲ့ မေမေ သမီးကို အော်[illegible] နေတာ တန်တောင်မတန်ဘူး"

"အေး ... သိန်းရာကျော်မပြောနဲ့ ဆယ်သိန်းတောင် [illegible] ရှာနိုင်သေးလို့လား"

"သမီးက ကျောင်းသူပဲ ရှိသေးတာလေ"





"အဲဒါဆို ကျောင်းသူပီပီ လူကြီးပြောတာကို နားထောင်ပေါ့။ [illegible]ကို ပြန်ခံပြောစရာလား"

"မေမေက ရှပ်ပျက်ဆင်းပျက် ဖြစ်နေတာကိုး"

"ဟဲ့ ... ဘယ်သူဖြစ်ဖြစ် ကိုယ့်ပစ္စည်းတော့ ကိုယ်နမြောကြ[illegible]တာပဲလေ"

"ဟိုသားအမိ ဆူဆူညံညံနဲ့ ဘာဖြစ်နေကြတာလဲ"

"ဟင် ... ဖေဖေ"

ဖအေကိုမြင်တာနှင့် ကာကာ ပြေးဖက်ပြီးငိုပြကာ အကာ[illegible]အွယ်ယူဖို့ ကြိုးစားလိုက်၏။

"သမီး ဘာဖြစ်လို့ငိုတာလဲ ... ဖေဖေ့ကိုပြောစမ်း။ ဘာဖြစ်[illegible]လို့လဲ"

"ဒီကရှုလို့"

"ဟင် ... မင်းက ကလေးကိုဘာလို့ဆူတာလဲ"

"အဲဒီမှာ ရှင့်သမီး ဆယ်တန်းအောင်လို့ အမှတ်တရဝယ်[illegible]ထားတဲ့ စိန်နားကပ်ပျောက်လို့တဲ့"

"ဟင်"

ဦးသိန်းထိုက် သမီးမျက်နှာကို ငုံ့ကြည့်လိုက်တော့ မျက်ရည်[illegible]ည်ရွဲနှင့် သူက သမီးမျက်နှာညိုမှာစိုးရိမ်သူမို့ မဆူရက် မမာန်ရက်။

"သမီး"

www.burmeseclassic.com



"ရှင် ဖေဖေ"

"သမီးမေမေပြောတာ ဟုတ်လား"

"ဟုတ်"

"ဘယ်လိုဖြစ်တာလဲ သမီးရယ်"

"ယူသူရှိလို့ ပျောက်တာကို သမီးက ဘယ်လိုပြန်ရှာ

ဖေဖေရဲ့။ အဲဒါကို မေမေက ဆူနေတာ"

ဦးသိန်းထိုက် သက်ပြင်းချပြီး သမီး၏ကျောပြင်လေး

သပ်ပေးလိုက်၏။ သူကတော့ ဒီလောက်ကလေးနဲ့ သမီးကို မဆူ

ပေ။

"ကဲ ... ငိုမနေပါနဲ့တော့သမီးရယ်။ ဖေဖေ အစားပြန်

ပေးမယ် ဟုတ်ပြီလား"

"ရှင် ကြွပ်ကြွပ်အလိုလိုက်နော်"

"မင်း ကလေးကိုဆူမနေနဲ့တော့။ အိမ်မှာရှိတဲ့လူတွေ

အကုန်ခေါ်"

"ရှင်က ဘာလုပ်မလို့လဲ"

"ဟ ... ဒါ တစ်ယောက်ယောက်ယူလို့ ပျောက်တာ

အကုန်ခေါ်ပြီး မေးကြည့်ရမှာပေါ့"

"တော်စမ်းပါ ကိုထိုက်ရယ်။ ကိုယ့်သမီးအသုံးမကျ

အကုန်သိအောင် ကြော်ငြာသလို ဖြစ်တော့မှာပဲ"





အဖေနှင့်အမေ အချေအတင်တွေဖြစ်ကြပြီး ဒီမျှနှင့်ပဲပြီးဆုံး

သွား၏။ ဒီပျောက်ဆုံးတဲ့ပစ္စည်းရဲ့တန်ဖိုးက သူတို့အတွက် အခြေယိုင်

မရှိပေမယ့် တစ်ဖက်မှာတော့ ဒါကိုအခြေပြုပြီး တိုးတက်ကြီးပွား

ပေ။

ဂီတာဘဝတိုးတက်ကြီးပွားမှု ကာကာနဲ့အဆင့်အတန်းမတူရင်

ောင် အခြေအနေဆိုးဆိုးရွားရွားကြီး မဖြစ်နိုင်ဘူးပေါ့။ ကာကာက

ဘဝကို မြှင့်တင်ပေးချင်သူ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟင်"

ဖံဖံ တစ်ယောက်တည်းရပ်ပြီး တစ်ယောက်ယောက်ကို မျှော်နေပုံရသည်။ ဂီတ ခပ်သွက်သွက်လျှောက်သွားလိုက်၏။ သူလည်း သူငယ်ချင်းတွေကို ရှာနေတာလေ။ ဂီတ ခြေလှမ်းက ဖံဖံအနား ရောက်လုကာနီးတွင် ဖံဖံက ရုတ်တရက် ဒီဘက်ပြန်လှည့်တာ တိုးပြီး –

"အင့်"

"အမေ့"

"အ"





ဖံဖံ ခေါင်းက ဂီတရင်ဘတ်ကို တိုးဝှေ့ကာ ဆောင့်မိသွားပြီး ဂီတ ယိုင်ခနဲဖြစ်သွားပြီးမှ ဖံဖံကို ဆွဲလိုက်တော့ ကိုယ့်ကိုယ်ကိုယ် ထိန်းတာ ဖံဖံကို ဆွဲဖက်သလိုဖြစ်သွား၏။

"အို"

"ဆောရီး"

"အား"

"ဟင်"

ကိုယ့်အဖြစ်ကို ကိုယ်သတိရပြီး ရှက်ရှက်နှင့် ရုန်းထွက်လိုက်တဲ့ဖံဖံ။ ဆံပင်က တင်းခနဲဖြစ်သွားသဖြင့် ကိုယ်ချင်းက ခွာလို့မရဘဲ နီးနီးကပ်ကပ်။

"အား ... နာလိုက်တာ"

"နေဦးလေ ... နင့်ဆံပင်က ငါ့အင်္ကျီကြယ်သီးနဲ့ ဘယ်လို ငြိနေတယ် မသိဘူး"

"လုပ်ပါဦး"

"လုပ်ပေးမယ် ငြိမ်ငြိမ်နေ"

သူက ဆံပင်တွေကို ဆွဲထုတ်နေချိန်မှာ ရင်ဘတ်ချင်းနီးကပ်သည့်အပြင် မျက်နှာနှစ်ခုကလည်း နီးနီးကပ်ကပ်မို့ သူက ဘယ်လိုနေသည်မသိ။ ဖံဖံကတော့ ရင်ခုန်သံတွေမြန်နေသည်။ မျှော်လင့်လို့မရတဲ့ သူကို မမျှော်လင့်ချင်လို့ ခပ်ခွာခွာနေခဲ့တာ။ ဒီမှာမှ တည်တည့်ပဲတိုး



www.burmeseclassic.com

www.burmeseclassic.com



ပျော်တယ်လို့။

ဘာဖြစ်နေတာလဲ ဖိုဖို။

နင့်ရင်ခုန်သံတွေကိုဆုံးမစမ်း။ ချမ်းသာတာချင်း အတူတူ ကာကာက နင့်ထက်ပိုလှပြီး သူ့အနားမှာ အမြဲကပ်နေခွင့်ရတဲ့သူ တော်ကြာ နင်ပဲ ရှုံးကျန်ခဲ့လိမ့်မယ်နော်။

"ရပြီ"

"ကျေးဇူးပဲ"

"လုပ်မနေနဲ့ အချင်းချင်းတွေကို"

"နင် တစ်ယောက်တည်းလား"

"ဟုတ်တယ်၊ နင့်ကိုလည်း တစ်ယောက်တည်းရပ်နေတာ မြင်လို့ ငါလာတာ"

"ဪ"

"အဖော်စောင့်နေတာမို့လား"

"ဟုတ်တယ်"

"ဒါဆို ငါနဲ့ အဖော်ရပြီလေ။ ကန်တင်းသွားရအောင်"

"ဘယ်လို"

"ကန်တင်းသွားမယ်လေ၊ ဟိုလူတွေကို ကန်တင်းက စောင့်ကြတာပေါ့"

"ဟင့်အင်း"





သူနဲ့ နှစ်ယောက်တည်းသွားရမှာကို ပျော်သလိုရှိပေမယ့် ...ကိုအလိုမလိုက်ချင်။

"မှုတာလား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် လာပါဆို"

"အယ်"

သူက ဖိုဖိုလက်ကို ဖျတ်ခနဲဆွဲခေါ်တာမို့ ဖိုဖို ငြင်းချိန်မရ ...သွား။ ရဲတင်းလိုက်တာ။ သူ ကာကာ့ကိုရော အဲဒီလို လက်ဆွဲခေါ်ဖူး ...သား။

ကာကာနဲ့က အရမ်းရင်းနှီးတော့ ဘယ်နေမလဲ ခေါ်မှာပါ ...။ ဖိုဖို စိတ်လုံ့စွာနှင့်။

"ဂီတ"

ဂီတကမထူးပေ။

"ဂီတ"

"ဘာလဲ"

"လက်ကိုလွှတ်ပါ"

"ဘာဖြစ်လို့လဲ"

"လူမြင်လို့မကောင်းပါဘူး။ သူများတွေ တစ်မျိုးထင်ကုန်ပါ့ ...



www.burmeseclassic.com

www.burmeseclassic.com



လက်ကို လွှတ်မပေးဘဲ ဂီတက သူမမျက်နှာကို စိုက်ကြည့်လျက် . . .

"နင်က အထင်မခံနိုင်ဘူးလား"

"အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ"

"အဲဒါဆို စကားမများနဲ့ လိုက်ခဲ့"

"ဟိုလေ"

"ဘာလဲ"

"ကာကာ မြင်သွားရင်"

"မြင်တော့ရော ကြောက်စရာလား။ သူနဲ့ငါက ဘာမှ မဆိုင်တာ"

"ဟင် . . . မဆိုင်ဘူးလား"

"ဘာမှမဆိုင်ဘူး။ နင်က ဘယ်လိုထင်နေလို့လဲ'

"မသိဘူးလေ"

မအူမလည်နှင့် ဖဲဖဲ ပုံစံကိုကြည့်ပြီး ဂီတ ပြုံးလိုက်သည်။ ကာကာနဲ့ယှဉ်လိုက်ရင် ဖဲဖဲက ကာကာလောက်မလှပေမယ့် ရိုးသားပြီး မျက်နှာလေးက အပြစ်ကင်းစင်နေသလိုပါ။

"ဘာမှစိတ်မပူနဲ့။ ကာကာနဲ့ငါက သူငယ်ချင်းအဆင့်ပဲ"

"ဘယ်သူက စိတ်ပူလို့လဲ"

"မသိဘူးလေ၊ ပူများ ပူသလားလို့"





"ကဲ . . . လက်ကိုလွှတ်ပါတော့"

"တို့ သွားလိုက်တာ"

ဂီတကလက်ကိုလွှတ်ပေးပြီး ပခုံးချင်းယှဉ်၍ လျှောက်ဖြစ်ကြသည်။ ကန်တင်းကိုရောက်တော့ –

"ဂီတ ကြိုက်တာမှာလေ"

"ကြိုက်တာမှာလို့မရဘူး။ ငါ့မှာ လက်ဖက်ရည်နှစ်ခွက်ဖိုးပဲ ပါတာ။ ငါ ဒကာခံတာကို နင်သောက်ရမှာ ကံကောင်းတယ်မှတ်"

"မသောက်ရက်ပါဘူး။ ကဲ . . . ကြိုက်တာမှာပါ ဖဲဖဲ ဒကာခံပါ့မယ်"

"တကယ်"

"ဒါ နောက်စရာလား"

"ကျေးဇူးပဲ"

"အားမနာတတ်တာ သိသာလိုက်တာ"

"အားနာရမယ့်လူတွေမှ မဟုတ်တာ ဖဲဖဲရဲ့"

"ကဲ ဟုတ်ပါပြီ ကြိုက်တာမှာတော့မှာပါ"

နှစ်ယောက်သား စားစရာတွေမှာပြီး စားကြ သောက်ကြရင်း စကားတွေပြောဖြစ်ကြတော့ ဖဲဖဲက တကယ်ခင်ဖို့ကောင်းတဲ့ကောင်မလေးမှန်း ဂီတ ပိုသိသွားသည်။

"ဟိုမှာ ဟိုမှာ"

www.burmeseclassic.com



"ဂီတနဲ့ ဖံဖံပါလား"

ကာကာတို့အဖွဲ့ ရောက်လာကြတာ လူစုံတက်စုံ။ ရှေ့ဆုံးက ရောက်လာသူက ကာကာဖြစ်ပြီး ဝင်ထိုင်ပုံက ဆောင့်ခံနဲ။ ယုကတော့ ရယ်ကျဲကျဲနှင့်။

"စောစောရောက်နေကြတာဆိုတော့ ဒီနှစ်ယောက် ချိန်းထားကြတာလား"

"ကြိကြိဖန်ဖန် ယုရယ်"

ဖံဖံက မျာမျာသလဲငြင်းပြီး ဂီတရယ်နေပုံကိုကြည့်ကာ ကာကာ ဒေါသကထွက်ချင်ချင်။ သူက ဘာလို့ မငြင်းတာလဲ။ ကာကာ အထင်လွဲမှာကို ဂရုမစိုက်တဲ့အတိုင်းပါပဲ။ သူက လေ့နံနှစ်ဖက်နှင်း ချင်တာလား။ တကယ်ဆိုရင်တော့ ကာကာက အရှုံးဘက်က ရပ်တည်မည့်သူ မဟုတ်ပေ။

ကိုယ်နိုင်ဖို့အတွက်ဆို ဘယ်မျက်နှာကိုမှ ထောက်မှာမဟုတ်ပေ။ ခြေထိုးခံရမှာလည်းမကြောက်။

"ဖံဖံ"

"ဟင်"

"နင်က ဘာလို့ ကျောင်းကိုအစောကြီးလာတာလဲ"

"ကိုကိုက သွားစရာရှိသေးတယ်ဆိုပြီး စောစောလိုက်ပို့လို့ စောစောရောက်လာတာပေါ့"





"ဂီတကရော"

"ဟင် ... ဘာလဲ"

"ကျောင်းကို စောစောရောက်ရတဲ့အကြောင်း"

"ဟ ... တရားခံစစ်နည်း စစ်နေပါလား"

"ဖြေမှာသာဖြေစမ်းပါ"

"မမကို လိုက်ပို့ရင်း တစ်ခါတည်း ဆက်ထွက်လာလို့ ကျောင်းကို စောစောရောက်တာလေ။ ဘာဖြစ်လို့လဲ"

"မယုံလို့"

"ဟင်"

ဖံဖံ မျက်လုံးလေးဝိုင်းပြီး ဂီတကိုလှမ်းကြည့်သည်။ အစက ပြောလားဆိုတဲ့သဘော သက်ရောက်နေတဲ့အကြည့်။ ဂီတကလည်း ကိုယ်နဲ့ ဘာမှပတ်သက်မှု မရှိသေးဘဲ အသလွတ်ချုပ်တာကျတော့ ခံချင်။ ဒါကြောင့် အရယ်မျက်နှာက တင်းသွားတာမဟုတ်ပေမယ့် တည်သွားကာ။

"နင်က ဘာလို့မယုံတာလဲ"

"နင်တို့နှစ်ယောက် ချိန်းတွေ့သလားလို့ပါ"

"မဟုတ်ရပါဘူး ကာကာရယ်။ ဂီတနဲ့ငါက တစ်ခါမှတောင် ခင်ခင်မင်မင်နီးနီးနေဖူးတာ မဟုတ်ဘူး။ ခုမှ နင်တို့ကို စောင့်ရင်း ခင်ခင်မင်မင် စကားပြောဖြစ်ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ဒီမှာ ကာကာ"

ဂီတခေါ်လို့ မျက်လုံးသာဖွင့်ကြည့်တဲ့ ကာကာပုံစံက မကျေ
မနပ်ပါ။

"နင် ငါ့ကို ချုပ်ခွင့်၊ တုပ်ခွင့် မရှိဘူးနော်"

"ဘာ"

"နင်ပေးထားတဲ့အရာနဲ့ ငါ့ကို ချည်နှောင်မယ်ဆိုရင် ပြန်ပေး
မယ်။ ငါ့လွတ်လပ်ခွင့်ကိုတော့ မပိတ်ပင်နဲ့။ လူဆိုတာ ဘယ်လိုလူမျိုး
ဖြစ်ဖြစ် ခင်မင်ရင်းနှီးခွင့်တော့ ရှိတာပဲ။ နေရာတကာ သံသယမျက်လုံး
နဲ့ကြည့်ပြီး J ဝင်မယ်ဆိုရင်"

"တော်တော့ ဂီတ"

ဂီတ ပြောနေတဲ့စကားတွေကို ကာကာကလွဲပြီး ဘယ်သူမှ
နားမလည်ကြပေ။ ငွေသိန်းတစ်ရာပေးတဲ့ကိစ္စ သူတို့နှစ်ယောက်ကလွဲ
ပြီး ဘယ်သူသိတာမှတ်လို့။ ပြီးတော့ ပါးစပ်ကသာ မောင်းတင်ပြီး
တကယ့်လက်တွေ့ ပြန်တောင်းရင် ဂီတကပေးမှာတဲ့လား။ အစက
တည်းက သူတို့ရဲ့ ဆုံးရှုံးနစ်နာမှုတွေအတွက် တန်ရာတန်ကြေးလို့
သဘောထားပြီး ယူခဲ့တာလေ။

ပြန်ပေးမှာတဲ့လား။

နောက်ထပ်ရရင်တောင် ဂီတယူဦးမှာဖြစ်၏။ ဒါ သူတို့





အတွက်က ပမွှားလေးပဲ ရှိသေးတာလေ။

"ငါ မှားသွားတယ် ငါ တောင်းပန်ပါတယ်"

"နင်စဉ်းစားကြည့်ပါ ကာကာရယ်။ တို့နှစ်ယောက်သာ မရိုး
သားရင် ဒီမှာထိုင်ပြီး နင်တို့ကို ဘယ်စောင့်နေမှာလဲ"

"ဟုတ်သားပဲ ကာကာရယ်။ နင်ကိုက အလုပ်မဟုတ်တာကို
တွေးပြီး ဥစ္စာခြောက်နေတာ"

လတ်က မျက်စောင်းထိုးပြီးဝင်ပြောတော့ ကာကာ ငြိမ်သက်
နေသည်။ သူကလည်း သူပါပဲ။ ဂီတအနားမှာ ကိုယ်ကလွဲပြီး အခြား
နှင်းကလေးကပ်နေတာကို မမြင်ချင်မိတာ အတွက်ကြီးရောကျနေပြီ။ လူထဲ
မှာနေတဲ့လူတိုင်း လူတွေနဲ့မှ မကင်းနိုင်ကြပဲလေ။ ဒါကို ကိုယ်နဲ့
ဘာမှမသက်ဆိုင်သေးဘဲ ပိတ်ပင်တားဆီးရင် ဂီတက ကိုယ့်အပေါ်
မြင်ပွယ်ရာတွေသာ ရှိ၏။

"ကဲ . . . မကျေနပ်တာတွေ၊ သဝန်တိုတာတွေရပ်ကြတော့။
သူတို့လုပ်တာနဲ့ အစီအစဉ်ဆွဲလာတာတွေတောင် ဘယ်ရောက်ကုန်
တယ် မသိဘူး"

"ဘာလဲ ရွှေလ"

"ဒီတစ်ခါကျောင်းပိတ်ရင် တို့သူငယ်ချင်းတွေစုပြီး ဘုရား
ဖူးရင်း လိပ်ဥတူးရင် ကောင်းမလားလို့"

"လိပ်ဥက မင်းအဖေဆီမှာ တူးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင် ငနိုင်။ ငါက ဘုရားဖူးရင်း လျှောက်လည်ကြ
ပြောတာကွ"

"အဲဒီလို ရှင်းရှင်းပြောပါလား"

ရွှေလစကားကြောင့် ကာကာတို့အပိုင်းက မကျေနပ်မှု
ပြီးဆုံးသွားသည်ထင်၏။

"အဲဒီအစီအစဉ် ကောင်းတယ်၊ သွားကြမယ်လေ"

ယုက ထောက်ခံသည်ဆိုရင်ပဲ –

"ကျန်တဲ့သူတွေ သဘောကရော ဘယ်လိုလဲ"

"သွားမယ်လေ ပျော်စရာကြီး"

"သွားမယ်ဆိုရင် ကိုယ့်ကားနဲ့ကိုယ် ရှိုးစမိုးအပြည့်နဲ့ လိုက်
မရဘူးနော်။ အားလုံး တစ်စည်းတစ်လုံးတည်း ပျော်ပျော်ပါးပါး
အောင် သန်းဝင်းနိုင် မင်းအိမ်က ကားကိုယူခဲ့"

"ငါ့အိမ်ကကား"

"ဟုတ်တယ်၊ အဲဒါမှ ကားတစ်စီးတည်းမှာ အားလုံး
စီးလို့ရမှာ၊ ဘယ့်နှယ်လဲ"

"အေးပါ"

အားလုံး သဘောတူလိုက်သည့်အချိန်မှာ ဖဲဖဲက –

"ငါ မလိုက်ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"





"မလိုက်ချင်လို့"

"ငါလည်း မလိုက်ဘူး"

ဂီတကပါ ပြောလေသဖြင့် –

"ဟာ ... ဘယ်လိုဖြစ်ကြတာလဲ"

"အပျော်သွားတာ စိတ်ညစ်စရာတွေပါကုန်မှာစိုးလို့"

ဂီတစကား၏အဓိပ္ပာယ်ကို နားလည်စွာ ကာကာ ခေါင်းလေး
ငုံ့သွား၏။ ဘာမဟုတ်တာလေးကို ပုံကြီးချဲ့တယ်ဆိုပြီး ဂီတ သူ့ကို
ခင်သွားတာပဲဖြစ်မှာပေါ့။

"နင်တို့မလိုက်လို့ ဘယ်ဖြစ်မှာလဲ"

"ဟုတ်ပါတယ် ဂီတရယ်။ စောစောကကိစ္စအတွက် ကာကာ
တောင်းပန်ပြီးပြီပဲ။ လိုက်ခဲ့ပါနော်၊ ဖဲဖဲလိုက်ခဲ့ရမယ်နော်"

"နင်က တကယ်လိုက်စေချင်လို့လား"

"တကယ်ပါ ဖဲဖဲရယ်"

ဖဲဖဲ သက်ပြင်းချမိပြီးမှ ခေါင်းညိတ်ပြတော့ ကာကာ့မျက်နှာ
လေး ပြုံးသွားသည်။ ညီအစ်မတွေ စိတ်ဝမ်းကွဲလို့ ဘယ်ဖြစ်ပါ့မလဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဟေ့ ချင်းချင်း"

"ဟင်"

ကားပေါ်ကဆင်းလာသူမှာ မှူးဇေနှင့် ချင်းချင်း ကိုကြီးမျက်[illegible]
ကို အလန့်တကြားပုံစံနှင့် မော့ကြည့်လိုက်၏။ ကိုကြီးက မှူး[illegible]
အကဲခတ်သလို ကြည့်နေစဉ် –

"ကိုကြီး အလုပ်သွားမှာမို့လား။ ကျွန်တော် လိုက်ပို့[illegible]
လေ"

"ဘယ်လို"

"ဘာကိုမေးတာလဲ"





"မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ"

"ဪ ... ဟိုဟာ"

"ဘာကွ"

မှူးဇေ မျက်နှာကြော်တင်းနေတဲ့ သီဟကြောင့် ခေါင်းကို
ကုတ်လိုက်ကာ –

"ကျွန်တော့်အစ်ကိုအရွယ်မို့လို့ ကိုကြီးကို ကိုကြီးလို့ ခေါ်
တာပါဗျာ။ ကျွန်တော့်နာမည်က ပြည့်ဝိုင်မှူးဇေပါ။ မှူးဇေလို့ပဲ ခေါ်ကြ
ပါတယ်"

"ငါ သိတယ်"

"ဗျာ"

"ကိုကြီး ချင်းချင်းတို့သွားရအောင်"

ချင်းချင်းက သီဟလက်မောင်းကို ဆွဲခေါ်လေလျှင် –

"နေဦး"

"ဟွင် ... ဘာလုပ်မလို့လဲ ကိုကြီးရဲ့"

"ဒီကောင့်အကြောင်းကို ငါ သိချင်တယ်"

"ကိုကြီးကလည်း"

"ရပါတယ်၊ ကိုကြီး ကျွန်တော့်အကြောင်းကို စုံစမ်းဖို့ သဲလွန်
စပေးခဲ့ပါ့မယ်။ ကျွန်တော့်အဖေက ဦးစိုးလင်းအောင်၊ အမေက ခေါ်
ဆင်းလှဲ့စိုးပါ။ ဒါက ကျွန်တော့်ရဲ့လိပ်စာကတ်"



www.burmeseclassic.com

www.burmeseclassic.com



မှူးဇေလှမ်းပေးတဲ့လိပ်စာကတ်ကို သီဟ လှမ်းယူလိုက်
လိုလိုမယ်မယ် ယူရမှာပဲလေ။ အင်း လိုလိုမယ်မယ် မဟုတ်ပဲ လို
လိုတာ။ ကိုယ့်ညီမအနားမှာဝဲနေတဲ့ ရွှေစွန်ညိုက ဘယ်လိုရာဇဝင်
လူလဲဆိုတာ သိထားသင့်တာပေါ့။ ချင်းချင်းက ဘယ်လောက်
ရိုးသားပါတယ်ပြောပြော

ဒီကောင့်မျက်လုံးတွေမှာ ရိုးသားခြင်းကင်းမဲ့တဲ့ အရိ
အယောင်တွေ တွေ့နေရတာပဲဥစ္စာ။ လူငယ်တွေ အချိန်တန်
အထောင်အခက်အလက်စုံရင် ပျံသန်းခွင့်ပြုရမှာက လောကဓမ္မ
ဒီတော့ ကိုယ့်ညီမနဲ့ပတ်သက်လာရင် စုံစမ်းရမှာပေါ့။ ချင်းချင်
လင်ဆိုးမယား တဖားဖား အဖြစ်မခံနိုင်တော့ ချင်းချင်းအနားကို
ချင်တဲ့ကောင်ရဲ့အကြောင်းမှန်သမျှ စုံစမ်းလေ့လာရမှာ ကိုယ့်တာ

"ကျွန်တော့်မှာ မောင်နှမနှစ်ယောက်ရှိပါတယ်။ ညီမလေး
အိမ်မှာခြူးခြူးဖတဲ့၊ ဂျီတီစီပထမနှစ် တက်နေပါတယ်။ ကျွန်တော်
တော့ အီကိုနဲ့ ကျောင်းပြီးထားတာ"

"ရှိပြီ"

"ဒါဆို ကိုကြီးကို ကျွန်တော် လိုက်ပို့ပါရစေ"

"ဘာဆိုင်လို့လဲကွ"

"မိတ်ဖြစ် ဆွေဖြစ်ပေါ့"

"မလိုက်ဘူးကွာ"





"မလိုက်ရင် သွားမယ်လေ ကိုကြီးရဲ့"

"နေပါဦး ချင်းချင်းရယ်"

"မှူးဇေ"

ချင်းချင်း သူမရှေ့မှာ ကာပြီးထားတဲ့မှူးဇေကို ပိတ်တွန်းပစ်လိုက်၏။

"ချင်းချင်း"

သီဟက ချင်းချင်းကိုဆွဲထားလိုက်ကာ -

"ဒီမှာ ဟော့ကောင်"

"ဗျာ"

"မင်း ငါ့ရှေ့မှာ မခန့်ပက်စက်လုပ်တာလား"

"မဟုတ်ပါဘူး ကိုကြီးရယ်။ ကျွန်တော်က ကိုကြီးတို့နဲ့ ခင်ချင်လို့ပါ"

"ခင်ချင်လို့"

"ဟုတ်ကဲ့"

"ဘာကိစ္စ ခင်ချင်တာလဲ"

"ဟိုလေ ချင်းချင်းက ရိုးသားဖြူစင်သူလေးဆိုတော့ ကိုကြီးလည်း ရိုးသားကြိုးစားတဲ့လူတစ်ယောက်လို့ ယုံကြည်လို့ပါ"

"ဒါပဲလား"

မှူးဇေ ဘာပြောရမှန်းမသိတော့ဘဲ ခေါင်းငုံ့ကာရပ်နေတော့-



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... ငါ့ဘက်ကလည်း မင်းကို အားနာတဲ့အနေနဲ့ မင်း လိုက်ပို့တာကို လက်ခံလိုက်မယ်"

"ဗျာ"

ထင်မှတ်မထားတာကြောင့် မျိုးဇေ ဝမ်းသာအားရဖြစ်ကာ–

"ကိုကြီး ... တကယ် တကယ်ပြောတာနော်"

သီဟ ခေါင်းညိတ်ပြတော့ ကားတံခါးကို ပြေးဖွင့်ပေးပုံက ကသုတ်ကယုျာ။ သူ ဘယ်လောက်တော်သလဲ လေ့လာရသေးတာပေါ့

❑ ❑ ❑



## အခန်း (၂၄)

ကာကာက ဂီတာအတွက်ဆိုပြီး နာနုတ်သီးစိတ်တွေ ဝယ်လာ ဦးပေးတာမြင်တော့ ဖိဖိ သူဝယ်လာတဲ့ မြေပဲပြုတ်တွေကို မပေးဘဲ ဘတ်ထားလိုက်မိ၏။ ဂီတာက မြေပဲပြုတ်ကြိုက်တယ်လို့ ဟိုနေ့က ပြော ဦး ဝယ်စားတာမြင်လို့လေ။

"ဂီတာ"

"ဟင်"

"နာနုတ်သီးစိတ်တွေ စားလေ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယင်ယင်ကတည်းက မစားတာ။ နာနတ်သီးစားရင် လျှာယားသလိုကြီးမို့လို့"

"ဒါဆို ဘာဝယ်ပေးရမလဲ"

"နေပါစေ"

"ဟော့ ကာကာ"

"ဘာတုံး"

"အဲဒီလိုစေတနာကွက်ကြားမိုး မရွာနဲ့လေဟာ။ သူငယ်ချင်းတွေအားလုံး မှုံမှုံတာတပေါ့ဟ"

"မှုနိုင်ပါဘူး။ ငါက ဂီတကို စေတနာရှိလို့ ဂီတာပဲ[illegible] ဝယ်လာတာ"

"အဟွတ် အဟွတ်"

"အဟမ်း"

"ကွိ ကိ ကိ"

စပ်ဖြဲဖြဲမျက်နှာတွေနှင့် တစ်ယောက်ကိုအသံတစ်မျိုးထွက်၍ စကြလေလျှင် ကာကာ မျက်စောင်းထိုးလိုက်၏။ မတူတာကို မတူကြနဲ့ပေါ့။

"စေတနာကွက်ကြားမိုးက ရာနှုန်းပြည့်နဲ့ မိုးကြီးရော လျှပ်စီးပါ ပါလာဖွယ်ရာတွေ ရှိတယ်နော်"

"မင်းတို့က မနာလိုလို့လား"





"နာလိုပါတယ် နာလိုမှသာ"

"ဟော့ကောင် ရောမချနဲ့"

"ဩော် ... နာလိုမှ ကြာခိုလို့ကောင်းမယ်လို့ပြောတာ"

"ဟာ နိုင်ကြီး ... မင်းက စလာကတည်းက ကြာခိုဖို့ ပြောနေပါလား"

"ငါပြောတာက အစားအသောက်ကွ။ ဟို ဆင်ဖြူတော်မှိုပြီး ကြိုစုတ်တယ်ဆိုတာမျိုးလေ"

"မင်းက ကြိုစုတ်ချင်လို့လား"

"ဒါပေါ့"

"ဟော့ကောင် ဂီတာ"

"ဘာလဲ"

"မင်းရဲ့ကြိုချောင်းလေး ပေးလိုက်စမ်းပါ"

"ခွေးကောင်"

"အညစ်ပတ်အိုးတွေ တို့ကို လူမရှိသေးရင်နေပါ ယူနီဖောင်း[illegible] ရှိသေးပါဆိုတာမျိုးပေါ့။ အားနာကြပါဦးဟယ်"

"ငါပြောတာက ဂီတကြိုရှည်ဆိုင်က ကောက်လာတဲ့ ကြိုချောင်းလေးကို ပြောတာ"

ရယ်သံတွေ သောခနဲ့ထွက်သွားလေ၏။ ဖိဖိကတော့ အသံထွက်အောင် မရယ်ပေ။ ဂီတာအတွက်ဆိုပြီး ဂီတာတစ်ယောက်တည်းကို



www.burmeseclassic.com

www.burmeseclassic.com



ကွက်ပေးလို့မသင့်တော်တာကြောင့် ဖံဖံကတော့ အစကတည်းက မြေပဲပြုပ်ကို အထုပ်ကလေးတွေနှင့် တစ်ယောက်တစ်ထုပ်ကျစီ ထယ် လာခဲ့တာပါ။

စောစောကတော့ ... ဂီတ နာနတ်သီးစားမယ်ထင်ပြီး ဘယ်သူ့ကိုမှ ထုတ်မပေးတာ။ ခု နာနတ်သီးမစားဘူးဆိုတော့ ခြင်း ထဲက အထုပ်ကိုထုတ်ယူလိုက်ကာ –

"နင်တို့ မြေပဲပြုပ် စားကြမလား"

"ဟာ ... ကောင်းတာပေါ့"

"စောစောကပြောပါတော့ဟာ"

"ပေး ... ပေး"

"ငါဝေပေးမယ်လေ မလုကြနဲ့"

ဖံဖံက တစ်ထုပ်စီဝေပေးလေတော့ –

"ညီတူမျှတူ ဝေပေးတဲ့လူ"

"မင်းသမီးလေးနဲ့တူ"

"မယ်မင်းကြီးမ ကျန်းမာချမ်းသာပါစေဗျာ"

စိတ်ထဲမှာ ကာကာ တစ်မျိုးကြီးဖြစ်သွား၏။ သူငယ်ချင်းတွေက ဖံဖံကို ဆုတွေပေးတော့ ကိုယ့်အပေါ် ချစ်ခင်တဲ့မေတ္တာတွေ လျော့သွားပြီး ဖံဖံအပေါ် ပိုသွားကြသလိုခံစားရ၏။ ပြီးတော့ ကာကာဝယ်လာတဲ့ နာနတ်သီးစိတ်တွေကိုကျ ဂီတက မကြိုက်ပဲ သေးတဲ့ မြေပဲပြုပ်တွေကျတော့ တဖျောက်ဖျောက်နှင့် ခွာစားနေလိုက်တာ။ ဟွန်း ... မုန်းဖို့ကောင်းလိုက်တာ နှစ်ယောက်စလုံးပဲ။





"ကာကာ"

"___"

"ရော့လေ"

"ဟင့်အင်း ... မစားဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"မစားချင်လို့"

"ဒါဆို ငါ့ကိုပေး"

လက်ကမ်းပြီးတောင်းသူက ဂီတမို့ ဖံဖံက ကာကာ့ကိုကြည့်လိုက်လေလျှင် –

"ပေးလိုက်"

ဂီတက ဖံဖံကမ်းပေးတဲ့ မြေပဲပြုတ်ထုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်၏။ သူတို့ ပထမဆုံး ရေလယ်ကျောက်တန်းကို သွားကြတာမို့ ရေလယ်ကျောက်တန်းကိုရောက်ကြလေလျှင် ပန်းတွေဝယ်ပြီး စက်လှေပေါ်ကိုတက်ကြတော့ –

"ဖြည်းဖြည်းတက်ကြ"

"ချော်ကျမယ်နော်"

"ယူ ... လက်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... လက်ပေးရအောင် ငါက ခွေးလား"

"ဆွဲတင်မလို့ ပြောတာဟ"

"ရော့"

ယုက လက်ကမ်းပေးလိုက်တော့ ရွှေလက ဆွဲတင်လေသည်။ သန်းဝင်းနိုင်က လက်ကိုတွဲခေါ်၏။ ဂီတမှာတော့ မချောနှစ်ယောက် ကိုယ်တစ်ယောက်။ ပထမ ကာကာက လက်ကမ်းပေးတာမို့ ကာကာ့ကို ဆွဲခေါ်လိုက်သည်။ နောက် ဖံဖံလက်ကို ဆွဲခေါ်တော့ ကာကာက ရပ်ကြည့်နေလျှင် –

"ဟဲ့ ... ကာကာထိုင်လေ"

"အေးဟယ် ... ပြုတ်ကျမှ ဒုက္ခဖြစ်ဦးမယ်"

ကာကာ နောက်ဆုံးတန်းစွာ ပြေကစ်ကစ်နှင့် ထိုင်လိုက်၏။ ဘေးမှာ ဂီတအတွက် နေရာချန်ထားပေမယ့် ဂီတက ကာကာ့ဘေးကို ရောက်မလာဘဲ ဖံဖံနှင့်အတူတူထိုင်ဖြစ်သွားလေလျှင် ကာကာ့စိတ်ထဲမှာ ဖျင်းခနဲ ဖြစ်သွား၏။

ကိုယ်က သိန်းတစ်ရာကြီးပေးထားတာတောင် ထိုမျက်နှာကိုမငဲ့။ ကလေးတွေလို မသင့်မြတ်မှ ငါ့အိုးပုတ်ပြန်ပေးလို့ တောင်းတာမျိုး တောင်းလို့လည်းမဖြစ်။ မဖြစ်တော့လည်း ဖြစ်သလိုလုပ်ရမှာပေါ့။ သူတို့နှစ်ယောက် အတူတူမထိုင်ဖြစ်ဖို့ပဲ အရေးကြီးတာ။

"ဖံဖံ"





"ဟင် ... ဘာလဲ ကာကာ"

"လာ ... ငါ့ဘေးကို"

"အေး ... အေး"

"ဖြည်းဖြည်းသွား"

သဘောရိုးပဲမှတ်တဲ့ ဖံဖံကတော့ ကာကာခေါ်တာနှင့် ထသွားလေသည်။ ဘာကြောင့်ဆိုတာသိတဲ့ ဂီတကတော့ ကျော်ပြင်နှစ်ခုကို ကြည့်ရင်း ပြုံးလိုက်၏။ နင် သံချပ်ကာအကျီဝတ်ထားဖို့တော့ လိုပြီ ကာကာ။ အစက နှစ်ယောက်စလုံးကို ပစ်မှတ်အဖြစ်ချိန်ရွယ်ခဲ့ပေမယ့် ဒကာယ်တမ်းကျတော့ ဖံဖံက ဦးသိန်းထိုက်နှင့် ဘာမှမဆိုင်။ ဦးသိန်းထိုက်ရဲ့တူမရင်းမဟုတ်ဘဲ ဖံဖံက ဦးသိန်းထိုက်မိန်းမရဲ့ တူမသာဖြစ်၏။

"ကဲ ... ရောက်ပြီ ဆင်းကြ"

"လှေအဆင်း မြင်းအတက်တဲ့နော်"

ဂီတ ကာကာ့ကိုပဲ အရင်ဦးစားပေးစနစ်လိုလို့နဲ့ လက်ဆွဲချပြီး ဖံဖံဆီကို လက်ကမ်းလိုက်တော့ –

"ရတယ် ... ရတယ်"

"မရနဲ့ လက်ကိုကိုင်လေ"

"ငါ့လက်ကိုကိုင်"

သူ့လက်ကို ကာကာက ကမ်းပေးလေလျှင် ဖံဖံ ကျတော့



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုပဲ ဆွဲဆောင်းလိုက်တော့ –

“ဟာ”

“ဖိဖိ”

“အမေ့”

“အို”

ဖိဖိ မြုတ်ကျပြီး လဲမလိုဖြစ်လေသဖြင့် ဂီတ လျင်မြန်စွာ ဖိဖို့ခါးကိုဝင်ဖက်ပြီး ထိန်းလိုက်ချိန်မှာ –

“တောက်”

“ဟင် . . . ကာကာ”

ကာကာ ဘာဖြစ်သွားတယ်ဆိုတာ ရိပ်မိပြီး ချာခနဲလှည့်ထွက်သွားတဲ့ကာကာ့နောက်သို့ ယူ ကသောကမျော ပြေးလိုက်သွားပြီး ကျန်တဲ့သူတွေက ကြောင်နေကြ၏။ သန်းဝင်းနိုင်က –

“ဂီတ”

“ဘာလဲကွ”

“ကာကာ ဒေါကန်သွားပြီ”

“ကန်ကန်ကွာ”

“ဒုက္ခပါပဲ”

ညည်းတွားသူက ဖိဖိ။

“နေရာတကာ သူ့ဒေါသချည်းပဲကို ညည်းမနေနဲ့”





“ကာကာ့စိတ်ကို ဖိဖိသိတယ် ဂီတရဲ့”

“ဘာဖြစ်လဲ”

“သူက ဟိုလေ”

အတွင်းကောက်ဆိုတာကို ဖိဖိ ဘယ်လိုဖွင့်ပြောရက်ပါ့မလဲ။ ကာကာက တစ်ခုခုကို မကျေနပ်ပြီဆို ဟိုဟာပေါက်ခွဲ ဒီဟာပေါက်ခွဲ လုပ်တတ်သလို သူစိတ်ရသွားတာနဲ့ မကာမီအောင် သွေးအေးအေးနှင့် ထုံပြန်တတ်သူ။

“ဆက်ပြောလေ”

“ဟင့်အင်း . . . ဘာမှမဟုတ်ဘူး”

“ဖိဖိ”

ဖိဖိ သူတို့ရှေ့မှ ထွက်လာခဲ့တော့သည်။ ညီအစ်မချင်း အကြောင်း မကောင်းပြောရင် ဖိဖိပဲ စိတ်ပုပ်ရာကျမှာပေါ့။ တော်ကြာ တိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်မှာစိုးလို့ ပြောမဖြစ်ပေ။

“ဂီတ”

“ဟင်”

“မင်းတော့ခက်ပြီ”

“ဘာကိုလဲ”

“လျှာနှစ်ခွနဲ့ မြွေဟောက်ဖြစ်နေပြီလို့ ပြောတာ”

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"အင့် အဟင့် ... အီး ဟီး"

တွေးမိတိုင်း ဒေါသတွေထွက်ကာ ပေါက်ကွဲခွင့်မရသေး ဘယ်သူမှမရှိတဲ့ ဒန်းလေးပေါ်မှာ လာငိုနေတာ ဖြစ်၏။ နောက် မွေးတဲ့လူကို ငွေးမမှည့်ဘဲ ဉီးမှည့်တာကောင်းသလား။ ကိုယ်နှ ရင်းနှီးကျွမ်းဝင်ခဲ့ပြီးမှ ဖံဖံနဲ့တွဲပြီးမြင်ရတာလောက် အသည်းမှာ ဆ ဆတ်ခါတာ မရှိတော့။

အခု

ဂီတာကိုမုန်းရမလား။ ဖံဖံကိုမုန်းရမလား။ မုန်းလို့မရတာလည်း သေချာနေသည်။





"တောက် ... အီး ဟီး"

ဒေါသဖြစ်လို့ တောက်ခေါက်လိုက်၊ ငိုလိုက်ဖြစ်နေတဲ့ ကာကာ့အနားသို့ ဉီးအောင်ထွန်းနှင့် ဉီးရင်မောင် ရောက်လာကာ –

"ကလေး ဘာဖြစ်လို့လဲ"

"ကာကာ ဘာဖြစ်တာလဲ၊ ဉီးလေးထွန်းကို ပြောစမ်း"

"ဉီးလေးထွန်း"

"ဟေ"

"ဉီးလေးမောင်"

"ပြောလေ ကလေး"

"ကာကာလေ ကာကာသေချင်တယ် သိလား"

"ဟေ"

ဟေသံက ပြိုင်တူထွက်လာပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်သွားကြ၏။ ဉီးရင်မောင်က ကာကာ့ပခုံးကို ဆုပ်ကိုင်လိုက်ပြီး –

"ကလေး"

"အိ ဟီး"

"ဒီမှာ ဉီးလေးမောင့်မျက်နှာကိုကြည့်စမ်း"

ကာကာ မျက်ရည်တွေကိုသုတ်ပြီး မော့ကြည့်လိုက်၏။

"ကလေး ဘာဖြစ်တာလဲ။ ဉီးလေးတို့ ဘာလုပ်ပေးရမလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြော။ ကလေးဖြစ်ချင်တာကို ဦးလေးတို့ လုပ်ပေးမယ်"

"ဦးလေး တကယ်ပြောတာလား"

"တကယ်ပေါ့"

နှုတ်ခမ်းကိုဖိကိုက်ရင်း ကာကာ့မျက်နှာလေး ဆတ်ခနဲ...

လာသည်။ အချစ်ကြီးရင် အမျက်ကြီးတယ်တဲ့။ ကာကာ့ရင်ထဲ...

ပြည့်နေတာက ဂီတကိုချစ်တဲ့အချစ်တွေ။ ကိုယ့်အချစ်ကို လျှ...

ပြီး ဥပေက္ခာပြုချင်တဲ့ကောင်။ ကာကာအကြောင်း ဒင်း ကော...

ကောင်းသိစေရမယ်။

"ဦးလေး"

"ပြောပါကလေး"

"ကာကာ လူတစ်ယောက်ကို သတ်ချင်တယ်"

"ဟင်"

"အဲဒါ ဦးလေးတို့ သတ်ပေးနိုင်မလား"

နှစ်ယောက်သား အကြည့်ချင်းဆုံပြီးမှ တွေတွေကြီး...

ဖြစ်သွားကြ၏။ ကာကာက သူတို့လက်ပေါ်မှာ ကြီးလာတဲ့တ...

သမီးရင်းလိုချစ်ခဲ့ကြတာချင်း အတူတူ။ ကိုယ့်သခင်တွေအတွက် ...

လုပ်ရလုပ်ရ သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ လုပ်ပေးခဲ့တာလည်း ဟိုတုန်းကတည်း...

အခု လူတစ်ယောက်ကိုသတ်ပေးဖို့ ကာကာက တော...

နေပြီ။ သူတို့လုပ်ပေးသင့် မပေးသင့် စဉ်းစားဖို့ထက် ကာကာ့...





...ကြည့်ဆည်းပေးချင်တာပဲသိ၏။ ဒါပေမဲ့ အကြောင်းအရင်းကို သိထားဖို့...တော့လိုသည်မို့ –

"ကလေးက သူ့ကို ဘာလို့သတ်ချင်တာလဲ"

"ချစ်လို့"

"ဘယ်လို"

"အချစ်ကြီးရင် အမျက်ကြီးတတ်ကြတာပဲလေ။ သူ့ကို ...တာ သိပ်ချစ်တယ်။ သူက ကာကာ့ကိုမချစ်ဘူးထင်လို့"

"စဉ်းစားပါဦး ကလေးရယ်။ ထင်ကြေးနဲ့တော့ လျှောက်လုပ် ...ို့မရဘူးလေ။ တကယ်လို့ သူက ကလေးကိုချစ်နေတယ်ဆိုရင်"

"ဟုတ်တယ် ကာကာ။ ချစ်သူတွေ တစ်ယောက်နဲ့ တစ်...ယောက် ကြားမှာ အထင်လွဲမှုတွေ ရှိတတ်ကြတာပဲ။ အထင်လွဲမှုကြောင့် ...ွဲသွားပြီး လွန်ကာမှ နောင်တရတတ်ကြတာတွေ ဒုနဲ့ဒေးပါ။ ဦးမောင် ...ို့က ကာကာ့ကို နောက်ကျမှ နောင်တရတာမျိုး မဖြစ်စေချင်လို့ ...ပြောတာ"

ကာကာ တွေခနဲဖြစ်သွား၏။ သူတို့ပြောသလိုဆိုရင် ကာကာ ...ာ သူနဲ့ မျက်နှာချင်းဆိုင်ပြီး ပွင့်ပွင့်လင်းလင်း မေးလိုက်ရမှာလား။

"ကာကာ"

"———"

"ကာကာ သူ့ကို အခြေအနေစောင့်ကြည့်ပါဦးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှမဟုတ် အဲဒီကောင်ကို ကလေး ပြတ်ပြတ်သားသား မေးလိုက်ပါလား"

"ဦးမောင်"

"ဟင်"

"တကယ်လို့ သူက ကာကာထင်သလိုဖြစ်နေရင်ရော"

"ကလေးဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ်"

"တကယ်နော်"

"သူနာမည်သာပြော"

"ဂီ တ"

"ဂီတ"

"ဟုတ်တယ်"

"ကာကာနဲ့မေကျာတူလား"

"လိုအပ်ရင် ကာကာကိုယ်တိုင် လက်ညှိုးထိုးပြမယ်"

နှုတ်ခမ်းသားလေး လူးလွန့်သွားတာ ပြုံးခြင်းမမည် မဲ့ခြင်းမရောက်။ သူမနဲ့ဂီတ ဒီကိစ္စကို ရင်ဆိုင်ဖြေရှင်းကြတာပေါ့။ ကာကာ ပွင့်လင်းသူစီစီ ဂီတ ဘာအချိုးချိုးတာလဲ သိရမှာဖြစ်မည်။

❑❑❑



# အခန်း (၂၆)

ကန့်ရှေ့ပြင်စိုက်ကြည့်နေတဲ့ ဂီတနဲ့ ဆန့်ကျင်၍ ကျောခိုင်း နေသောကာကာ။ ကိုယ်က အရင်စမေးရမယ့်သူမို့ ဂီတဘက်သို့ ကြည့်ရပ်လိုက်သည်။

"ဂီတ"

ခေါ်သံကြားတော့ လူက လှည့်မလာဘဲ ခေါင်းကိုသာငုံ့၍ ထွေ့နေ၏။ ကာကာ့ဘက်မှ တော်တော်နှင့်အသံထွက်မလာတော့–

"ဘာပြောမှာလဲ ပြော"

"ပြောချင်တာမဟုတ်ဘူး မေးချင်တာ"

"မေးမှာဖြင့် မြန်မြန်မေး၊ ငါက သိပ်စိတ်ရှည်တတ်တဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"ဘာ"

ဘာသံက ခပ်တိုးတိုးရယ်ပါ။ အခုချိန်ထိတော့ ဒေါသ ဦးချိုးထားလို့ ရနေတုန်းပါပဲ။ ဂီတဆိုတာ ဘယ်လိုကောင်မျိုးလဲ အသစ်မြင်လို့ အပေါင်းမေ့ချင်တာလား။ ချောင်းကိုပစ်ပြီး မြစ်ကို တယ်လို့ ပြောရအောင်က ဖဲ့ဖဲ့က ကာကာ့ထက်သာတာ ဘာရှိလို့လဲ

လိမ်လည်လှည့်ဖြားချင်တာ သက်သက်ဆိုရင် ကာ မေတ္တာကိုမှ ဘာလို့ လိမ်ချင်တာလဲ။ ကိုယ်ကတော့ သူ့အပေါ် သ တွေ့ပိုပြီး အိမ်တွင်းသူခိုးလုပ်ရတဲ့အထိ သူ့ကိုချစ်ခဲ့တာ။ တကယ်တ ကျတော့ ဂီတက ဘာလုပ်ငန်းမှ ထူထောင်တာလည်းမဟုတ်။

"ဂီတ"

"ပြော"

"နင် ငါ့ကို အထင်သေးချင်လည်းသေးတော့ဟာ။ ငါ ပွင့်ပွင့် လင်းလင်းပဲမေးတော့မယ်"

"မေးလို့ ငါပြောပြီးပြီ"

ကာကာ ဂီတကျောပြင်နှင့် နီးကပ်သည်အထိ တိုးသွား

"နင် ငါ့အပေါ်မှာ ဘယ်လိုသဘောထားလဲ"

"သူငယ်ချင်းလေ"

"အဲဒီထက် မပိုဘူးလား"





"မပိုဘူး"

"ဟင်"

ဖြေလိုက်တာ မဆိုင်းမတွ။ တကယ်ဆို သံယောဇဉ်ကို အမည်း သဲသဲကွဲကွဲသိအောင် ဆန်းစစ်ပါဦးလား။ ခုတော့ ဖြေပုံက ကာ မျှော်လင့်ချက်ကို တစ်ခါတည်း ရိုက်ချိုးပစ်လိုက် တာ။ င်ထဲမှာ အမည်မသိ ဝေဒနာတစ်ရပ်က နှာခေါင်းကိုကူးစက် ၍ စပ်စပ်ကြီးဖြစ်သွားသည်။

မေတ္တာဆိုတာ ဝက်ပါလို အကွေ့အကောက်များတယ်ဆိုတဲ့ ားဟာ မှန်နေပြီလား။

အလျားအနံမရှိပေမယ့် အသွားအပြန်ရှိတဲ့ သဘောတရားဟာ ကိုယ့်အတွက်တော့ ဗီရိုးသာသာ။

"ဒါဆို ဖဲ့ဖဲ့အပေါ်မှာရော"

"ဘာလို့မေးနေတာလဲ"

"သိချင်လို့"

"အေး ... သိချင်တယ်ဆိုရင် ငါပြောပြမယ်"

ဂီတ ကိုယ်ကို ဖြည်းညှင်းစွာလှည့်ပြီး ကာကာ့ကို ခပ်စူးစူး ကြည့်လိုက်သည်။

"အစက ဖဲ့ဖဲ့ကို ဦးသိန်းထိုက်ရဲ့တူမအရင်းဆိုပြီး နင်ရော ယောက်စလုံးကို ပစ်မှတ်အထိ ချိန်ရွယ်ခဲ့တာ။ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေးကြည့်တော့ နှင်းအဖေက တစ်ကိုယ်ကောင်းသမားပဲဟာ။ ဖိဖိသေသွားရင်တောင် သူ နာတတ်မှာမဟုတ်ဘူး။ နှင်းကမှ သူ့ရဲ့ အသက်"

"နှင် နှင်က ဖေဖေ့ကို သိတယ်"

"သိရုံတင်ဘယ်ကပါ့မလဲ ဒီမှာကြည့်"

ဆံပင်ကို လက်နှင့်သပ်တင်ပြီး ဂီတ သူ့နဖူးကအမာရွတ်ကို ပြလိုက်သည်။

"ငါ့နဖူးမှာ အဲဒီအမာရွတ်ထင်ကျန်ခဲ့တာ ဘယ်သူ့ကြောင့်လို့ နှင်ထင်သလဲ"

"ဘယ်သိမှာလဲ"

"အခုသိအောင် မှတ်ထားလိုက်။ ဒါ နှင့်အဖေရဲ့ ရက်စက်ယုတ်မာမှုကြောင့် ရခဲ့တဲ့ဒဏ်ရာ"

"ဟင်"

"တို့မိသားစုအပေါ် ရက်စက်ယုတ်မာခဲ့တဲ့ နှင့်အဖေကို ငါ ဒီဘဝမပြောနဲ့ နောက်ဘဝကူးတောင် မကျေနပ်ဘူး။ အဲဒါကြောင့် ငါက အညှာကိုကိုင်လှုပ်ဖို့ ကြိုးစားခဲ့တာ"

"ဒါဆို နှင်"

"ငါ နှင့်ကို လုံးဝမချစ်ဘူး"

"ဂီတ"





"ဖိဖိကိုတော့ မသိစိတ်က ချစ်မိနေတယ် ထင်တယ်"

"တောက် … နှင်"

မြောက်တက်သွားတဲ့ ကာကာ့လက်တစ်ဖက်ကို ဂီတ ဖမ်းဆုပ်ထားလိုက်၏။

"နှင့်ဆီက ငွေသိန်းတစ်ရာကို လက်ခံခဲ့တာလည်း တမင်ဒါတို့အတွက် နစ်နာကြေးယူလိုက်တာ။ နှင့်ကို အသည်းခွဲမှ နှင့်အဖေရဲ့ဘဝကို တိုက်ရိုက်အနာတရဖြစ်အောင် လုပ်နိုင်မှာလေ။ နှင် ဦးသိန်းထိုက်ရဲ့သမီးဖြစ်ရတာ သိပ်ကံဆိုးတာပဲ သာရကာ"

"လူယုတ်မာ"

"ငါက ယုတ်မာတာမဟုတ်ဘူး။ လက်စားချေတာ။ နှင့်အဖေကသာ လူယုတ်မာ"

"နှင် ဖေဖေ့ကို မစော်ကားနဲ့"

"ဘယ်သူက စော်ကားတာလဲ။ အစော်ကားခံလိုက်ရတာက တို့မိသားစုလေ။ တို့မိသားစုဘဝလေး ပြိုပျက်ခဲ့ရတာ နှင့်အဖေကြောင့်"

"အဲဒါ … နှင် ဖေဖေနဲ့ရင်ဆိုင်ပြီး ဖြေရှင်းပါလား။ ဘာလို့ ငါ့ကိုမှ"

"လက်သည်းဆိတ်တော့ လက်ထိပ်နာတာပဲလေ"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



တောက်ခေါက်သံကိုမမှုဘဲ ဂီတ သဘောကျစွာ ရယ်လိုက်သည်။ ကိုယ်ထိမှ သိတတ်ကြတဲ့လူဆိုတဲ့ အတ္တသမားတွေထဲမှာ ဦးသိန်းထိုက် ရင်ကွဲပက်လက်ဖြစ်အောင်လုပ်ဖို့ အစီအစဉ်တွေ ဆွဲထားတာမှ အများကြီးပါပဲ။

"ဒီမှာ သာရကာ"

ကာကာ မျက်ရည်စကို လက်နှင့်တို့ပြီး ရဲရဲမော့ကြည့်လိုက်၏။

"ငါ နင့်ကိုမချစ်ပေမယ့် နင်ကတော့ ငါ့ကိုချစ်နေရမယ်"

"နင်က အတ္တသမားပဲ"

"နင့်အဖေလို ငါ ယုတ်မာလို့ရပေမယ့် မယုတ်မာချင်ပါဘူး။ ဒါပေမဲ့ ထပ်ရက်စက်ဖို့တွေ ရှိသေးတယ်"

"ရက်စက်ပါ၊ ငါကတော့ နင့်ကိုချစ်တယ်"

"ချစ်လေ၊ ချစ်ပိုင်ခွင့်ရှိတယ်လို့ ငါပြောပြီးပြီပဲ"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဂီတ"

"ဘာလဲ"

"အချစ်ကြီးရင် အမျက်ကြီးတတ်တယ်ဆိုတာ"

"ကြီးပေါ့၊ နင်လည်း နင်လုပ်ပိုင်ခွင့်ရှိတာ နင်လုပ်။ ငါလည်း ငါလုပ်ချင်တာ ငါလုပ်မယ်"

"နင် အဆိပ်ပြင်းသလို ငါလည်းအဆိပ်ပြင်းတယ် ဂီတ"

"စိန်ခေါ်ရင် ဘွာမခတ်ဘူး"





ပြုံးစစမျက်နှာနှင့် လှည့်ထွက်သွားပုံက အသည်းကို မနာတော့ခ် ဆွဲဆိတ်လိုက်သလိုပါပဲ။ ရင်ထဲမှာ စူးရှနာကျင်သွားခြင်းနှင့် အတူ ကားရှိရာအရပ်သို့ ပြန်လာခဲ့ပြီး –

"ဦးလေးထွန်း"

"ဟော . . . ဟိုကောင်ရော"

"သူ ပြန်သွားပြီ"

"ဘယ်လိုလဲ အခြေအနေ"

မေးလိုက်သူက ဦးရင်မောင်။ ကာကာ ကျိုးခနဲပြည်အောင် အံကြိတ်လိုက်ပြီး –

"သူ့ကို သတ်ပေးပါ"

"ကောင်းပြီ"

ကာကာ အမိန့်ပေးလိုက်တာနှင့် အားလုံးက အဆင်သင့်ရှိနေသူတွေ။ ဂီတကတော့ တလွှားလွှားသွားနေစဉ် –

"ဂီတ ညီလေး"

ရုတ်တရက် ဂီတမကြားသေးပေ။

"ဂီတ ဂီတ"

"ဟင်"

လှည့်ကြည့်လိုက်တော့ ကိုကြီးပါ။

"ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကို လိုက်ရှာနေတာကွ"

"ဘာဖြစ်လို့လဲ ကိုကြီး"

"ချင်းချင်းတို့ဆိုင်က ဝန်ထမ်းတွေကို မဲဖောက်ပေးတယ်ကွ။ ဆိုင်ပိုင်ရှင်ရဲ့မွေးနေ့ဆိုလား။ အဲဒါ မင်းအစ်မ ဖုန်းပေါက်လို့ မင်းကို လိုက်ပေးပေးပါဆိုတာနဲ့ ငါ မင်းကို လိုက်ရှာနေတာ"

"ဟာ ... တကယ်"

"တကယ် တကယ် ... ဒီမှာ"

သီဟ လွယ်အိတ်ထဲကဖုန်းကိုနှိုက်ယူပြီး ဂီတလက်ထဲသို့ လှမ်းပေးလေသည်။ ဂီတက ဖုန်းကိုကြည့်ပြီး ပြုံးနေ၏။

"ဟန်းစက်က အကောင်းစားပဲ"

"မင်းကြိုက်လား"

"ကြိုက်တယ်"

"ဒါဆို ဆုလေးဘာလေး ပေးလိုက်ဦး"

"ဘယ်သူ့ကိုလဲ"

"ချင်းချင်းကိုရော သူ့အလုပ်ရှင်ကိုရောပေါ့"

"ကျွန်တော့်အစား ကိုကြီးပဲ ပေးလိုက်လေ"

"အေးပါ ... အေးပါ"

ဖုန်းကို ဟိုနှိပ်ဒီနှိပ်ကြည့်ရင်း ဂီတ အကျေနပ်ကြီး ကျေနပ်နေသည်။ သူများတွေ ဖုန်းကိုင်တာမြင်တော့ သူလည်း ကိုင်ချင်တာ





ပေါ့။ ဒါပေမဲ့ ကိုယ့်အတွက် ရုန်းကန်နေတဲ့ အစ်ကိုနဲ့အစ်မကိုလည်း မှုဆာရက်။ ကာကာပေးထားတဲ့ ငွေတွေရှိပေမယ့် မသုံးချင်ပါဘူး။ သုံးရမှာ စိတ်လည်းမသန့်။

ဒါကြောင့် ဒီအတိုင်းပဲ သိမ်းထားတာဖြစ်၏။

"ကဲ ... ဂီတ"

"ဗျာ"

"ကိုကြီး သွားတော့မယ်"

"ဟုတ်ကဲ့"

သီဟ လှည့်ထွက်မလို့ ခြေလှမ်းအပြင် –

"ရှေ့ကလူပဲ ဦးမောင်"

"ရပ်နေတာ နှစ်ယောက်ကို"

"ကာကာပြောတာ ဟိုတီရှပ်အစင်းနဲ့လူ"

"ဘယ်လိုလုပ်ပြီး တစ်ယောက်တည်း ခွဲတိုက်ရမှာလဲ"

"နှစ်ယောက်စလုံးသာ တိုက်ပစ်လိုက်"

"ဟုတ်တယ်၊ အခွင့်အရေးဆိုတာ နှစ်ခါမရဘူး"

ကားက သူတို့ဆီကို ဦးတည်ပြီးလာတာမို့ သီဟ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားပြီး –

"ညီလေး"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သီဟ တွန်းလွှတ်လိုက်တာကြောင့် ဂီတ လမ်းဘေးမှာ လဲကျသွားတာ ပစ်စလက်ခတ်။

"ဒုန်း"

"အား"

"ကိုကြီး"

❑❑❑



## အခန်း (၂၇)

ကားတိုက်မှုအတွက် အမှုမလုပ်ဖို့ ဦးသိန်းထိုက်ကိုယ်တိုင် လာပြီးပေးတဲ့ငွေတွေက မနည်းမနော။ ယာဉ်စည်းကမ်း ဖောက်ဖျက်မှုအတွက်တော့ မောင်သူက ထိုက်သင့်တဲ့အပြစ်ဒဏ်တော့ ခံရမှာပဲလေ။

ဂီတတို့ဘက်ကလည်း အမှုမဖွင့်ဘဲ ပေးတဲ့ငွေကိုယူတာပေါ့။ ထန်ရာတန်ကြေးပဲလေ။

"မောင်သီဟ . . . ခုလို ဒဏ်ရာပိုင်းခံသပြီး လမ်းမလျှောက်နိုင်တော့တဲ့အတွက် ဦး စိတ်မကောင်းပါဘူးကွာ"

"ရေစက်ပေါ့ဗျာ၊ ခင်ဗျားနဲ့ကျွန်တော်တို့မိသားစုကြားမှာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေစက်က ရေပုပ်ရေဆိုးတွေပဲ နောက်ထပ် ဒုက္ခပေးဖို့ အစီအစဉ်များ ရှိသေးလား မသိဘူး"

ဦးသိန်းထိုက် ကွက်ခနဲ မျက်နှာပျက်သွား၏။ သီဟကတော့ ရင်ထဲမှာ ပြင်ပဒဏ်ရာထက် ပိုပြီးနာကျင်နေတာ တဆစ်ဆစ်။ သူတို့ဘဝကို ဘွားကျော်က ကူညီဖေးမ အုပ်ထိန်းပေးခဲ့လို့ လမ်းကြောင်းကောင်းပေါ် ရောက်ခဲ့တာ။ ဘွားကျော်ဆုံးသွားတော့ သူ့ခဲ့ အုပ်ထိန်းသူ။

အခု –

ကိုယ်က အသုံးမဝင်တော့တဲ့လူ။ အဲဒီအတွက် ဓါးသတ္တွက်နေကြတဲ့ ကလေးတွေကို ဘယ်လိုဆုံးမပေးရမလဲ။ ကိုယ်က စိတ်သွားလို့ ကိုယ်မပါတော့ပေ။

"မောင်သီဟကဲ ဒီကိစ္စကို တမင်ရှုပ်ကြတာလို့ ထင်နေတာလား"

"အဲဒါကို ကားပေါ်ပါလာတဲ့လူတွေ အသိဆုံးဖြစ်မှာပေါ့"

"ပြီးခဲ့တာတွေအတွက် ဦး တောင်းပန်ပါတယ်။ ခုကိစ္စတော့ ဦး ဘာမှမသိတာအမှန်ပါ မောင်သီဟ"

"တောင်းပန်တိုင်း ခွင့်လွှတ်လို့ရရင် လောကမှာ အာဃာတဆိုတဲ့စကား အပိုထွက်မလာဘူး ဦးသိန်းထိုက်။ အဲဒီလိုရကြောင်း ခင်ဗျားခေါင်းကို ကျွန်တော် ရိုက်ခွဲပြီး တောင်းပန်မယ်။ ခင်ဗျား





ခွင့်လွှတ်ပေးမလား"

"ဘာကွ"

"အပွန်း ပါးစပ်ကပြောရုံနဲ့ ခင်ဗျား တုန်လှုပ်သွားပြီ မဟုတ်လား။ ကျွန်တော်တို့မိသားစု ဆုံးရှုံးခဲ့ရတာတွေ နည်းသလား။ အခု ထပ် ဆုံးရှုံးရပြန်ပြီ ဘဝတစ်ခု"

"မင်း အဲဒီတော့ ဘယ်လောက် ထပ်လိုချင်သလဲ"

"ခင်ဗျားမှာ တော်တော်ပေါနေတယ် ထင်တယ်"

"ငါ့ဘဝမှာ အရေးကြီးဆုံးက ငါ့သမီးပဲ"

"ဪ ကိုယ့်ထိမှာကျ သိတတ်လိုက်တာ"

"မင်း ဘယ်လောက်ထပ်လိုချင်သလဲသာပြောပါ"

"မီးများမီးနိုင်၊ ရေများရေနိုင်တဲ့။ ခင်ဗျားက ငွေများလို့ ငွေနဲ့အနိုင်ယူချင်တာပဲ"

သီဟ ခပ်မဲ့မဲ့ပြောလိုက်၏။ ဂီတ သူ့သမီးဆီက ငွေသိန်းတစ်ရာယူခဲ့တုန်းက သူ ဆူခဲ့သေးသည်။ အခု သူကိုယ်တိုင် လက်ခံခဲ့တာ တန်ရာတန်ကြေးမို့ ယူလိုက်တာ။ ဘဝတစ်ခုဆုံးရခြင်းအတွက် ခွင့်လွှတ်လိုက်ရမှာလား။ ဒါ ခွင့်လွှတ်သင့်တဲ့ မတော်တဆမှု မဟုတ်ဘူးလို့ ယုံကြည်ချက်ဖြင့် –

"ကျွန်တော် တစ်ရာထပ်လိုချင်တယ်"

"များလှချေလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတောင်းနိုင်းလို့တောင်းတာ"

"ငါးဆယ်ထပ်ပေးမယ်၊ မင်းအတွက်တော့ မတန်တော့ ဘူး။ အခု ငါပေးတာ အားလုံးအတွက်"

"အားလုံးအတွက်"

"ဟုတ်တယ်"

ရယ်သံက တိုးညှက်ညက်ထွက်လာသည်။ တော်သေ တရားကျဖို့ကောင်းလိုက်တာ။ သီဟအဖေ ကိုယ်စားတောင်းပ ပြောခဲ့တုန်းက သိန်းတစ်ထောင်။ အခုပေးတာက မဖြစ်စလောက် လေးပဲ။ အားလုံးအတွက်ဆိုတော့ ဘယ်တန်မှာလဲ။ တကယ်တော့ သီဟ ငွေမက်လို့မဟုတ်။

မမက်လို့မှ ကိုယ့်ဘာသာ လုပ်ကိုင်စားသောက်ခဲ့ကြ အခု ယူသင့်လို့ယူ၊ တောင်းသင့်လို့တောင်းတာဖြစ်၏။ ဂီတပြော တော့ ဂီတနဲ့ ဦးသိန်းထိုက်ရဲ့သမီး ပြဿနာတက်ခဲ့ကြတယ် ကောင်မလေးက ဂီတကိုလုပ်ကြံတာ ဝန်ခံတယ်ဆိုတော့ ဖအေပြီး သမီးက ယုတ်မာတာကို ဂီတ ဒေါသဖြစ်လို့မခံ။

တော်သေးတာပေါ့

ဂီတ ဘာမှမဖြစ်လို့၊ ကိုယ်ဖြစ်သွားတာအတွက် သီဟ မနည်းပေ။ ဂီတသာဖြစ်သွားရင် ကိုယ်ဖြစ်တာထက် ပိုပြီးခံစားရ

"ခင်ဗျားတို့ တစ်ခုတော့ ကံကောင်းသွားတယ် ဦးသိ





ထိုက်"

"ဘာလဲ"

"ကျွန်တော့်ညီက ဘာမှမဖြစ်တဲ့ ခုလို ကျွန်တော်ဖြစ်သွားလို့၊ ဂီတသာဖြစ်သွားရင်"

စကားစကိုဖြတ်ပြီးကြည့်လိုက်တဲ့ သီဟမျက်ဝန်းထဲမှာ နာကြည်းရိပ်တွေ တလူလူထွက်လျက် –

"ခင်ဗျားသမီးကို ကျွန်တော်ကိုယ်တိုင်သတ်မှာ"

"ဘာ"

"ကြောက်သွားလား"

"မင်း မင်းတို့ မဟုတ်တာတွေ မလုပ်နဲ့နော်"

"မကြောက်ပါနဲ့ ဦးသိန်းထိုက်ရယ်။ ကျွန်တော်က ဒုက္ခိတ ဆိုတော့ မိုးပေါ်ထောင်ပစ်ရုံပဲရမှာပေါ့"

"ကိုကြီး"

"ဟင်"

ကိုကြီးလို့ခေါ်ပြီး ဂီတတို့ မောင်နှမဝင်လာတာကိုမြင်တော့ ဦးသိန်းထိုက် မျက်နှာပျက်သွားသည်။ ဂီတက သီဟထက် စိတ်ဆတ် သည်တဲ့။

"ဦးသိန်းထိုက်ပါလား"

"ဂီတဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော်ပဲ"

"ခြော်"

"ခင်ဗျားနဲ့တွေ့တာ အတော်ပဲ"

"မင်း မင်း ဘာလုပ်မလို့လဲ"

"အခု ဘာမှမလုပ်ပါဘူး။ ခင်ဗျားကို ခင်ဗျားသမီးအကျ ကိုယ်ရံတော်တစ်မကြီးချထားဖို့ ပြောမလို့"

"မင်း မင်း ငါ့သမီးကိုဘာမှမလုပ်နဲ့နော်။ ငါ့သမီးက ငြိ အသက်ကွ"

"ကျွန်တော်ကလည်း ခင်ဗျားအသက်ကိုပဲ နှိပ်စက်ချင်တာ"

"ဘာ"

"ကိုယ့်အလှည့်ကျ မခံနိုင်ကြစတမ်းပေါ့ဗျာ။ ပိုးကိုက်ခံရတဲ့ အလှည့်ရှိသလို ပန်းကကြီးစိုးတဲ့အလှည့်လည်း ရှိဦးမှာပေါ့။ အခု ကိုကြီးကို ဆေးရုံမှာမကုဘဲ အိမ်မှာကြိတ်ကုနေတာ နောက်ကို ရှေ့ လှမ်းဆုတ်ခြင်းပဲ။ အမှုမဖွင့်လို့ သိပ်ဝမ်းသာမနေနဲ့"

"ဟာ ... အဲဒီအတွက် ငါ ငွေအလုံအလောက်ပေးထားတယ် လေကွာ"

"ငွေလုံလောက်တိုင်း ဒဏ်ရာက မပျောက်ဘူး ဦးသိန်းထိုက်"

ဦးသိန်းထိုက် ကိုယ့်အလှည့်ဆိုတာကို တကယ်တွေးကြောက် နေမိ၏။ အမှိုက်နဲ့ဒိုက်ကို ကိုယ်ရွေးဖြစ်အလှည့်တုန်းက လှိုင်းတံပိုးရေ





သန့်ပြီး ခပ်ကြမ်းကြမ်းရက်စက်ခဲ့တာ။ ငယ်တုန်းက ငယ်စိတ်နှင့် ဘာမှမစဉ်းစားခဲ့။ ငယ်ရွယ်စိတ်က လိုချင်တာ၊ ဖြစ်ချင်တာတွေပဲ ဦးစားပေးခဲ့တာလေ။

အခုလည်း သူ့မှာ အတွေ့တွေ မကောင်းစင်သေးပေ။

"ကဲပါ ဂီတရယ် ... နင်ခြောက်တာနဲ့ ဦးသိန်းထိုက် ချောက် ချားပြီး ရူးနေပါ့မယ်"

"ဟော့ ကလေးမ ... မင်း ဝင်ပြောစရာမလိုဘူး"

"ပြောခွင့်ရှိတယ်လေ"

"မင်းက"

"ဦးကျော်စွာနဲ့ ဒေါ်စကားဝါတို့ရဲ့သမီးပဲ"

"ခြော် ... လက်စသတ်တော့ မင်းတို့က အုပ်ကောင်းလို့ ပိုင်းဖောင်နေကြတာကိုး"

"ဘာဗျ"

"ဂီတ"

စိတ်ဆတ်သူပီပီ ဂီတက ဦးသိန်းထိုက်ရင်ဘတ်ကို တွန်း ထိုက်တာမို့ သီဟ အော်လိုက်ရသည်။ ဂီတက စိတ်မြန်လက်မြန်ရှိသူ မို့ သူ တစ်ခုခု တုံ့ပြန်လိုက်မှာကို စိုးရိမ်နေရသည်လေ။ ဂီတ ရင်ထဲမှာ ဒဏ်ရာကိုဆွပြီး လက်တုံ့ပြန်ချင်ခဲ့တာ။ ခုမှ ထဖြစ်တာမဟုတ်။

ငယ်ငယ်ကတည်းက အလုံးအရင်းရှိပြီးသား။



www.burmeseclassic.com

"ဦးသိန်းထိုက်"

"——"

"ခင်ဗျား ပြန်တော့"

"မင်း ငါ့ကို နှင်စရာမလိုဘူးကွ"

"ဟောင်နေကြတာ ကိုက်မိမှာစိုးလို့ဆိုတာ ခင်ဗျား သိသင့်တာပေါ့။ ဒဏ်ရာက ဆစ်ခနဲနာလာရင် ခင်ဗျားကို နွားလို လည်လှီးသတ်ချင်တယ်ဗျ သိလား"

"တောက် ... ကွာ"

"ဝုန်း"

ဂီတ လူသတ်ချင်စိတ်ကို မနည်းထိန်းနေရတာမို့ ထိုင်ခုံတစ်လုံးကို ကျူးကာန်ပစ်လိုက်သည်။ ဒီတော့မှပဲ ဦးသိန်းထိုက် ထွက်ယောက် ထွက်သွားလိုက်တာ သုတ်သုတ်ပါ။ လူတွေက သူများကိုရက်စက်ဖို့သာ လက်ရဲဖက်ရဲရှိကြတာ။

ကိုယ့်အလှည့်ကျတော့ –

ဝုန်းခနဲအသံပေးလိုက်တာနှင့် ကြောက်တတ်လိုက်တာ လွန်ပါရောလား။

"ဂီတ"

"——"

"ဂီတ"





"ဗျာ"

"မင်းက တက္ကသိုလ်ကျောင်းသားနော်။ ငါဖြစ်စေချင်တာက ညာတာတိ။ ဒေါသနောက်လိုက်ပြီး မင်းမမှားပါစေနဲ့"

"ကိုကြီး"

"တို့မှာ သူပေးတဲ့ငွေကြေးပမာဏရှိနေပြီလေ။ အဲဒါကို ယူပြီး ဘယ်လိုတိုးတက်အောင်လုပ်ရမလဲဆိုတာ တို့စဉ်းစားရမှာ"

"ကျွတ်"

ဂီတ စိတ်ပျက်စွာ ခေါင်းကိုဖွပစ်လိုက်၏။

"ဟုတ်တယ် ဂီတ၊ သူ့အရိုးနဲ့ တစ်နေ့သူ့ကိုပြန်ထိုးနိုင်အောင် ကိုယ့်ကောင်နှမတွေ ကြိုးစားရမယ်။ လူကိုသတ်ရင် တစ်ခါပဲသေတာ။ အတ ဘဝကို အခါခါသတ်ချင်တာ"

ချင်းချင်းက မိန်းကလေးဆိုတော့ မိန်းကလေးပီပီ သူ့ လက်ဆောင်ရှုလိုချင်သည့်ဘက်က လှည့်တွေး၏။ ဦးသိန်းထိုက်ဆိုတဲ့ လူကြီးကို ဓားမြှောင်းရေးပန်းတိုင်ကြီးပြီးအောင် အလဲထိုးဖို့ စိတ်ကူးများနှင့်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

မျက်နှာပေါ်မှာ ဘာအဖုအပိန့်မှမရှိတော့ သနုပ်ခါးဖို့လိုက်တာနှင့် မျက်နှာလေးက မွန်ညက်နေသည်။ ကိရိယာ အကူအညီဖြင့် မျက်ခောင်တွေက ကော့နေပြီး မျက်ဝန်းလေးတွေကလည်း တောက်ပ လို့ပါ။

"ဘာရောင်ဝတ်ရမှာလဲ"

"ဖက်ဖူးရောင်ဆိုတော့ နှုတ်ခမ်းနီကို အရောင်ဖျော့ဖျော့လေး တင်ရမယ်"

"တော်သလိုသာ ကြည့်လုပ်ကြဗျာ"

"ရှင်လေ . . . ရှင်"





"အဲ . . . ဟုတ်သားပဲ ဆောရီး"

"ဘာလို့ ဒီလိုလုပ်ရတာလဲ မောင်လေးရဲ့"

စပ်စုရန်ကောဆိုတဲ့အကြည့်နှင့်အတူ –

"အကြောင်းရှိလို့"

"မင်းက တို့တွေထက် အများကြီးပိုလှတယ်။ တို့နဲ့ လက်တွဲပြီး အလုပ်လုပ်ပါလားဟင်"

"ဘာလို့လုပ်ရမှာလဲ။ ကျွန်တော်က ယောကျ်ားစစ်စစ်ဗျ။ ခင်ဗျားတို့လို ဝမ်းဘိုင်တူးတွေကို ကျွန်တော်ကိုယ်တိုင်က ကြည့်လို့ရတာမဟုတ်ဘူး"

"နှိပ်ကွပ်တယ်တော့"

"ကဲ . . . အဝတ်လဲရအောင်"

အဝတ်လဲဆိုတော့ တင်တုကတစ်ရသေးသည်။ အဲဒါမှ မိန်းကလေးနဲ့ပိုတူမှာတဲ့။ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်ကျအောင် ဆိုလာ ဘာဆိုလား။ ထဘီဝတ်တတ်လို့ အဆင်ပြေအောင်ဝတ်ရတာက ချိတ်ချိတ်လိုက်တာနဲ့ ထဘီဝတ်သလို ဖြစ်သွားတဲ့စကတ်။

အကျႌက . . .

ရင်ဖုံးဆန်ဆန်လေးပေါ်မှာ စီးကွမ့်လေးတွေထိုးတာ လုံ့ပုံကယောဉ်မရိုင်းလေးပေါ့။ ဆံပင်အတုက ဖြောင့်စင်းနေပြီး တင်ပါးအောက် ရောက်အောင် ရှည်ကာ ဝဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်တာဟယ်"

"ဟုတ်ပါ့၊ တကယ့် မိန်းကလေးအတိုင်းပဲနော်။ ငါ သူ့လို လှချင်လိုက်တာ"

"ဘယ်သူက လှတာလဲ၊ ချောတာလို့ပြောပါဖျ"

"အေး . . . အေးပါဟဲ့"

"ပြီးပြီလား"

"ပြီးပြီ။ ရော့ . . . ဒီလက်ကိုင်အိတ်ကလေးကိုကိုင်လိုက်"

ဂီတ လက်ကိုင်အိတ်ကို ယူလိုက်ပြီး တံတောင်ကွေးမှာ ချိတ်လိုက်ကာ မှန်ရှေ့မှာရပ်ပြီး ကိုယ့်ကိုယ်ကိုယ် ကြည့်ကာ ကျေနပ်စွာပြုံးလိုက်၏။ တယ်ချောတဲ့ ငါပါလားပေါ့။

ဦးသိန်းထိုက်။

ဒီတစ်ခါတော့ ခင်ဗျားနဲ့ကျွန်တော် တွေ့ကြပြီပေါ့ဗျာ။ မိန်းကလေးလှလှမြင်ရင် နာဘူးထချင်တဲ့ တဏှာရူးကြီး။ ဒီည ခင်ဗျား သေနေ့စေ့ပြီလို့သာ သတ်မှတ်လိုက်။

"သွားလို့ရပြီလား"

"ရပြီ ရပြီ"

"ဒါဆို သွားမယ်နော်"

"ကောင်းပြီ"

အခြောက်တွေ၏ ကန့်ကလန့်အသံကြောင့် ဂီတ နာခေါင်း





ရှုံ့မိကာ ထွက်လာခဲ့တော့၏။ ကိုယ့်ပုံစံက ရုတ်တရက် ဘယ်သူမှ အလွယ်တကူ မှတ်မိနိုင်မှာမဟုတ်ပေ။ သူသွားရမယ့်နေရာက ညေ့ခံပွဲ တစ်ခုကို။

ဂီတ ဟိုကြည့် ဒီကြည့်နှင့်ပဲ ညေ့ခံပွဲကို ဝင်သွားတော့ –

"ဒီသမီးလေးက သားရဲ့အသိထင်တယ်"

"ဗျာ . . . အဲ ရှင်"

ကိုယ့်ပါးစပ်ကိုယ် မနည်းဘာရိတ်အုပ်လိုက်ရ၏။

"ခဏနော် . . . အန်တီ သားကိုသွားခေါ်ပေးမယ်"

"နေ . . . နေပါစေအန်တီ"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"စိတ်မရှိပါနဲ့နော်။ သမီးက ဒီညေ့ခံပွဲကိုလာတာ ဘယ်သူနဲ့မှ သိလို့မဟုတ်ပါဘူး။ လူတစ်ယောက်ကို လာရှာတာပါ"

"သြော် . . . သြော်"

"သမီး ဝင်ခွင့်ရှိပါတယ်နော်"

"ရှိပါတယ်ကွယ် ရှိပါတယ်။ လာလေ သမီးကြိုက်တဲ့ဝိုင်းမှာ ထိုင်ပါ"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် အန်တီ"

မျက်လုံးနှင့် ဝေ့ရှာလိုက်တော့ ဦးသိန်းထိုက်ကို တွေ့ပါပြီ။ ဦးသိန်းထိုက်တို့အနားက ဝိုင်းကိုရွေးပြီး မြင်သာတဲ့နေရာမှာ ဂီတ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်လိုက်၏။

"မင်းဟာက ရန်ကုန်မှာကို ဖင်မမြဲပါလား သိန်းထိုက်ရေး။ ရန်ကုန်ကိုပြန်ပြောင်းလာတာဖြင့် မကြာသေးဘူး အခု ကလောကို ပြောင်းဦးမယ်"

"ငါက အစကတည်းက ရန်ကုန်မှာ နေချင်တာမဟုတ်ဘူး ကွ။ သမီးက ရန်ကုန်မှာပဲ နေချင်လှပါတယ်ဆိုလို့ ပြန်ပြောင်းလာရ တာ"

"မင်းက ဟိုဟာလိုဖြစ်နေပြီ"

"ဘာ့ယ်ဟာလဲ"

"သုံးကျောင်းပြောင်းသောရှင် သုံးလင်ပြောင်းသောမိန်းမ"

"သုံးခါပြောင်း သုံးစလောင်းတောင်မကျန်ဘူးလို့ တိုတို ပြောလိုက်စမ်းပါကွာ"

"အေး အေး ... အဲဒီလို"

ရယ်ရင်းမောရင်း ဦးသိန်းထိုက်အကြည့်က တစ်နေရာသို့ ရောက်သွားလေလျှင် –

"ဟင်"

အကြည့်ချင်းဆုံသွားကြတော့ ဂီတပြုံးပြလိုက်ပြီး ရှက်စနိုး မျက်လွှာပြန်ချလိုက်တာ မာယာ။

"နတ်သမီးများ နတ်သက်ကြွေလာသလား မသိဘူး"





"ဟင် ... ဘာလဲ"

"လှလိုက်တာ"

"ဟော့ကောင် မှားမယ်နော်။ ဒီလောက် ဘီယာဖော ဖောနေ တဲ့ ရုပ်ကလှမလား"

"မင်းကိုပြောစရာလားကွ။ ငါပြောတာက ဟိုမှာ"

ဦးသိန်းထိုက် မေးငေါ့ပြရာသို့ သမင်လည်ပြန်ကြည့်သူက ကြည့်၊ စောင်းငဲ့ကြည့်သူက ကြည့်။

"အားပါးပါး မြင်တတ်လိုက်တဲ့ သိန်းထိုက်မျက်လုံးရယ်"

"လှရက်ပါပေ့"

"ဟော့ကောင်တွေ"

"ဘာလဲကွ"

"ငါမြင်တာ ငါသွားမယ်"

အရက်ဖန်ခွက်ကို ကိုင်ရင်း ဦးသိန်းထိုက် ထသွားလေတော့

"ကြွ ကြွ"

သူငယ်ချင်းတွေကို လက်ကာပြပြီး ဦးသိန်းထိုက်လျှောက်လာ သော ဂီတဆီကို အနားကိုရောက်တော့ ခုံကို နောက်ဆွဲကာ ဝင်ထိုင် လိုက်ပြီး –

"ဒီက ညီမလေးက တစ်ယောက်တည်းလား"

ဂီတ လွှန်ခနဲပြုံးလိုက်တာကို ဘယ်လိုထင်မြင်မည်တော့မသိ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အသက်မှ အားမနာ လျှာမကျိုး ညီမလေးတဲ့။ ရှပ်ကိုးကြ ကြာကူလီရှပ်၊ ဘီလူးရှပ်။

"တစ်ယောက်တည်းမြင်ရင် တစ်ယောက်တည်းမို့လို့ပေါ့ ဦးရဲ့"

"ဦး . . . ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာလဲ ဦးလို့ခေါ်တာ မကြိုက်ဘူးလား"

"ဟာ . . . ကြိုက်ပါတယ်၊ ကြိုက်တယ် . . . ကြိုက်တယ်"

"အဟွန်း"

"ဒါနဲ့ တစ်ယောက်တည်း လာတာနော်"

"ဦးကလည်း ဟုတ်ပါတယ်ဆို"

"ဒါဆို ပြန်ရင်လည်း တစ်ယောက်တည်း ပြန်ရမှာပေါ့"

"ဟုတ်"

"ဘာနဲ့လာတာလဲ"

"Taxi နဲ့လာတာလေ"

"ပြန်ရင်လိုက်ပို့ပေးရမလား"

"ဦးက လိုက်ပို့ပေးနိုင်လို့လားလို့"

"ညီမလေးက ပို့ပေးစေချင်ရင် ပို့ပေးမှာပေါ့"

"ကောင်းတာပေါ့"

"ဟင်"





"ဦး တကယ်ပြောတာနော်"

ဒီလောက်လှတာလေးကို အလွယ်တကူ ချဉ်းကပ်လို့ရတော့ ဦးသိန်းထိုက် သဘောခွေ့ကာ နွားပြာကြီးအောက်သွားမရှိဆိုတဲ့ပုံစံမျိုးနဲ့ သွားကြီးက အဖြီးသား။

"တကယ်ပြောတာပေါ့ ကလေးရဲ့။ ကလေးက လိုက်ပို့ဆိုရင် ဦးက ဆယ်ခါပြန်ပို့ပြီးသားပဲ"

"ဦးက အရမ်းသဘောကောင်းတယ်"

"ဒါနဲ့ ဘယ်ကိုပို့ပေးရမှာလဲ"

"လမ်း ပေါ် ကို"

"ဘယ်လို"

လက်ဝါးလေးနှစ်ဖက်ကို ပူး၍ ရှိုးသလိုလုပ်ကာ ရယ်လိုက်တဲ့ ဂီတကိုကြည့်ရင်း ဦးသိန်းထိုက် မျက်တောင်ပင်မခတ်တော့ဘူးလားမသိ။

"ဒါဆို ကလေးက"

"စားသောက်ဆိုင်မှာ-သီချင်းဆိုတယ်လေ။ ဦးအတွက် လိုအပ်ရင်"

"ရပြီ . . . ရပြီ"

"စိတ်ပျက်သွားပြီလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို"

"လိုက်ပို့မှာပေါ့"

လိုက်ပို့တဲ့အခါ ခင်များအသက်ကို ဘယ်လိုသံချပ်ကာ အတို ဝတ်ပြီး ကာကွယ်မလဲဆိုတာ စဉ်းစားထားဦးသိန်းထိုက်။ သစ်ပင်ကို ခုတ်ရင် သစ်ငုတ်ကကျန်နေသေးတယ်ဆိုတာ ခင်များ သတိမထား ထတ်လို့ပါ။ အမှောင်ကြုံကွိုရင် အဲဒီသစ်ငုတ်က ခလုတ်တိုက်တယ် တယ်ဆိုတာ မကြာခင် ခင်များသိစေရမယ်။

ဒီလိုလူမျိုးက . . .

ငါးစာမပါဘဲ မျှားရင်တောင် ဟပ်မယ့်လူမျိုးလေ။ ကလော ကို ပြောင်းတော့မယ်တဲ့။ ဒီတစ်ခါ ပြေးလို့လွတ်မတဲ့လား"

"ဦး"

"ဟင်"

"သွားရအောင်"

"Ok"

ဂီတ ရှေ့ကထွက်လာသည်နှင့် ဦးသိန်းထိုက်က ထမင်းကြမ်း ခဲပြ ခေါ်ခံရတဲ့ ခွေးလို ကောက်ကောက်ပါအောင် လိုက်လာ၏ ကားပေါ်မှာ နှစ်ယောက်အတူစီးကာ မောင်းလာခဲ့စဉ် လူပြတ်သည့် နေရာကို ရောက်တာနှင့် ဂီတ သူ့အကြံအတိုင်း။

"ဦး ကားခဏရပ်ပါဦး"





"ဘာဖြစ်လို့လဲ ကလေးရဲ့"

"ရပ်လိုက်ရင် သိရမှာပေါ့"

ကားရပ်တာနှင့် အဆင်သင့်ဖြစ်နေအောင် ဂီတ မားကို အသာလေး လက်ကိုင်အိတ်ကိုဖွင့်၍ ဆွဲထုတ်လိုက်ရာ –

"ခုတ်"

"အ"

"ခုတ်"

"အား"

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"အား ... ကျွတ် ကျွတ်"

ဂီတ သတိရလာတော့ လမ်းဘေးချုံပုတ်ထဲမှာ။ ဟာ ခုထွေ
သူ့အကြံတွေကို ဦးသိန်းထိုက် ကြိုသိနေတာလား။ သူ ဦးသိန်းထိုက်
ဓားနဲ့ထိုးဖို့ ဓားထုတ်လိုက်ချိန် ကိုယ့်ခေါင်းကို အရိုက်ခံလိုက်ရတာ
ဦးသိန်းထိုက်နဲ့ သူပဲ ကားထဲမှာရှိတာ။ သူ့ခေါင်းကို ဦးသိန်းထိုက်
မရိုက်လို့ ဘယ်သူရိုက်မှာလဲ။

"တောက်"

တော်တော်လည်တဲ့လူကြီး လွတ်သွားပြန်ပြီ။ ဒါပေမဲ့ ...
စဉ်းစားစရာတစ်ခုတော့ ရှိသည်။ ကိုယ့်ရန်သူကို ဘာလို့မသတ်





ခေါင်းကိုတင် သတိလစ်ရုံလေး ရိုက်ခဲ့တာ။ ဒါ ကျေးဇူးတင်စရာ
မဟုတ်။ ရန်သူက ရန်သူပဲ။ ကိုယ့်ကိုချမ်းသာပေးလို့ ကိုယ်က သူ့ကို
ပြန်ပြီး ချမ်းသာမပေးနိုင်တဲ့အကြောင်းတရားများနှင့်။ အတိတ်က
အကြောင်းတွေက မနေ့တစ်နေ့ကလို ထင်ဟပ်လာသည်။

"အမေ"

"အမေရေ အမေ ... ဒီအိမ်မှာရှိလား။ ထွက်လာခဲ့ပါ အမေ
ရယ်။ ညီမလေးနဲ့ညီလေးက ငိုနေတယ်အမေရဲ့။ အမေမရှိရင် သားတို့
ဘယ်သူ့ကို အားကိုးရမှာလဲ။ အမေ"

"အမေ ... သမီးတို့ကို မထားခဲ့ပါနဲ့။ အမေပြန်လာခဲ့ပါ
အမေ"

"အမေ ... အီး ဟီး ဟီး"

"ဟေ့ ကလေးတွေ ... ဆူညံ ဆူညံနဲ့ ဘာလို့အော်ငိုနေကြ
တာလဲ။ ဒါ မသာအိမ်မဟုတ်ဘူး။ ထွက်သွားကြစမ်း"

"ဦးလေး ... ဒီအိမ်က ဦးသိန်းထိုက် အမေ့ကို လာခေါ်သွား
တာ။ အမေ့ကိုခေါ်ပေးပါဗျာ။ အမေ ကျွန်တော်တို့ဆီကို ပြန်မလာလို့
လိုက်လာတာ။ ခေါ်ပေးပါ ဦးလေးရယ်နော်"

"မင်းတို့အမေ ဒီအိမ်မှာမရှိဘူး။ ထွက်သွားကြ"

"ရှိပါတယ်၊ အမေဒီမှာရှိတာ ကျွန်တော်သိတယ်။ ကျွန်
တော်တို့ကို တံခါးဖွင့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဖွင့်ဘူး။ မရှိဘူးလို့ ပြောနေတာ မကြားဘူးလား"

"ကျွန်တော်တို့ကို သနားပါ ဦးလေးရယ်။ အမေ့ကို ခေါ်ပေး ပါ။ အမေမရှိရင် ကျွန်တော်တို့ ဘယ်လိုနေရမှာလဲ။ ညီလေးနဲ့ ညီမ လေးကလည်း အမေမရှိလို့ ငိုနေကြတာ ဦးလေးရဲ့"

"ငိုရင် ပါးစပ်ကိုအဝတ်နဲ့ဆို့ထားလိုက်။ သွား သွား တော် တော်ရှုပ်တဲ့ ကလေးတွေကွာ ...တောက်"

ရှေးဖြစ် နောက်ပောင်းတွေကို ပြန်မြင်ယောင်မိတော့ နှုတ်ခမ်းကို ဖိကိုက်မိသွားသည်။ မျက်ရည်တွေလည်း ဝေ့လာ၏။ မျက်နှာရှိရာ ဟင်းဖတ်ပါပြီး သူတို့ညီအစ်ကို မောင်နှမတွေကို ခွေး မောင်းနည်း မောင်းထုတ်ခဲ့ကြတာ။ ဦးရင်မောင်နဲ့ ဦးအောင်ထွန်းဆို တဲ့လူ။ သားသမီးချင်း မစာနာ၊ လူစိတ်မရှိတဲ့လူတွေ။

အဲဒီလူတွေကိုလည်း ဂီတ ခွင့်မလွှတ်နိုင်။ သခင်အားရ ကျွန်ပါးဝလုပ်ကြတာ။ သူတို့အလှည့်လည်းရှိသေးတာပဲ။ အဲဒီတုန်းက သူတို့၊ ဂီတတို့ မောင်နှမတွေကို ရိုက်တဲ့အပြင် ဂီတဆို နဖူးတောင် ကွဲခဲ့သေးတာ။

ဂီတ ဦးသိန်းထိုက်တို့အိမ်ဘက်ကို မျှော်ကြည့်လိုက်တော့ လူတွေက ရှုန်းစီ ရှုန်းစီ။ အဝတ်လဲပြီး သူ Taxi ငှားစီးလာခဲ့တာ။ Taxi ခ ရှင်းပေးပြီးနောက် ဆက်လျှောက်လာခဲ့ရာ –

"ဒီတစ်အိမ်တည်းမှာ တစ်ညတည်း လူသုံးယောက်





အသက်ခံရတာ ထူးတော့ထူးဆန်းတယ်နော်"

"ဦးသိန်းထိုက်က သစ်ပင်ကို ကားနဲ့ဝင်တိုက်တာဆို"

"အဲဒါကို သွေးရိုးသားရိုး မဖြစ်နိုင်ဘူးလို့ သုံးသပ်နေကြ တာလေ"

"ဘာဖြစ်လို့လဲ"

"ဦးသိန်းထိုက်ရဲ့ကားပေါ်မှာ မိန်းကလေးဖိနပ်တစ်ဖက် ကျန် ခဲ့တာ တွေ့လို့တဲ့"

"ဟုတ်လား"

"ဟုတ်တယ်၊ ညစ်ခံပွဲမှာ သူနဲ့တွေ့ခဲ့ကြတဲ့ မိတ်ဆွေတွေ ကလည်း ဦးသိန်းထိုက် မိန်းကလေးတစ်ယောက်နဲ့ တွဲထွက်သွားတယ် လို့ ပြောကြတော့။ အဲဒီမိန်းကလေးကိုပဲ တရားခံလို့ ထင်နေကြတာ"

မြတ်စွာဘုရား။

အဲဒါ ဂီတကိုပြောနေကြတာပဲ ဖြစ်မှာပေါ့။ ကိုယ်ကဖြင့် အားထုတ်ရုံပဲ ရှိသေး။ ကိုယ့်ကိုအရင်အရိုက်ခံလိုက်ရလို့ လက်ဖျားနဲ့ တောင် မတို့ထိလိုက်ရတဲ့အဖြစ်။ ဒါကို ကိုယ်သတ်တာပါ ဝှစ်စွဲပြီး တရားတော့မခံနိုင်။

သူ ဘာလုပ်ရမလဲ။ ကိုယ် တကယ်လုပ်ခဲ့ရင်တော့ တစ်သက် တစ်ကျွန်းပဲ ကျကျ၊ ကြိုးစင်ပဲတက်ရတက်ရ၊ လုပ်ခဲ့ရင် ခံရဲသည်ပေါ့။

"ဒါ ရန်ငြိုးရန်စရှိလို့ပဲ ဖြစ်မယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ကျန်တဲ့နှစ်ယောက်က ဦးသိန်းထိုက်အိမ်က အလုပ်သမား တွေနော်"

"ဟုတ်တယ်၊ ဦးရင်မောင်နဲ့ ဦးအောင်ထွန်းတဲ့"

ဟင် . . . ဒါဆို ဂီတ သတ်စရာလူမရှိတော့ဘူးပေါ့။

"သူတို့က သူတို့ဆရာနိုင်းရင် ကောင်းကောင်းဆိုးဆိုး အကုန်လုပ်တာဗျ"

"ဒါကြောင့် ရန်ငြိုးရန်စနဲ့ သတ်သွားတာနေမှာပေါ့"

"ကဲပါဗျာ . . . သူများအကြောင်းပြောနေတာ ငါးပြားမရ ဆယ်ပြားမရနဲ့ သွားရအောင်"

ထိုလူတွေထွက်သွားတော့ ဂီတ အခြေအနေကို အကဲခတ် ကြည့်နေလိုက်သည်။

ဟော . . . အလောင်းတွေကိုသယ်လာကြပြီ။ ဒီလူတွေ မကောင်းတာတွေ ဘယ်လောက်တောင်လုပ်ခဲ့လို့ ဘယ်သူက သတ် သွားတာလဲ။ ဦးသိန်းထိုက်က ပန်းလှလှမြင်တိုင်း နှာဘူးကျတဲ့ တဏှာ ရူးကြီး။ ဒီနှစ်ယောက်က သစ္စာခံ နောက်လိုက်ခွေးတွေ။

ကောင်းတယ်။

ဆယ်ခါပြန်သေဖို့ကောင်းတဲ့လူတွေ။ နောက်ကနေ လိုက်လာ ကြတာ ကာကာနဲ့ ကာကာ့မေမေပဲ။

"ဟင် . . . ဂီတ"





နှစ်ယောက်စလုံး၏မျက်နှာက အပြန်အလှန် တည်တင်းကြ လျက်။ ကြက်များလို လည်ခံထောင်ပြီး ရင်ကား ခွပ်လိုက်ကြချင်တာ မျိုး။ သူကလည်း သူ့ခံစားချက်နဲ့သူ၊ ကိုယ်ကလည်း ကိုယ့်နာကြည်း ချက်နဲ့ကိုယ်။

"နင် နင် . . . ဘာလာလုပ်တာလဲ"

"တစ်ညတည်း တစ်အိမ်တည်းမှာ လူသုံးယောက် အသတ် ခံရတယ်ဆိုလို့ လာကြည့်တာ"

"မြင်လိုက်ရတော့ ကျေနပ်သွားတယ် မဟုတ်လား"

"မကျေနပ်သေးဘူး"

"ဘာ"

"ငါကိုယ်တိုင် မသတ်လိုက်ရလို့"

ကာကာ့လက်ညှိုးက ဂီတမျက်နှာကို တည့်တည့်ထိုးလျက်။

"နင်နဲ့ငါ တွေ့မယ်"

"သမီး"

ဒေါ်ဝင်းလှဲမြူ သမီးဖြစ်သူ၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ကောင်လေးနဲ့ပတ်သက်မှု ဘယ်လိုရှိလဲမသိပေမယ့် ချစ်စသာရှည်စေချင် တာ၊ မုန်းစကိုတိုစေချင်၏။ ကိုသိန်းထိုက်နဲ့သူတပည့်တွေ အသတ်ခံရ ခြင်းအတွက် သိပ်ဝမ်းနည်းခြင်းတော့ မဖြစ်မိ။

စိတ်မကောင်းတော့ ဖြစ်ရသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းထိုက် ဘယ်လောက်ရှုပ်တယ် ပွေတယ်ဆိုတာ သူမ မသိတာမှ မဟုတ်တာ။ ဒီတော့ ရန်ငြိုးရန်စတွေရှိမှာပဲလေ။ ဒီကောင်လေးနဲ့ရော ဘယ်လို ရန်ငြိုးရန်စတွေ ရှိခဲ့သလဲ။

"အငြိုးအာဃာတကြီးခြင်းက မီးပုံထဲကို ခုန်ဆင်းတာနဲ့ အတူတူပါပဲ သမီးရယ်"

"မေမေ မသိပါဘူး"

"မေမေသိတယ်သမီး။ သမီးနဲ့ ဒီကလေးကြားမှာ အငြိုးအတေး တစ်ခုတော့ရှိနေလိမ့်မယ်။ သံသရာဆိုတာ လည်တတ်တယ် သမီး။ ပြုသူနဲ့ဖြစ်သူ အပြန်ပြန် အလှန်လှန် လက်စားချေနေကြရင် လောကကြီးက ငြိမ်းချမ်းနိုင်ပါတော့မလား။ နေတတ်ရင် ကျေနပ်စရာပါကွယ်။ ကိုယ့်စိတ်ကို လက်ပူတိုက်ပြီး အမုန်းတွေပွားမနေကြပါနဲ့တော့"

"သမီးက နှလုံးသားကို အလိမ်ခံလိုက်ရတာ မေမေ။ ဘယ်တော့မှ ကျေနပ်နိုင်မှာ မဟုတ်ဘူး။ သူက ဖေဖေ့ကို သတ်ချင်လောက်အောင် မုန်းနေတဲ့သူ"

"သတ်ချင်လောက်တဲ့အကြောင်းတော့ ရှိနေမှာပေါ့"

"ရှိတယ်"

ကိုယ့်ကိုကြည့်ပြီးပြောလိုက်တာမို့ ဂီတ မဆိုင်းမတွ ဖြေလိုက်၏။ ကိုယ့်ရင်ထဲမှာ ဒဏ်ရာတွေ မကျက်နိုင်သေးတဲ့အကြောင်း။





"အန်တီ စကားဝါဆိုတဲ့နာမည်ကို ကြားဖူးလား"

"ဟင်"

စကားဝါတဲ့။ မသိဘဲနေပါ့မလား။ ကိုသိန်းထိုက်က စကားဝါကို အသေအလဲချစ်ခဲ့တာ။ သူမနဲ့က လူကြီးတွေပေးစားလို့ ယူခဲ့ကြတာလေ။ ကလေးတွေရပြီးမှ ကျော်စွာဆိုတဲ့လူကို အိမ်မှာ ဒရိုင်ဘာခန့်ပြီး ဗိုလ်ရှိ လုပ်ကြံခဲ့တာ။ သူမ နောက်ကျမှ သိခဲ့ရသည်။

သူမနဲ့သမီး မန္တလေးသွားနေတုန်းမှာ သူက ရန်ကုန်မှာ လုပ်ချင်တာလုပ်၊ ရှုပ်ချင်တာရှုပ်။ စကားဝါကိုလည်း သိမ်းပိုက်ခဲ့သည်တဲ့။ စကားဝါသေပြီး ကြောက်လို့ မန္တလေးကိုပြေးလာခဲ့ပြီးမှ ဒီအကြောင်းတွေကို သူကိုယ်တိုင် ဝန်ခံခဲ့တာ။

ကိုယ်လည်း သူ့ကိုစိတ်ကုန်ပေမယ့် သမီးမျက်နှာကြောင့် ဆက်ပေါင်းနေခဲ့တဲ့အထဲမှာ ချစ်တာတွေ မေတ္တာတွေမပါတော့။

"အန်တီသိပါတယ်ကွယ် သားက"

"ကျွန်တော်က ဒေါ်စကားဝါရဲ့သားပဲ"

"ဩော်"

ဒါကြောင့်ကိုး။

"တောက်"

ကာကာက မကျေနပ်ဟန်နှင့် တောက်ခေါက်ကာ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ကျွန်တော်လုပ်သမျှ တရားနေမှာပဲ"

"သားရယ် သမီးလေးကိုတော့"

"မရဘူး အန်တီ"

"ဟင်"

"ဦးသိန်းထိုက်ကြောင့် ကျွန်တော်တို့မိသားစုကြားမှာ သောကမြစ်တစ်စင်း ဖြစ်ထွန်းသွားခဲ့တာ။ ကိုကြီးရဲ့ချစ်ခြင်းနဲ့ အဲဒီမြစ်ကို ခန်းခြောက်စေပြီး ဆက်လက်ရှင်သန်ခဲ့ကြတာ အလဲလဲ အပြိုပြိုနဲ့ပါ"

"ဖြစ်မှဖြစ်ရလေကွယ်"

"ကျွန်တော် ဦးသိန်းထိုက်ကို သတ်ချင်နေခဲ့တာ"

"အခု သေသွားပြီလေ"

"ကျွန်တော်က ကျွန်တော့်လက်နဲ့ ဖိသတ်လိုက်ရလို့ မကျေမနပ် ဖြစ်နေတာဗျ"

အံတကြိတ်ကြိတ် ဖြစ်နေတဲ့ဂီတကိုကြည့်ပြီး ဒေါ်ဝင်းလှဲ့မြ သက်ပြင်းချလိုက်မိ၏။ သတ်ချင်စရာကောင်းခဲ့တာကိုးလေ။

❑❑❑



## အခန်း (၃၀)

"ဘယ်လိုဖြစ်ကြတာလဲ ဂီတရယ်၊ နင်ကလည်း ကာကာ့ကို တွေ့ရာသချိုင်း တမဆိုင်းတဲ့၊ ဟိုကလည်း နင့်မျက်နှာကိုမကြည့်ချင် ဘူးဆိုပြီး ကျောင်းတောင် မတက်တော့တဲ့အထိပဲ"

ဖံဖံပြောတော့ ဂီတ လှည့်ကြည့်သည်။ ပြောချင်လှလို့ မဟုတ်ဘဲ မေးတဲ့လူတွေက မေးနေပြီ။

"ဂီတ"

"ဘာလဲ"

"တို့ကို မှန်မှန်ပြောစမ်းပါကွာ။ မင်းနဲ့ကာကာ ဘာဖြစ်ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ တော်တော်သိချင်လား"

"သိချင်လို့ မေးနေတာပေါ့"

ချက်ချင်းမဖြေတဲ့ ဂီတမျက်နှာကို အားလုံး စိတ်ဝင်စားစွာ လိုက်ကြည့်နေကြ၏။

"ဖြစ်တာရဲ့အစက တို့ငယ်ငယ်ကရှိခဲ့ဖူးတဲ့ ကြွေးတွေပေါ့ကွာ။ ဦးသိန်းထိုက်က ဘယ်လောက်ယုတ်မာသလဲဆိုရင် ငါ့အဖေကို ထောင်ကျအောင်လုပ်ပြီး ငါ့အမေကို သိမ်းပိုက်ခဲ့တာ။ တိုတိုပြောရရင် နောက်တော့ အဖေလည်းထောင်ထဲမှာသေ၊ အမေလည်း ကားတိုက်ခံရပြီး သေသွားခဲ့တာ"

"ဟင် ... တကယ်"

"အဲဒီလောက်တောင်ပဲလား"

"ဘယ်ကဦးမှာလဲ"

ပြောရင်း ဂီတနှုတ်ခမ်းမဲ့ခနဲဖြစ်သွား၏။ ဒီအကြောင်းတွေ တွေးမိတိုင်း မီးလောင်ပြာကျခံရသလို နှလုံးသားတွေ ပူပြင်းလောင်မြိုက်စွာ၊ အဖေမေတ္တာရိပ်ကြီး ပြိုလဲခဲ့ရသည့်အပြင်–

အမေ့ရင်ခွင်ငွေ့ကို နိုလှုံရင်း ပျော်ရွှင်စွာကစားခုန်စားနေရမယ့်အချိန်မှာ ဒုက္ခနဲ့သောက လွှမ်းတင်ပြီး သူတို့မောင်နှမတွေကို လည်ပင်းစွပ်ခဲ့တာ။ သူများသားသမီးတွေ မိုးလင်းတာနဲ့ မိဘပြင်ဆင်ထားပေးတာ စားသောက်ပြီး ကျောင်းသွားတဲ့အချိန်မှာ





သူတို့ကတော့ ဘီလပ်မြေထမ်းသူကထမ်း စံပယ်ပန်းရောင်းသူကရောင်းနဲ့ ကိုယ့်ဝမ်းစာအတွက် ကိုယ့်ဘာသာ ရှာဖွေစားသောက်ခဲ့ကြရတာ။ ဒီလိုဖြစ်ရခြင်းအကြောင်းရင်းရဲ့တရားခံက ဦးသိန်းထိုက်။

"တို့တွေကို ခေါ်ပြီး ကိုကြီးလိုက်သွားတဲ့အချိန်မှာ ဦးသိန်းထိုက်က အမေ့ကို မတရားသိမ်းပိုက်ပြီး တို့နဲ့ တွေ့ခွင့်မပေးဘူး။ တို့မောင်နှမသုံးယောက်ရဲ့ ငိုသံတွေကို ကြားတော့ အမေက ပြေးထွက်လာတယ်။ အဲဒီမှာ အမေ့ကိုချုပ်ပြီး အိမ်ထဲပြန်ခေါ်သွားသလို တို့တွေကိုလည်း ခြံထဲက ဆွဲထုတ်တယ်"

ပြောရင်း ဂီတ မျက်ရည်တွေဝေ့လာသည်။ နာကျင်နေတဲ့ ရင်ဘတ်ထဲမှာ အဖြစ်တွေက မနေ့တစ်နေ့ကလိုပါပဲ။

"အဲဒီတုန်းက ခြံတံခါးနဲ့ ဆောင့်မိပြီး ငါ့နဖူးမှာ ဒဏ်ရာရခဲ့တယ်လေ"

"ဪ ... ဒါကြောင့် မင်း စိတ်နာနေတာကိုး"

"ဒါနဲ့ မင်း ကာကာ့ကိုချစ်နေတာလို့ တို့က ထင်ခဲ့တာ"

"အဲဒါ မာယာလေ"

"မာယာ"

"ဟုတ်တယ်၊ ဦးသိန်းထိုက်ကို ဘယ်လိုလက်စားချေရမလဲလို့ ငါ အမြဲစဉ်းစားနေခဲ့တာ။ ကံကြမ္မာက မျက်နှာသာပေးချင်တော့ ဘာရကာနဲ့ ငါ့ကို ဆုံပေးလိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု နင် ဘာပြောလိုက်လို့ ကာကာမမြင်ချင်တဲ့အထိ ဖြစ်သွားတာလဲ ဂီတ"

မေးလိုက်သူက ယုယ။

"သူက ငါ့ကို ချစ်တယ်တဲ့"

"ဟင်"

"ဒါကြောင့်ကိုး"

"မင်းကရော သူ့ကို မချစ်ဘူးလား"

"မချစ်ဘူး"

"ဒါဆို"

"သူက ငါ့ကို ချစ်လားမေးတော့ ငါက မချစ်ဘူးလို့ ပြောပြီး အားလုံးဖွင့်ပြောပစ်လိုက်တယ်။ ငါက ငါချစ်တဲ့သူကိုပါ ဖွင့်ပြောလိုက်တော့ သူပိုပြီး စိတ်ဆိုးသွားတာပေါ့။ အဲဒါကြောင့် ငါ့ကို သူမုန်းသွားတာ"

"နေစမ်းပါဦး ... မင်းက ဘယ်သူ့ကိုချစ်နေတာလဲ"

ရွှေလအမေးကြောင့် ဖံဖံဆီသို့အကြည့်ရောက်သွားကာ –

"ဖံဖံ"

"ဟင်"

"ဘယ်လို"

ဟင်ဆိုတာ ထူးလိုက်တာမဟုတ်ပေ။ အားလုံး အံ့ဩသွား





ခြင်းနှင့်အတူ ထင်သားပဲဆိုသောအကြည့်တွေလည်းပါလာ၏။ ဖံဖံက ဆတ်ခနဲမော့ကြည့်နေရာမှ တဖြည်းဖြည်း မျက်လွှာချသွားသည်။

"ငါ အဲဒီလိုပြောလိုက်တော့ ကာကာ ဘာလုပ်တယ်လို့ နင်တို့ထင်သလဲ"

"ဘာလုပ်လဲ"

"ပြောပါဦး"

"ငါ့ကို ကားနဲ့တိုက်သတ်ဖို့ ကြိုးစားတာလေ"

"ဟေ"

"တကယ်"

"ဟုတ်ရဲ့လားဟယ်"

သူငယ်ချင်းတွေမှာ အံ့ဩပြီးရင်း အံ့ဩကုန်ကြ၏။ သူတို့မရှိတဲ့အရပ် သူတို့မသိတဲ့နေရာမှာ ဒီလိုတွေ ဖြစ်ခဲ့ကြသည်တဲ့လား။ အဖြစ်အပျက်တွေက မယုံနိုင်စရာ။

"အဲဒီအချိန်မှာ ငါက ကံကောင်းပြီး ကံဆိုးသွားတာက ငါ့ကိုကြီးလေ။ ကိုကြီးနဲ့ငါ အတူတူရှိနေချိန်မှာ သူလုပ်ကြံလိုက်တာ။ ကိုကြီးက ငါ့ကိုတွန်းပြီး သူပဲ အတိုက်ခံလိုက်တာ"

"ဒါ ဒါဆို နင့်ကိုကြီး"

"အသက်မသေပေမယ့် အောက်ပိုင်းသေသွားခဲ့တယ်"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂီတအကြောင်းတွေ ကြားရပြီး ဖံဖံ မျက်ရည်တွေကျလာသည်။ ဂီတဘဝက သနားစရာကောင်းလိုက်တာ။ ကာကာ့အဖေရဲ့ ယုတ်မာရက်စက်မှုတွေကြောင့် တော်တော် ဒုက္ခခံခဲ့ရမှာ။ အခု ကာကာကလည်း ဖအေခြေရာကိုနင်းတဲ့သမီးဆိုတော့ –

"ဟင် . . . ဖံဖံ ငိုနေတယ်"

"ဘာဖြစ်လို့လဲ"

"ဖံဖံ"

စိုးရိမ်စွာ ခေါ်လိုက်ရင်း ဂီတ ဖံဖံ့မျက်နှာလေးကို ဆွဲမော့ပြီး မျက်ရည်တွေသုတ်ပေးလိုက်၏။

"ဘာလို့ငိုတာလဲ"

"ဂီတကို သနားလို့ပါ"

"ဖံဖံရယ်"

ဂီတ ဖံဖံလက်ကလေးကို ဆုပ်ကိုင်လိုက်၏။ ပြီး ခေါင်းငုံ့မော့လိုက်ကာ –

"အားလုံးရှေ့မှာ နင်တို့ကို သက်သေထူပြီး ငါပြောပါရစေ"

"ဘာလဲ"

"ဖံဖံကို ငါချစ်တယ်ဆိုတာ"

"အေးပါ . . . အေးပါ"

"ဖံဖံကရော"





"ဟင် . . . ဘာလဲ"

"ဂီတကို ချစ်လားလို့"

ဖံဖံ ရှက်စနိုးလေး ပြုံးလိုက်ကာ –

"ဒီက ချစ်နေတာ ကြာလှပြီ"

"ဟော"

ကာကာ့အရင်ကတည်းကဆိုတဲ့စကားကိုတော့ ထည့်မပြောဖြစ်တော့။

"ထော်တော်ကို အိုက်တင်ခံလိုက်တာပဲ"

"အိုက်တင်ခံနေရင် ကျန်ခဲ့မှာစိုးလို့ပေါ့"

"ကဲ . . . ဒါဆို မင်းတို့နှစ်ယောက် ချစ်သူဖြစ်ပြီနော်။ တို့ကို ချစ်သူဖြစ်တဲ့အထိမ်းအမှတ်နဲ့ ကန်တင်းမှာ လိုက်ကျွေးရမယ်၊ ဘယ့်နှယ်လဲ"

"ကျွေးရမှာပေါ့"

"ခဏနေဦး"

"ဘာလဲ"

အသံတိတ်နေတဲ့ သန်းဝင်းနိုင်က လက်ကာပြီးတားသဖြင့် အားလုံးမထဖြစ်ဘဲရှိနေကြစဉ် –

"ငါ မရှင်းတာလေးရှိလို့ မေးစမ်းပါရစေဦး"

"ကဲ . . . မေး"



www.burmeseclassic.com

www.burmeseclassic.com



"အခု ဦးသိန်းထိုက်နဲ့ သူတပည့်နှစ်ယောက် သေပြီဆို တော့"

"သေတော့ ဖာတ်လမ်းက ပြီးသွားပြီပေါ့"

ဝင်ပြောလိုက်သူက ရွှေလပါ။

"သတ်တဲ့သူက ဘယ်သူဖြစ်နိုင်မလဲလို့ ငါစဉ်းစားနေတာ"

"မင်းက ငါ့ကို ထင်ချင်တာလား"

"ဖြစ်ချင်လည်း ဖြစ်နိုင်တာပဲလေ"

"ငါကလည်း တကယ်ဖြစ်ချင်တာ။ ဒါပေမဲ့ ဖြစ်ခွင့်မရလိုက် တဲ့အတွက် မကျေနပ်ဘူး"

"ဂီတ"

လက်မောင်းကို ခပ်တင်းတင်းဆုပ်ပြီး ဖိုးဖိုးခေါ်လိုက်၏။ အခု ဖိုးဖိုးနဲ့ဂီတ ချစ်သူတွေဖြစ်သွားကြပြီဆိုတော့ သူတို့နှစ်ယောက်ကြားမှာ ဘယ်လိုအခက်အခဲ အတားအဆီးမှ မရှိစေချင်။ ရှိရင်လည်း နှစ် ယောက်အတူ လက်တွဲပြီး ဖြေရှင်းလို့ရတဲ့ကိစ္စပဲ ဖြစ်စေချင်သည်လေ။

"ပြီးခဲ့တာတွေ မေ့ထားလိုက်ပါတော့ ဂီတရယ်နော်။ ကာကာ့အပေါ် လက်စားချေဖို့ မကြိုးစားပါနဲ့တော့"

"ဟုတ်တယ် ဂီတ၊ မကောင်းခဲ့တဲ့အတိတ်ချိုးကို နင် အနာ ဂတ်အထိ သယ်မသွားသင့်ဘူး"

"ယုတ်မာတဲ့လူတွေလည်း သူ့စရိတ်နဲ့သူ သွားပြီပဲဟာ"





တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတော့ ဂီတခေါင်းညိတ် ရင်း ဖိုးဖိုးလက်ကို ဆုပ်ကာ ပြုံးပြလိုက်သည်။ မိန်းမတစ်ယောက်နဲ့ ချိန်မိုက်ဖို့အထိတော့ ဂီတ မညံ့ပါဘူး။

"ကဲ ... ကန်တင်းကိုသွားကြမယ်"

"ယူ"

"ဟင် ... ဘာလဲ"

"သူတို့ကို အားမကျဘူးလား"

"ဘာ"

"နင်နဲ့ငါလည်း"

"ခွေးကောင် ရွှေလ ... ကဲ"

ယုက ထုလေတော့ ရွှေလ ကျောကော့၍ ပြေးလေတော့ သည်။ ကာကာကတော့ ဘယ်လိုနေမည်မသိ။ သူတို့ကတော့ ပျော်လို့ ရွှင်လို့ပါ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဖုန်းထဲက အင်္ဂလိပ်သီချင်းသံထွက်လာသဖြင့် မှူးဇေ ကိုင်
လိုက်၏။ ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ သူ မသိပေ။

"ဟယ်လို"

"မှူးဇေ ငါပါကွ"

"ဟင် ... ဘယ်သူလဲမသိဘူး"

"ငါ သီဟပါ"

"ဗျာ"

ဘယ်လိုမှ ထင်မှတ်မထားတာကြောင့် မှူးဇေ အံ့သြသွား
သည်။





"ကိုကြီး"

"မင်း အံ့သြသွားလား"

"အံ့သြတာပေါ့ ကိုကြီးရာ။ ကိုကြီး ကျွန်တော့်ဆီကို ခုလို ဖုန်းဆက်လိမ့်မယ်လို့ လုံးဝကို ထင်မထားတာ။ ကိုကြီး ဘာပြောစရာ ရှိလို့လဲ ပြောလေ"

"မင်း ဒီနေ့အားလား"

"မအားလည်း အားပေးပါ့မယ်"

"ဒါဆို မင်းတို့ အိမ်ကိုလာခဲ့ပါလား မှူးဇေ"

"ကိစ္စရှိလို့လား ကိုကြီး"

"ဟုတ်တယ်၊ မင်းကို ငါ ပြောစရာရှိလို့"

"ဘယ်အချိန် လာရမလဲ"

"ဖြစ်နိုင်ရင် ခုပဲလာခဲ့လေ"

"ကောင်းပြီ ... ဒါဆို ကျွန်တော် ခုပဲ လာခဲ့ပါ့မယ်"

"ကျေးဇူးပဲ မှူးဇေ"

ကိုကြီးသီဟခေါ်တာမို့ မှူးဇေ ချက်ချင်းပဲ အဝတ်အစားလဲပြီး ထွက်လာခဲ့လေလျှင် –

"ကိုကို"

"ဟော"

သူ့အနားသို့ ပြေး၍ရောက်လာကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ"

"ချင်းချင်းတို့အိမ်ကို"

"ဖိုးဖိုးလည်း လိုက်မယ်"

"မလိုက်နဲ့"

"ဟာ ... မရဘူး၊ လိုက်မှာပဲ"

"ခြူးဖြ"

"ကိုကို"

"နင်က ဘာလို့လိုက်ချင်တာလဲ"

"လိုက်ချင်လို့ပေါ့"

"ကဲ ... လိုက်ဟာ လိုက်"

"ဟေး ... ဒါမှ တို့ကိုကိုကွ"

ခြူးဖြက အဝတ်ပင်မလဲဘဲ သူ့လက်မောင်းကို တွဲခိုရင်း ပါလာသည်။ မှူးဇေ စိတ်ထဲမှာမတင်မကျတော့ ဖြစ်မိ၏။ ကိုသီဟ ဘာလို့ သူ့ကိုအရေးတကြီးခေါ်ရတာလဲ။

"ကိုကို"

"ဟင်"

"ကိုကိုနဲ့မမချင်းချင်း အဆင်ပြေသွားပြီလား"

"မပြေသေးဘူး"

"ဟင် ... ခုထိ မပြေသေးဘူးလား"





"ခြူးဖြ"

"ရှင်"

"ဒီမှာ ငါ ခေါင်းစားနေတာနော်။ ပါးစပ်ကိုပိတ်ပြီး တိတ်တိတ်လိုက်စမ်းပါ"

"ကိုကိုကလည်း"

"မတိတ်ဘူးလား"

"တိတ်ပြီ ... တိတ်ပြီ"

ဖြဖြက သူ့မပါးစပ်ကို လက်ကလေးနှင့်ပိတ်ပြီး တိတ်သွားလေသည်။ မှူးဇေလည်း ကားမောင်းရင်း တောင်တွေးမြောက်တွေး ပါပဲ။ သူကသာ မျက်နှာချိုသွေးကာလိုက်ရောနေရပြီး ကိုသီဟက ခပ်ရှည်ရှည်တည်တည်နှင့်သာ။ သူ့ကို မျက်နှာသာမပေးပေ။

အခု –

ကိုသီဟကိုယ်တိုင် လိုလိုချင်ချင် ခေါ်တာဆိုတော့ ထူးဆန်း မနေဘူးလား။

"ခြူးဖြ"

"ကိုကိုခေါ်လို့ ထူးတာနော်"

"အေးပါ"

"ပြော"

"နင်နဲ့ဂီတာ အခြေအနေကရော ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူတွေ ဖြစ်နေကြပြီလေ"

"ဟင်"

သူတို့မောင်နှမက အဲဒီလိုပွင့်လင်းသူတွေပါ။

"မြန်လိုက်တာ"

"အံမယ် . . . ကိုကိုတို့အဆင်မပြေသေးတိုင်း သူများတွေကို အပြစ်မမြင်ပါနဲ့နော်"

မျက်စောင်းထိုးကာ ပြောလိုက်တဲ့ညီမဖြစ်သူ၏စကားကြောင့် ပြုံးလိုက်မိသည်။ ကိုယ့်နှလုံးသားရေးကတော့ ဘယ်အခါများမှ အဆင်ပြေပါလိမ့်မယ်နော်။

❑ ❑ ❑

## အခန်း (၃၂)

သီဟာကိုကြည့်နေတဲ့ ငုဝါရဲ့မျက်ဝန်းအိမ်မှ မျက်ရည်ဥတို့ အလိပ်လိပ် ပြိုဆင်းလာသည်။ သူနဲ့ကိုယ်ဟာ သူငယ်ချင်းလည်းမက ချစ်သူလည်းမကျ အခြေအနေမှာ အပြစ်တင်စကားတွေဆိုပြီး ဖက်ငိုလို့လည်းမရ။

"ငါ ငါ နင့်ကိုကူညီလိုက်တာ ချောက်ထဲတွန်းချသလို ဖြစ်သွားပြီ သီဟာရယ်"

"ငုဝါ"

"ဒီလိုမှန်းသိရင် ငါ မကူညီခဲ့ပါဘူး။ ခုတော့ နင်အရှုံး ရှုံးနေတော့... ခုတော့ နင်အရှုံး ရှုံးနေတော့ ရှုံးနေတော့ ... ခုတော့ နင်အရှုံး ရှုံးနေတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မဖြစ်သာလို့ လုပ်လိုက်ရတာပါ။ အခုဖြစ်လာမယ့် ပြဿနာကို ငါရင်ဆိုင်မယ်"

"နင်က နင်ပဲပေးဆပ်ပြီး ပေးတာကိုကျ မယူချင်တဲ့လူ။ အခု နင့်ကြောင့် ငါ ဘယ်လောက်ခံစားနေရလဲ နင်သိလား။ ငါ့ကိုကျ နင် နည်းနည်းလေးမှ ငဲ့ညှာဖော်မရဘူး။ ဖီး ဟီး"

ကိုယ့်ဘက်ကို ယိုင်ကျလာတဲ့ ငုဝါကိုယ်လေးကို သီဟ အလိုက်သင့် ပြန်ဖက်ထားလိုက်သည်။ ငုဝါဆိုတာ သူ့ရင်ထဲမှာ တစ်စိတ်တစ်ဒေသအဖြစ် ရှိနေခဲ့ပေမယ့် မဖြစ်နိုင်ခြင်းအကြောင်းတရားများစွာတို့ ပေါ်ပေါက်လာခဲ့ခြင်းသည် ညီနဲ့ညီမကို ချစ်လွန်းလို့ပါ။

သူ့အရေးထက်

ကလေးတွေရဲ့ဘဝက အရေးကြီး၏။ သူ့ဘဝထက် ကလေးတွေဘဝကို ပိုပြီးမြင့်မားစေချင်တာ။ ဒါကြောင့် ဆုံးဖြတ်ခဲ့လုပ်တွေကို သူ့ရှင်းပစ်လိုက်တာလေ။

"ငုဝါ"

"နင်က ငါ့ကိုကျတော့ ဥပေက္ခာပြုတယ်။ ငါ့မေတ္တာကို တန်ဖိုးမထားဘူး"

"တန်ဖိုးထားပါတယ် ငုဝါရယ်။ ငါ့ရင်ထဲမှာ နင်ရှိပါတယ်ဟာ။ ငါ့ဘဝမှာ ချင်းချင်းနဲ့ဂီတပြီးရင် အချစ်ရဆုံးလူက နင်ပဲ ငုဝါ"

"ဟင်"





"ဒါပေမဲ့ ... ဘယ်လိုမှမဖြစ်နိုင်ဘူးလေ"

"သီဟရယ်"

ငုဝါ ရင်ကွဲရပြီ သီဟရယ်။ တစ်ဖက်သတ်ဘဝနဲ့ ကြိတ်ချစ်လာပြီး အခု မျှတမှုရှိကာနီးကျမှ ခွဲရဦးတော့မည်။

"မောင့်သီဟ"

"ဟင်"

"ဦးသိန်းထိုက်နဲ့ သူ့တပည့်နှစ်ယောက်ကို သတ်တဲ့အမှုအတွက် အဖမ်းခံပါ"

"သီဟ"

လက်ကို တင်းနေအောင်ဆုပ်ထားတဲ့ ငုဝါမျက်နှာကို အတန်ကြာအောင် သီဟ စိုက်ကြည့်နေမိ၏။ ဒါ နောက်ဆုံး နှုတ်ဆက်ခြင်းပါလေ။ ရေစက်မကုန်ရင်တော့ နောင်တစ်ချိန်မှာ ပြန်တွေ့ကြတာပေါ့။

သီဟ –

သူ့လက်ကိုဖိဆုပ်ထားတဲ့ ငုဝါလက်ကလေးကို နမြောစွာနှင့် ဖယ်ချလိုက်၏။

"ကျွန်တော် အဖမ်းခံဖို့ အဆင်သင့်စောင့်နေတာပါ"

"သူ့ကိုလက်ထိပ်ခတ်လိုက်"

သီဟ လက်နှစ်ဖက်ကို ရှေ့ထုတ်ပေးလိုက်စဉ် –

"ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး"

သီဟာကို အတင်းပြေးဖက်ကြတာ ဂီတနဲ့ချင်းချင်း။ ကိုကြီး အရေးတကြီးဖုန်းဆက်ခေါ်လို့ ပြန်လာခဲ့ကြတာ။

"ဟင် . . . ကိုကြီးခြေထောက်တွေ"

"အစကတည်းက ဘာမှမဖြစ်ခဲ့ပါဘူး။ ဦးသိန်းထိုက်တို့အဖွဲ့ကို သတ်ချင်လို့ လူတွေမထင်မှတ်အောင် ကိုကြီးဟန်ဆောင်ခဲ့တာပါ"

"ဦးသိန်းထိုက်တို့ကို သတ်တာ ကိုကြီး"

"ဟုတ်တယ်"

"ကိုကြီး ဘာလို့ အဲဒီလိုလုပ်ရတာလဲ"

"ဂီတစိတ်ကို ငါသိတယ်။ အဲဒီလူတွေကို သူသတ်ဖို့ကြံစည်နေတာ။ ငါမသတ်ရင် သူသတ်မှာလေ။ ဂီတကို ငါ ဘာတစ်ခုမှ အဖြစ်မခံနိုင်ဘူး။ မိဘနေရာနေတဲ့ ငါ့ရဲ့မေတ္တာတရားပါ။ တို့ဘဝမှာ စစ်ခင်းနေတဲ့ သောကမြစ်တစ်စင်းကို ကိုကြီးရဲ့ချစ်ခြင်းနဲ့ ခန်းခြောက်စေလိုက်တာပါကွာ။ ဂီတသတ်မှာစိုးလို့ ကိုကြီးသတ်လိုက်တာ။ ကျွန်တော့်ကို တာဝန်ရှိသလိုသာ လုပ်ကြပါ"

"ကိုကြီး"

"ကိုကြီးရယ်"

"ကျွန်တော် မှားသွားပြီ ကိုကြီးရာ။ ကျွန်တော့်ရဲ့အတ္တတွေ အာဃာတတွေကြောင့် ကိုကြီး ခုလို"





"ညီလေး"

"ကိုကြီး"

ခုမှ မှားမှန်းသိပြီး ဂီတ ကိုကြီးကို တင်းကျပ်စွာဖက်ထား လိုက်မိ၏။ မရှုစမ်းမဆင်ခြင်တဲ့ သူ့အတ္တတွေကြောင့် ကိုကြီး ခုလိုဖြစ်ရတာ။ သူသာ ဦးသိန်းထိုက်တို့အပေါ် အငြိုးမကြီးခဲ့ရင် ကိုကြီး ခုလို ဖြစ်မှာမဟုတ်။

"အဲဒီညက မင်းအကြံကို ကိုကြီးရိပ်မိတယ်။ ဒါကြောင့် ဦးသိန်းထိုက်ရဲ့ကားထဲမှာ ဝင်ပုန်းနေခဲ့တာ။ မင်းကိုရိုက်ပြီး လမ်းဘေးမှာထားခဲ့တာငါပဲလေ။ ငါ့သတိတစ်ချက်လွှတ်သွားတယ်ကွာ။ ကားပေါ်မှာ မင်းစီးလာတဲ့ ဖိနပ်တစ်ဖက်ကျန်ခဲ့တာကို မသိလိုက်ဘူး။ အဲဒါကြောင့် မင်းလို့ထင်နေပြီး မင်းနောက်ကို လိုက်နေကြတာ"

"ဟင်"

"ကြာလာရင် မင်း ပညာရေးအတွက် အနှောင့်အယှက်ဖြစ်မှာစိုးလို့ ငါ ခုလို ဝန်ခံပြီး အဖမ်းခံတာပါ"

"ကိုကြီးရယ်"

"ပြီးတော့ ဦးရင်မောင်နဲ့ ဦးအောင်ထွန်းကိုလည်း သွားသတ်ခဲ့တယ်။ ကျွန်တော့်ကို ဖမ်းကြပါဗျာ၊ ဖမ်းကြပါ"

ချင်းချင်းနဲ့ဂီတက သီဟာကို တစ်ယောက်တစ်ဖက် ဖက်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် . . . မှုံးဇော်တို့မောင်နှမလည်း ရောက်လာကြပြီး –

"ဟာ . . . ကိုကြီး ဘယ်လိုဖြစ်ကြတာလဲဗျာ"

"မှုံးဇော်"

"ပြောပါဦး ကိုကြီးရာ။ ဘယ်လိုဖြစ်တာလဲ"

"ပြောပြဖို့ အချိန်မရတော့ဘူး မှုံးဇော်။ မင်းကိုခေါ်လိုက်တာ မင်းနဲ့ချင်းချင်းကို သဘောတူတဲ့အကြောင်း ပြောမလို့ပါ။ မင်းက အားကိုးထိုက်တဲ့ယောကျ်ားကောင်းတစ်ယောက်ဆိုတာ ငါ သိပါတယ်။ ဒါကြောင့် ချင်းချင်းကို မင်းလက်ထဲ အပ်ခဲ့ပါရစေ"

"ကိုကြီး"

"ငါ စိတ်ချရမလား မှုံးဇော်"

"စိတ်ချ၊ ကျွန်တော် ကတိပေးပါတယ် ကိုကြီးရယ်"

မြင်ရတာ စိတ်မကောင်းပေမယ့် ဂုဏ်ယူ ဘာများတတ်နိုင်လို့လဲ။ ဘာများလဲလို့ ပြေးလာခဲ့တာ ဒီရောက်တော့ အမောဆို့စရာကြီးက ဆီးကြိုနေတာ။ ချင်းချင်းနဲ့ဂီတတို့မှာ မျက်ရည်တွေသာ တွင်တွင်ကျလျက် လက်သီးဆုပ်လိုက် အံကြိတ်လိုက်။ အဖေနဲ့အမေ . . . သားတို့အဖြစ်ကို လာကြည့်လှည့်ပါဦး အဖေနဲ့အမေရယ်။ ဦးသိန်းထိုက် မွေးခဲ့တဲ့မီးက အခုထိ ကောင်းနေတုန်းပါပဲ။

"ငုဝါ"

"သီဟ"





"ငါ့ညီနဲ့ညီမလေးကို နင် ငါ့ကိုယ်စား စောင့်ရှောက်ပေးပါ ငုဝါရယ်နော်"

"သီဟရယ်"

"ငါ့ကို ကတိပေးပါ"

"ကတိ . . . ကတိပေးပါတယ် သီဟရယ်။ ငါ ကတိပေးပါတယ်"

ငုဝါ ရင်ကွဲရပါပြီ သီဟရယ်။ ဟိုတုန်းကမှ မချစ်ပြင်ပြင် မကြင်နာခဲ့သည့်တိုင် စကားပြောခွင့် မျက်နှာမြင်ခွင့် ရနေသေး၏။ ခုတော့ ပြောချင်တိုင်း ပြောလို့မရ၊ မြင်ချင်တိုင်း မြင်ခွင့်မရတဲ့ နံရံလေးဘက်ကြားကို သွားရတော့မယ်။ တစ်ကိုယ်ကောင်းသမားလို့လည်း နင့်ကို ငါမပြောရက်ဘူး သီဟ။

ငါ့အပေါ် ကြင်နာဖော်မရခဲ့ပေမယ့် နင့်ညီ ညီမတွေအပေါ်မှာတော့ နင်က အနစ္စကိုထားဝင် ကျေးဇူးရှင်အဖြစ် အစ်ကိုကောင်းပီသတဲ့ တာဝန်ကျေသူတစ်ယောက်ပါ ဂီတရယ်။ နင့်အတွက် ပတ်ကြားအက်နေတဲ့ အသည်းကြားကနေ ငါဂုဏ်ယူပါတယ်။

"ငါနဲ့နင် မဆုံဖြစ်ကြပေမယ့် ငါ့ရင်ထဲမှာ နင်အမြဲရှိနေမှာပါ ငုဝါ"

"သီဟရယ်"

"ငါ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သီဟ"

"ကိုကြီး"

သီဟအကြည့်က ငုဝါဆီသို့ ရောက်သွားလေလျှင် –

"ငါ နင့်ကို စောင့်နေမယ်"

"မလွယ်ဘူး ငုဝါ။ နင် မရှုးချင်စမ်းပါနဲ့"

"သီဟ"

"ကောင်းသေ ငဆွေပေါ်တယ်တဲ့။ နင်နဲ့သင့်တော်တဲ့လူ ရွေးမှာပါ ငုဝါရယ်"

"ကဲ . . . ခေါ်ခဲ့ကြတော့"

"ကိုကြီး"

ရဲတွေက သီဟကို လက်ထိပ်ခတ်ပြီး ခေါ်သွားဖို့ပြင်လေလျှင် ဂီတနဲ့ချင်းချင်းက လက်ကိုဆွဲထားကြ၏။

"ချင်းချင်း"

"ကိုကြီး"

"ဂီတ"

"ကိုကြီး"

"လိမ်လိမ်မာမာနေကြနော်။ ကိုကြီး မရှိတော့ မင်းတို့ရှေ့ ကိုယ့်ကိုယ်ကိုယ်ထိန်းရမှာ။ လူဆိုတာ သူများပြုပြင်ပေးတာထက် ကိုယ့်ကိုယ်ကိုယ် ပြုပြင်မှရတာကွ"





"ဟုတ်ကဲ့ပါ"

"မှုးဇေ"

"ဗျာ"

"ငါ စိတ်ချမယ်နော်"

"စိတ်ချပါ ကိုကြီး"

ခပ်တင်းတင်း ခေါင်းညိတ်ပြပြီး သီဟခြေလှမ်းတွေ ရွေ့လျားသွားလေလျှင် –

"ကိုကြီး"

"ချင်းချင်း"

မှုးဇေ ချင်းချင်းကို ဆွဲထားသလို ငုဝါနဲ့ဖုံဖုံက ဂီတကို ဆွဲထားကြ၏။ သီဟ ပါးပြင်ပေါ်က မျက်ရည်တွေကို လွတ်လပ်စွာ စီးကျခွင့်ပေးလိုက်သည်။ နေရစ်ခဲ့ပါတော့ ကလေးတို့ရယ်။

ခုလို ကိုကြီးအနစ်နာခံလိုက်ရတဲ့အတွက် မင်းတို့ဘဝတွေ လှပါစေ။

"ကိုကြီး"

"ဟာ . . . ချင်းချင်း"

ချင်းချင်း အသံကုန်အော်ခေါ်ပြီးနောက် ပျော့ခွေ၍ လဲကျသွားလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း . (၃၃)

ဩော် . . . ဘာလိုလိုနဲ့ ရက်ကနေလ၊ လကနေ နှစ်ပြောင်းပြီး ဟောင်းလာခဲ့သည်နှင့်အမျှ ဂီတတောင် ဘွဲ့နှင်းသဘင်ခန်းမထဲ ရောက်ခဲ့ပါပြီ။ ဂီတဘေးမှာ ချင်းချင်း၊ မှူးဖေ၊ ခြူးဖုံနဲ့ ငှဝါတို့ပါ။

ဂီတမျက်ဝန်းမှာ မျက်ရည်တွေဝေ့လာ၏။

သူ့ဘေးမှာ ဘယ်သူတွေ ဘယ်လိုပဲ အားပေးအားပေး တစ်လောကလုံးရဲ့ လက်ခုပ်သံတွေထက် သူကြားချင်တာ ကိုကြီးနဲ့ မမရဲ့ လက်ခုပ်သံ။ ခုတော့ –

"ဂီတ"

"ဗျာ"





"စိတ်မကောင်းမဖြစ်ပါနဲ့ ငါ့ညီရာ။ မင်း ခုလိုဖြစ်တာကို မင်း ကိုကြီးသာ မြင်နိုင်ကြားနိုင်ရင် ဝမ်းသာနေမှာပါ။ ယောကျ်ားဖြစ်ပြီး ဘာလို့ငိုရတာလဲ"

"ဟုတ်သားပဲ ဂီတရယ်၊ မျက်ရည်တွေ သုတ်လိုက်နော်"

ဂီတကိုသာ ပြောရတယ် ချင်းချင်းမှာလည်း မျက်ရည်တွေနဲ့။ သူတို့ဘဝမှာ ကိုကြီးက တောင်တန်းကြီးသဖွယ် ကာရံပေးခဲ့တာ။ အခု ထိုတောင်တန်းကြီးက ပြိုသွားခဲ့ပြီ။

ငှဝါကရော –

မမေ့နိုင်ခြင်းများစွာနှင့် သီဟာနေရာမှာ ဘယ်သူကိုမှ အစားထိုးချင်ပေမယ့် လူကြီးတွေ သဘောတူတဲ့လူကို လက်ထပ်ရတော့ည်။ ဒါကို သစ္စာမဲ့ခြင်းလို့ ခေါ်ပါသလား။

"ဟော . . . ဟိုမှာ ဓာတ်ပုံဆရာ"

"တို့ စုပြီး ဓာတ်ပုံရိုက်ရအောင်"

"လာ . . . ဂီတ"

သူတို့ခွဲခေါ်လို့ ဓာတ်ပုံရိုက်ရသည့်တိုင် ဂီတ မနည်း ဟန်ဆောင်ပြီး ပြုံးနေရသည်။ ပြန်လာကြတော့ စိတ်ပြေလက်ပျောက်ဖြစ်အောင် မှူးဖေတို့ မောင်နှမက စကားတွေဖောင်ဖွဲ့လို့ရယ်။

"ကိုကို"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့မမ ချင်းချင်းတို့က ခြူးဖုံတို့နဲ့ အိမ်ခွဲနေမလို့ဆို"

"အေးလေ"

"ဘာဖြစ်လို့လဲ ခြူးဖုံတို့နဲ့နေရတာ အဆင်မပြေလို့လား"

"ပြေပါတယ်"

"ဒါနဲ့များ"

"ကိုကိုလည်း ဘယ်ခွဲချင်ပါ့မလဲ ညီမလေးရဲ့။ ဒါပေမဲ့ ... ညည်းက အငယ်ဆိုတော့ ညည်းကို ငဲ့ရတာလေ"

"ဟင် ... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ညီမလေးနဲ့ဂီတလည်း လက်ထပ်တော့မှာလေ။ အဲဒါဆို ဖေဖေ မေမေတို့နဲ့ သုံးအိမ်ထောင် ဖြစ်သွားမှာပေါ့"

"သုံးအိမ်ထောင်ဆိုတော့ရော ... ဘာဖြစ်လဲ ကိုကို"

"အချို့ အယူအဆကြီးတဲ့လူတွေက တစ်အိမ်တည်း သုံးအိမ်ထောင်မနေကောင်းဘူးတဲ့"

"ဟာ ... စည်းစည်းလုံးလုံးနေမှ ပျော်စရာကောင်းတာကို"

"တော်စမ်းပါ ခြူးဖုံရာ"

မှူးဇေလည်း တကယ်စည်းစည်းလုံးလုံးနဲ့ နေချင်ပါသည်။ ချင်းချင်းနဲ့လက်ထပ်ပြီးကတည်းက ချင်းချင်း သူတို့အိမ်မှာလိုက်နေ သည့်တိုင် ဂီတကို စိတ်ချတာမဟုတ်။ ဂီတကလည်း အတူတူနေဖို့ ခေါ်လို့မရ။





ခြူးဖုံနဲ့လက်ထပ်ပြီးရင်တော့ သူ မဖြစ်မနေ လိုက်နေရတော့မှာလေ။

ဒါကြောင့် လူကြီးတွေက သူတို့နှစ်ယောက်ကို မြန်မြန် လက်ထပ်စေချင်ခဲ့တာ။ ခုတော့ နှစ်ယောက်စလုံး အတူတူဘွဲ့ရပြီ။ အငယ်ဖြစ်တဲ့ သူတို့ကိုဦးစားပေးရမှာပေါ့။

ဒါပေမဲ့ ... ညီမဖြစ်သူကို စချင်တာကြောင့် –

"ခြူးဖုံ"

"ဟင်"

"တို့ အိမ်မခွဲဖို့က တစ်နည်းပဲရှိတယ်"

"ဘာလဲဟင်"

"နင်နဲ့ဂီတ လက်မထပ်နဲ့ပေါ့"

"ဟာ ... အဲဒီလိုတော့ ဘယ်ဖြစ်မှာလဲ။ ကိုယ်ယူပြီးတိုင်း မပြောနဲ့လေ။ မှုမှုတတ ရှိမှပေါ့"

ဒီလိုကျ ... ဂီတ ပျာပျာသလဲဖြစ်သွား၏။

"အဲဒီလောက် ဖြစ်မသွားပါနဲ့ ဂီတရယ်။ မှူးဇေက စတဲ့ ဥစ္စာ"

"ဩော် ... ခုတော့ သူ့ယောကျ်ားဘက်က နာပြီပေါ့။ ပြောတော့ ဂီတကို ချစ်လှပါတယ်ဆို"

"ကြည့် ... ကပ်ပြောပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာကပ်လို့လဲ အဝေးကြီးကို"

"ဂီတ"

"ကဲပါ မိန်းမရယ် ... ကလေးနဲ့တုရန့်ဖြစ်မနေပါနဲ့"

"ဘယ်သူက ရန်ဖြစ်နေလို့လဲ"

"မသိဘူးလေ"

သူများပြောတာတွေကိုသာ နားထောင်ပြီး ငုဝါကတော့ ဘာစကားတစ်ခွန်းမျှ ဝင်မဆိုပေ။ ပြုံးလည်းမနိုင်ပါဘူး။ ရင်ထဲမှာ မပြီးနိုင်ခြင်းအကြောင်းတရားများစွာနှင့် လာမယ့်ဆန်းဒေးကို စိတ်ပျက်နေတာ ကြိုတင်မှုများနှင့်ပေါ့။

လက်က လက်ကိုင်အိတ်ကလေးကိုဖွင့်ပြီး မင်္ဂလာဖိတ်စာကို ဆွဲထုတ်လိုက်တာ တုန်တုန်ယင်ယင်။ ဖူးစာမပါလို့ လွဲခဲ့ရရင်တောင် မမြင်သာ မခေါ်သာလို့ တော်ရာကာဇ်နေ ပြုံးနေခွင့်ရရင် တော်သေးတာပေါ့။

ခုတော့ –

ကံကြမ္မာရက်စက်သမျှ ဖက်ရှက်ကာစ ကိုယ်နင်းလိုက်ရင်နှစ်ခြမ်းကွဲကုန်သလိုပါပဲ။

သီဟရယ် ... နောင်ဘဝဆိုတာ ရှိခဲ့ရင် ...

နင်ရော ငါရော ဒီဝဋ်ကြွေးမျိုးနဲ့ ကင်းပါရစေ။ အချစ်ဆိုတာ ငုဝါအတွက် တစ်ခါချစ်တာနှင့် တစ်ခါနစ်ခဲ့ရသည့်အဖြစ်မျိုး။





"မှူးဇေ"

"ဗျာ"

"ရှေ့နားမှာ ကားရပ်ပေးနော်"

"ဘာဖြစ်လို့လဲ မမငုဝါ"

"ဆင်းမလို့လေ"

"အိမ်ရောက်အောင် လိုက်ပို့ပေးမှာပေါ့ မမငုဝါရဲ့"

"ရပါတယ် ... မမ သွားစရာလေး ရှိသေးလို့ပါ"

"ဩော် ... ဟုတ်ကဲ့"

မှူးဇေ ကားရပ်လိုက်တော့ ငုဝါ ကားပေါ်ကဆင်းပြီး ချင်းချင်းကို ဖိတ်စာလေး ကမ်းပေးလိုက်ကာ –

"ချင်းချင်း"

"ရှင်"

"ရော့ ... ဒါ မမရဲ့မင်္ဂလာဖိတ်စာပဲ"

"ဟင်"

"လာဖြစ်အောင် လာခဲ့ကြနော်"

"ဟုတ်"

ငုဝါရဲ့အပြုံးက ညှိုးဖျော့မှေးမှိန်နေ၏။ သူမချစ်သောသူနှင့် ကွေကွင်းရသည့်ဒုက္ခကို ခံစားခဲ့ရပြီးပြီ။

အခု မချစ်သောသူနှင့် ပေါင်းသင်းရမည့်ဒုက္ခကို မကြာတော့



www.burmeseclassic.com

www.burmeseclassic.com



သည့်ကာလမှာ ခံစားရဦးတော့မည်လေ။

"ချင်းချင်းတို့ သွားမယ်နော် မမ"

"ကောင်းပါပြီကွယ်"

ပြုံးပြနှုတ်ဆက်လိုက်ပြီး ကားလေးထွက်သွားတာနှင့် မျက်ရည်က ဖြိုက်ခနဲကျလာသည်။ ရင်ထဲဆို့နစ်ကြေကွဲမှုတွေက တစ်ယောက်တည်းသိပြီး နုတ်သီကြားတွေကိုသာ တိုင်တည်လျက်။

သီဟရယ် ...

ငါ့ဘဝကို တစ်ပါးသူရင်ခွင်ထဲ အပ်နှံပိုင်ဆိုင်ခွင့်ပေးရတော့မှာပေမယ့် ငါ့နှလုံးသားရဲ့နေရာတိုင်းမှာတော့ နင်မှနင် ရှိနေပြီး နင့်ကို လွမ်းဆွတ် တမ်းတ သတိရနေမှာပါ။

ငါ့ကို ခွင့်လွှတ်ပါ။

ငါ့နှလုံးသားကတော့ နင့်အပေါ် သစ္စာကြီးစွာနဲ့ ထာဝရ ချစ်သွားမယ်ဆိုတာ နင်ယုံကြည်ပေးပါ အချစ်ရယ်။

ပရိသတ်များကို ထာဝရလေးစားလျက် ...

မိုးစက်ပွင့်



၂၀၁၅ နိုဝင်ဘာလတွင်

ဖတ်နိုင်ပါပြီ

မမသဒ္ဒါမောင်

ကြယ်တွေကြွေတဲ့ည

ကြယ်စင်မှူးဝေ

မာယာအသဲ၏

မိုးစက်ပွင့်

ပိတောက်နီမှ မှုန်းမယ်ဆို

အလင်းသစ်

သူငြိုးလေသမျှ

လှိုင်းကြာဖြူ (လားရှိုး)

ကြေကွဲနေ့ရက် အဆုံးသတ်

www.burmeseclassic.com